မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

သီလ၊ သမာဓိဖြင့် တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏

သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုမှတ်နေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည်မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၀)

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ တနလင်္ဂနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၃၆)

ယူနက်စကိုစံနှုန်းဖြင့် ငလျင်ဒဏ်ခံ ချောင်းဦးမြို့နယ် အနိမ့်အမြင့်ဒေသ ဘုရားစေတီများကို ပြုပြင်တည်ဆောက်

ချောင်းဦး စက်တင်ဘာ ၄

သြဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ချောင်းဦးမြို့နယ်အမြင့်ဒေသနှင့် အနိမ့်ဒေသပျက်စီးမှုရှိသော စေတီပုထိုးများကို ယူနက်စကို စံနှုန်းဖြင့် ပျက်ပုံအတိုင်း ဆက်လက်မပျက်စီးစေရန် ထိန်းသိမ်းမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်ကိုင်းတိုင်းဒေသကြီး)ဦးစီးမှူး ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

"ယူနက်စကို စံနှုန်းဆိုတာ ပျက်စီးတာကို ပျက်ပုံအတိုင်း ဆက်ပြီးမပျက်အောင် ထိန်းသိမ်းရေးလုပ်တာကို ခေါ်ပါတယ်။ စံနှုန်းအနေနဲ့ မူလအစစ်အမှန်ဖြစ်ဖို့ လိုသလို မူလရုပ်ဝတ္ထုအတိုင်း အုတ်ဆိုရင် အုတ်၊ သံဆိုရင် သံ စသဖြင့် မူလအတိုင်း ထိန်းသိမ်းတည်ဆောက်ဖို့အရေးကြီးပါတယ်။ အရင်က အုတ်နဲ့တည်ဆောက်တာကို တခြားသစ်၊ သံ စတာတွေနဲ့ အစားထိုးတည်ဆောက်လို့မရပါဘူး။နောက်ပြီး ရှေးမူမပျက်ထိန်းသိမ်းရေးလုပ်ငန်း ကျွမ်းကျင်တဲ့လုပ်သားလည်း လိုသလို ရှေးခေတ်တည်ဆောက်ထားတဲ့အတိုင်း ရှေးမူမပျက် တည်ဆောက်ဖို့ကလည်း အင်မတန်အရေးကြီးလှပါတယ်။ အဲဒီအချက်တွေနဲ့ကိုက်မှသာ ယူနက်စကို စံနှုန်းနဲ့ကိုက်မှာ ဖြစ်ပါတယ်" ဟု ဒေါက်တာ သန်းထိုက်က ရှင်းပြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

စာမျက်နှာ-၃

ငါးသိုင်းချောင်းမြို့၌ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိ

ရေကြည် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်အတွင်း၌ ပြီးခဲ့သည့် ဇူလိုင်နှင့် သြဂုတ်လအတွင်းက ဝန်မြစ်၊ ဒါးကမြစ်နှင့် ကြိမ်ချောင်းများ ရေကြီးရေလျှံခဲ့မှုကြောင့် ရေဘေးကြုံတွေ့ခဲ့ရပြီး ယခုအခါ ရေကျသွားပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူလူထုနှင့် အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်နှင့် သြဂုတ်လအတွင်း ဝန်မြစ်ရေကြီးမှုကြောင့် ဝန်မြစ်ကမ်းဘေး ငါးသိုင်းချောင်းမြို့၊ မြေနိမ့်ပိုင်းရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၇ စု ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၂၉ ခုတွင် ရေဘေးရှောင် ဒေသခံပြည်သူ ၃၄၉၅ ဦး ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရပြီး အခြေခံပညာကျောင်းပေါင်း ၅၅ ကျောင်းကို ယာယီပိတ်ထားခဲ့ရသည်။ လက်ရှိအချိန်တွင် ဝန်မြစ်ရေမှာ စိုးရိမ်ရေမှတ်အောက်

စာမျက်နှာ ၇ ကော်လံ ၄ ◆

ရေဝင်နစ်မြုပ်ခဲ့သော ရပ်ကွက်အတွင်း လမ်းကို ပြည်သူအများ စုပေါင်းပြုပြင်နေကြစဉ်

AUNG NAING SCHOOL OF ACCOUNTANCY

ဦးအောင်နိုင်

(ရှေတံဆိပ်ဆရာ-CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

U Aung Naing-LCCI(official page), ASA aung naing

LCCI & ACCA

စာရင်းကိုင်သင်တန်းများ

for 2017, April Exam

ခုနှံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ

LCCI International Qualifications Approved Centre

အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

မြန်မာ့အလင်း

ပြည်သူက ဆုံးဖြတ်မယ့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံအောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဤညီလာခံကြီးကို ကျင်းပရန်အတွက် အစိုးရဘက်မှ အားစိုက်ခွန်စိုက်ကြိုးစားခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ဤ ညီလာခံသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြားပါဝင်သင့်သူများ စုံညီစွာပါဝင်တက်ရောက်ခဲ့ကြသည်ကိုလည်း အားရဖွယ်ရာ တွေ့မြင်ကြရပါသည်။

ညီလာခံဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်မိန့်ခွန်းပြောကြားပြီး လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားလက်နက်ကိုင်များမှ ကိုယ်စားလှယ်နှစ်ဦးစသည်တို့ကကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည့်အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းကိုယ်တိုင်တက်ရောက်စကားပြောကြားခဲ့ခြင်းကလည်း ညီလာခံကို ပိုမိုထူးခြားစေခဲ့သည်။

ဤညီလာခံမှာ ပြီးခဲ့သည့်အစိုးရလက်ထက် နေ့နဝါရီလအတွင်းက ကျင်းပခဲ့သည့် ညီလာခံထက်ပို၍ လူစုံပါဝင်လာသလို ပိုမိုကွဲပြားခြားနားသော အမြင်များကိုလည်း တင်ပြခဲ့ကြသည်ကို တွေ့ရသည်။ ညီလာခံနှစ်ခုတွင် တင်ပြခဲ့သော သဘောထားအမြင်များ၊ အချက်အလက်များသည် လာမည့်အမျိုးသားအဆင့် ဆွေးနွေးပွဲများအတွက် ဆွေးနွေးရန်အကြောင်းအရာများဖြစ်လာမည် ဖြစ်သည်။

ယခုညီလာခံ၏ ထူးခြားမှုတစ်ခုကိုဖော်ပြရလျှင် ညီလာခံကျင်းပပုံကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်လွှင့်ထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ လွှင့်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီညီလာခံကြီးအတွင်းမှာ ဆွေးနွေးခဲ့သော အကြောင်းအရာအားလုံးကို ပြည်သူများသိအောင် လွှင့်ထုတ်ပေးကြောင်း၊ ထိုသို့ လွှင့်ပေးခြင်းအားဖြင့် ပြည်သူလူထုဟာ ငြိမ်းချမ်းရေးညီလာခံထဲမှာ မဖြစ်မနေပါဝင်ရမယ့် ပုဂ္ဂိုလ်များဖြစ်တယ်ဆိုတာကို နားလည်စေချင်ကြောင်း" ညီလာခံပိတ်ပွဲ မိန့်ခွန်းမှာ ထည့်သွင်းပြောဆိုခဲ့ပါသည်။ ဆက်လက်ပြီးတော့ ငြိမ်းချမ်းရေးရဖို့ ဘယ်လိုအခက်အခဲတွေ ကျော်လွှားဖို့ လိုမလဲဆိုတာ နားလည်စေချင်ကြောင်း၊ အခက်အခဲတွေ ရှိတယ်ဆိုတာသိမှ ဒီအခက်အခဲတွေကို ဘယ်လိုကျော်လွှားရမလဲဆိုတဲ့အဖြေကို ရှာနိုင်မှာဖြစ်ကြောင်း ပြောကြားသွားသည်။

ယခုညီလာခံနှင့်ပတ်သက်၍ လူထု၏စိတ်ဝင်စားမှုနှင့်မျှော်လင့်ချက်မှာ ယခင်ကာလများကထက် မြင့်တက်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဆယ်စုနှစ်များစွာ ပြည်တွင်းမငြိမ်းချမ်းမှုများ၏ ဒဏ်ကိုခံရသူများမှာ မြန်မာပြည်ရှိ မိသားစုတိုင်းလောက်ပင် ဖြစ်နိုင်ပါသည်။ စစ်မက်ဖြစ်ပွားရာဒေသများက ပို၍ခံစားရသည်။ ထို့ကြောင့် ညီလာခံအဖွင့်မိန့်ခွန်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များအရေးကို မမေ့ဖို့လိုကြောင်းပြောကြားခဲ့ပြီး မစ္စတာ ဘန်ကီမွန်းကလည်း ပြည်တွင်းဒုက္ခသည်များအရေးအား ပြောကြားခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့်ပင် ညီလာခံအရေးသည် ပြည်သူတစ်ရပ်လုံးနှင့် ဆိုင်သော ပြည်သူ့အရေးဟုပင်ဆိုရပါမည်။ ညီလာခံကို ခြောက်လတစ်ကြိမ်ကျင်းပမည်ဖြစ်ရာ ကြားကာလတွင်းကျင်းပမည့် အမျိုးသားအဆင့်ဆွေးနွေးပွဲများတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့်လူထုကိုယ်စားလှယ်များ အကျယ်အပြန့် ပါဝင်ရန်လိုအပ်နေပါသည်။ ညီလာခံတွင် အစုအဖွဲ့အသီးသီးမှ တင်ပြလိုက်သော အကြောင်းအရာများထဲမှ ဘုံသဘောတူညီချက်ရနိုင်သော ကိစ္စရပ်များကို ဦးစွာရွေးချယ်၍ဆွေးနွေးရန်လိုအပ်ပါသည်။ ဤနေရာတွင် မြေပြင်လက်တွေ့အခြေအနေများကို အမှန်တကယ်သိသော အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုကိုယ်စားလှယ်များ၏ အမြင်များသည် အရေးပါလာမည်ဖြစ်ပါသည်။ နောက်တစ်ဆင့် ညီလာခံကျင်းပရေးမှာ ကြားကာလတွင် လူမျိုးအလိုက်၊ နယ်မြေအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲရလဒ်များအပေါ်တွင် မူတည်နေသည်။ ထိုရလဒ်များဖြင့်သာ နောက်တစ်ဆင့်မြင့်သော ညီလာခံကို ကျင်းပနိုင်မည်ဖြစ်ပါသည်။

သဘောထားအမြင် ကွဲလွဲခြင်းများသည် ကြောက်စရာမဟုတ်ကြောင်း၊ ပြဿနာကိုစိုးရိမ်စရာမရှိဘဲ၊ ပြဿနာမရှိချင်ယောင် ဆောင်ခြင်းကသာ စိုးရိမ်စရာဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ ပြည်သူများက နားထောင်နေသည်။ မျှော်လင့်နေကြသည်။ သုံးသပ်နေကြသည်။ နိုင်ငံအတွက် အဓိကစေတနာထားပြီး ကြိုးစားမယ်ဆိုတာကို ပြည်သူများက ဆုံးဖြတ်မှာဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်က ဆုံးဖြတ်ရမှာမဟုတ်ကြောင်းကိုလည်း အပိတ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဝန်ဆောင်မှုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာအသိပညာပေး

ဧီးကုန်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်က သာယာဝတီခရိုင် ဧီးကုန်းမြို့နယ်ခန်းမဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက်က တက်ရောက်ရှင်းလင်းပြောကြားသည်။

ယင်းအသိပညာပေးဆွေးနွေးပွဲ၌ ပြောင်းလဲလာသော ရဲလုပ်ငန်းစနစ်အကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး မူးယစ်ဆေးဝါးများနှင့် လောင်းကစားမှုများအား ထိရောက်စွာအရေးယူဆောင်ရွက်မှုတို့ကို မှာကြားသွားသည်။ အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးနှင့် ကြိုပင်ကောက်၊ နတ်တလင်း၊ ဧီးကုန်းမြို့နယ်တို့မှ ရဲတပ်ဖွဲ့မှူးများ၊ အရာရှိ ၄၂ ဦးနှင့်အခြားတပ်ဖွဲ့ဝင်အဆင့် ၂၆၆ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုသက်(ဧီးကုန်း)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး

နေပြည်တော် စက်တင်ဘာ ၄

ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ သိရှိစေရန်အတွက် ဥတ္တရခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ကြီးမှူး၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက်က ဥတ္တရသီရိမြို့ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

နေပြည်တော် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့မှ ရဲအုပ်ရဲဝင်းလွင်က လူမှောင်ခိုကူးမူအကြောင်း၊ ရွှေ့ပြောင်းလုပ်သားအကြောင်းအရာ၊ လူကုန်ကူးမှု၏ နောက်ခံသမိုင်း၊ လူကုန်ကူးမှုပြစ်ဒဏ်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးအကြောင်းအရာများကို ဟောပြောရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်လှနှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၁၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ထင်သာမြင်သာပြုပြင်စရာ

အန္တရာယ်ရှိသော ရထားသံလမ်းကူးတံခါးအမြန်ပြုပြင်ပေးရန်လို

နေပြည်တော် ပျဉ်းမနား ရွာကောက်ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ အုန်းတော ရွာကောက်ရထားသံလမ်း ဂိတ်တံခါးပျက်စီးနေမှုအား စက်တင်ဘာ ၃ ရက်က တွေ့ရသည်။

အဆိုပါနေရာသည် ပျဉ်းမနား မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၌တည်ရှိပြီး အချက်အချာကျသော နေရာတွင်ရှိ၍ နေ့စဉ်ယာဉ် အသွားအလာများသော နေရာဖြစ်သည်။

"တံခါးကကျိုးပြီး အသုံးပြုလို့ မရတော့ ရထားသံလမ်းဂိတ်ပိတ်တဲ့ ဝန်ထမ်းက တစ်ခြမ်းပဲပိတ်တယ်၊ မပိတ်ထားတဲ့ဘက်ကို ဆိုင်ကယ်တွေက ဝင်ချင်ကြတယ်။ ဒီနေရာမှာက ရထားနဲ့ကားမတော်တဆထိခိုက်မှုတွေဖြစ်ဖူးတယ်။ ကြိုတင်ပြုပြင်ပြင်ဆင်မှုမရှိရင် မလိုလားအပ်တဲ့ ယာဉ်မတော်တဆထိခိုက်မှုတွေ ဖြစ်လာနိုင်တယ်" ဟု သံလမ်းဂိတ်အနီးရှိ ဆိုင်ကယ်ပွဲစားတန်းမှ ရောင်း/ဝယ် ကိုဘစံကပြောသည်။

ယခု ရထားသံလမ်းကူးတံခါး အသုံးပြုမှု၊ ပြုလုပ်၍မရသည်မှာ သုံးရက်ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၄-၉-၂၀၁۶ ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁۶ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၉၀၀၀
မန္တလေး	၁۶ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၉၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၂	၅၂၀ / ၅၄၀ ကျပ်
အောက်တိန်း ၉၅	۶၀၀/ ۶၂၀ ကျပ်
ပရီမီယံဒီဇယ်	၅၅၀ / ၅၈၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၀.၀
ဥရောပ	တစ်ယူရို	၁၃၅၅.၀
စင်ကာပူ	တစ်ဒေါ်လာ	၈၈၈.၃၃
ထိုင်း	တစ်ဘတ်	၃၄.۶۶
အိန္ဒိယ	တစ်ရူပီး	၁၈.၀၂
တရုတ်	တစ်ယွမ်	၁၈၁.၁۶
မလေးရှား	တစ်ရင်းဂစ်	၃၀၁.၁۶

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶၇-၃۶၁၄၂၂၊ စာတည်းအဖွဲ့ ၀۶၇-၃۶၁၄၄၅၅၊ ဖက်စ် ၀۶၇-၃۶၁၄၄۶၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅۶၆၂၂၀၊ ၀۶၇-၃۶၁၄၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈۶၀၄၅۶۶။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရူနိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘရူနိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာရာ ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဘရူနိုင်းတပ်မတော် ရေတပ်ဦးစီးချုပ်နှင့် ဇနီး၊ ပူးပေါင်းတပ်ဖွဲ့ဦးစီးချုပ်နှင့်ဇနီး၊ ဘရူနိုင်းတပ်မတော်မှ အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဘရူနိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အား ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Mohd Tawih bin Abdullah နှင့် ဇနီးတို့က စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ဘရူနိုင်းနိုင်ငံ The Empire Hotel and Country Club ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဘရူနိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Paduka Seri Mohd Tawih bin Abdullah နှင့် ဇနီးတို့က စက်တင်ဘာ ၃ ရက် ညပိုင်းတွင် ဘရူနိုင်းနိုင်ငံ The Empire Hotel and Country Club ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုကြစဉ်

ရန်ကုန်တိုင်းဒေသကြီးရှိ လမ်း၊တံတားများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အောင်ဇေယျတံတားသို့ရောက်ရှိပြီး တာဝါတိုင်၊ ကြိုးထိန်းခုံ၊ ကြိုးဆိုင်းများနှင့် တံတားကိုယ်ထည်တို့၏ ကြံ့ခိုင်မှုအခြေအနေတို့ကို တံတားတစ်လျှောက် အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၃)မှ အင်ဂျင်နီယာများ J&M Steel Solutions Co;Ltd မှ ပညာရှင်များက တံတား၏ကြံ့ခိုင်မှုနှင့် ပြင်ဆင်ထိန်းသိမ်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ထို့နောက် လှိုင်သာယာ-တွံတေး-ကော့မှူး လမ်းပေါ်ရှိ တွံတေးကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ ဒလ-သခွပ်-လက်ခုပ်ကုန်းလမ်း၊ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း၊ ကွမ်းခြံကုန်း-တောင်ခရမ်းအနောက်-ဘိုဒင်လမ်းနှင့် မကျီးကန်-ငှက်အော်စမ်း- ကျိုက်ထော်လမ်း အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန် ပြုပြင်ထိန်းသိမ်းရေးအပိုင်းအား အထူးအလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ရှေ့ပြည်သာတံတားသို့ ရောက်ရှိပြီး တံတားကြီး၏ကြံ့ခိုင်မှုနှင့်ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ အမှတ်(၄) လမ်းမကြီးပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရေတွင်းကုန်း-မြို့ချောင်း -တော်လတီ -ရွာသာလမ်းပေါ်ရှိ လှိုင်မြစ်ကူးတံတား (မြို့ချောင်း)ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း ၊ သဘာဝဘေးဒဏ်ကြောင့် တံတားချဉ်းကပ်လမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့်မိုင်တိုင်အမှတ်(၂၁/၄)မှ(၂၂/၀)ကြားတွင် ကွန်ကရစ်လမ်းနှင့်လမ်းတံတားရိုးအား ရေကျော်ပြီး လမ်းပျက်စီးသည့်အပိုင်းတွင် ကျောက်များဖြည့်ခြင်း၊ သဲအိတ်ဖြည့်ခင်းခြင်းနှင့်လမ်းပခုံးပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ရေကြီး၊ ရေလျှံမှုကြောင့် ပျက်စီးသွားသော တိုက်ကြီး-ဥတိုး-ချောင်းသုံးခွ-အဖျောက်လမ်း ပြန်လည်ပြုပြင်ထားရှိမှု၊ အဆိုပါလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀)ပျက်စီးသွားသည့်နေရာတွင် လမ်းလွှဲဘေလီတံတားတည်ဆောက်နေမှုနှင့် မိုင်တိုင် (၅/၁)မှ (၅/၅) အတွင်း တည်ဆောက်ပြီးစီးသည့်တံတားအမှတ် (၁/၆) ရွာသာတံတားအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပျက်စီးသွားသည့်တံတားများနှင့် လမ်းအပိုင်းတို့ကို အမြန်ဆုံးပြုပြင်ပေးရန်၊ ယာယီလမ်းလွှဲဘေလီတံတားဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ငလျင်လှုပ်အပြီးတွင် ချောင်းဦးမြို့နယ် အမြင့်ဒေသမှဘုရား အမှတ် အမ - ၁၃၅၅၊ အမ-၀၆ ၂ အမ-၀၈၆၊ အမ-၀၀၄၊ အမ- ၀၃၄၊ အမ-၀၅၉ ၊ အမ-၀၆၁ နှင့် အမ-၀၃၉ စသည့် စေတီရှစ်ဆူမှ မှခ်ပြုခြင်းများ ရှိသကဲ့သို့ သပိတ်မှောက်ကြာဝန်ပြုကျခြင်း၊ ဖောင်းရစ်အထက်ပိုင်းပြိုကျခြင်း၊ အောက်ခြေပိုင်းကွဲအက်၍ ပစ္စယံပြိုကျခြင်း၊ ၄ှက်ပျောဖူးပြုတ်ကျခြင်း၊ ပိန္နဲတိုင်ယိုင်ခြင်း၊ မှခ်ထိပ်ပိုင်းပြိုခြင်းများဖြစ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အနိမ့်ဒေသတွင် အန-၀၄၁၊ အန ၀၄၃၊ အန-၁၀၇၊ အန-၀၉၃၊ အန-၀၈ ၂ ၊ အန-၀၄ ၂ နှင့်ဆုတောင်းပြည့် ဘုရားကြီးစေတီများ ထိခိုက်မှုရှိခဲ့ပြီး အနိမ့်ဒေသစေတီအများစု တွင် ၄ှက်ပျောဖူးကွဲအက်ခြင်း၊ စိန်ဖူးတော် ပြုတ်ကျခြင်းများဖြစ်ခဲ့ကြောင်း သိရသည်။ စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသ ခြသေ့ကြီးနောက်ခြမ်း အမြီးဝန်းကျင်တွင် မံထားသော ပလာစတာ ကွာကျခဲ့သလို စစ်ကိုင်းမြို့ဗုဒ္ဓနှင့် ယဉ်ကျေးမှုပြတိုက်မှ အဆောင်နံပါတ် ၅ အက်ကွဲမှုများရှိခဲ့ပြီး အမှုထမ်းအိမ်ရာ အက်ကွဲခြင်းများရှိခဲ့ကြောင်း သိရသည်။ အဆိုပါ အက်ကွဲ ပျက်စီးပြိုကျမှုများကို လိုင်း မော်တာပြုလုပ်ကာ ထုံးသရွတ်ဖြင့် ရှေးဟောင်းအဆောက်အအုံကို ရှေးဟောင်းအုတ်များဖြင့် ပြန်လည်ပြုပြင်ခြင်းများကို ယူနက်စကိုစံနှုန်းအတိုင်း ဆောင်ရွက်ပြုပြင်လျက်ရှိကြောင်း သိရသည်။ ငလျင်ကြောင့် ပျက်စီးမှုရှိခဲ့သော အနိမ့်အမြင့်ဒေသမှ စေတီပုထိုးများအား ဦးစားပေးအပိုင်းအလိုက် ပြုပြင်မှုလုပ်ငန်းများကို စတင်နေပြီဖြစ်ကြောင်း၊ ရှေးဟောင်းစေတီကို ရှေးဟောင်းအုတ်များ အသုံးပြု၍ ရှေးမူမပျက်ရေး အထူးဦးစားပေးပြုပြင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မူးယစ်ပြခန်းယာဉ်ဖြင့် ပြသ

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မျူးရုံး၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မျူး ဒုတိယရဲမှူးကြီး မြင့်ထွေး ကြီးကြပ်ဦးစီးမှုဖြင့် မှုခင်းပညာပေးပြခန်းယာဉ်နှင့် အသိပညာပေးပြခန်းအား စက်တင်ဘာ ၃ ရက် နံနက်မှ ညနေအထိ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် သိမ်ဖြူလမ်းမ အ.ထ.က (၄) ဗိုလ်တထောင်ကျောင်းရှေ့တွင် ပြသခဲ့ရာ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**

နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ သင်တန်းဆင်း

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အမေရိကန်နိုင်ငံသံရုံးတို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်နေသည့် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက နေပြည်တော် အမရာဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရေနေချုပ်ရုံးတို့မှ အရာရှိကြီးများ၊ အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. James Walsh၊ အမေရိကန်နိုင်ငံ တရားရေးဌာနမှ အကြီးတန်းဥပဒေအကြံပေးအရာရှိ Mr.Terry M.Knney၊ အမေရိကန်သံရုံး ပထမအတွင်းဝန် Mr. Josh Morris နှင့် အမေရိကန်တရားရေးနှင့် မှုခင်းဌာန၊ အာရှဒေသ ညှိနှိုင်းရေးမှူး Ms.Catharine A.Hartzenbusch နှင့် သြစတြေးလျှသံရုံး အကြီးတန်း ရဲဆက်ဆံရေးအရာရှိနှင့် ပြည်ပနိုင်ငံများမှ ဘာသာရပ်ကျွမ်းကျင်သူနည်းပြများ၊ သင်တန်းသားအရာရှိများ တက်ရောက်သည်။

ယခုသင်တန်းသည် အမေရိကန်နိုင်ငံအစိုးရမှ ဒုတိယအကြိမ် စီစဉ်ပေးမှုဖြစ်ပြီး သြဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လေးရက်ကျင်းပခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်းနှင့် အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr.James Walsh တို့က အမှာစကား ပြောကြားကာ သင်တန်းသားအရာရှိ ၄၀ တို့အား Mr.James Walsh က တစ်ဦးချင်း သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ၏ သဘောသဘာဝနှင့် တားဆီးနှိမ်နင်းရေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသည့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခြင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များကြောင့် နစ်နာသူများအတွက် ကာကွယ်မှုကို ထိရောက်စွာလုပ်ဆောင်နိုင်ခြင်းမရှိသည့် အစိုးရများသည် ခုခံနိုင်စွမ်းမရှိသည့် ဒုက္ခသည်သားကောင်နိုင်ငံအဖြစ် ကျရောက်နိုင်သည်ဖြစ်၍ အဆိုပါ မှုခင်းပြဿနာများ ကြိုတင်ကာကွယ်ရေးနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးမြှင့်ဖော်ဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းမီဒီယာနှင့် ဌာနဆိုင်ရာများ ဆက်ဆံမှုကောင်းမွန်စေရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ အရာထမ်းအမှုထမ်းများ၊ မီဒီယာနှင့် ဆက်ဆံရေးကောင်းမွန်စေရန်၊ စွမ်းဆောင်ရည် တိုးတက်စေရန်တို့အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သတင်းမီဒီယာအကြောင်း သိကောင်းစရာများ ပထမဆုံးအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးဟန်ညွှန့် (ဥပဒေ)

ဒေါက်တာ သန်းထွဋ်

ဒေါက်တာ မျိုးဆက်သွေး

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးဟန်ညွှန့် (ဥပဒေ)က "ဝန်ကြီးဌာနအောက်မှာရှိတဲ့ အရာရှိတွေ၊ အမှုထမ်းတွေ မီဒီယာနဲ့ဆက်ဆံရေး လိုအပ်တဲ့ အသိအမြင်နဲ့ ကျွမ်းကျင်မှုတွေရရှိစေဖို့ ရည်ရွယ်ပါတယ်။ ဒါကြောင့်မို့ ဒီဆွေးနွေးပွဲကို ကျင်းပတဲ့အခါမှာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေ တွေ့ဆုံခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုအလုပ်ရုံဆွေးနွေးပွဲသည် ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ သတင်းမီဒီယာဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး အခြားသော ဝန်ကြီးဌာနများအနေဖြင့်လည်း မီဒီယာဆက်ဆံရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေရန်နှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်တာများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် အကူအညီပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ဒီလိုတွေ့ဆုံတာဟာ ဒီဌာနမှာ ဘာတွေဆောင်ရွက်နေလဲ၊ ပြည်သူလူထုကို ဘာတွေသိစေချင်လဲဆိုတာတွေကို သတင်းမီဒီယာနဲ့ ဆက်စပ်ပတ်သက်စေဖို့ လိုပါတယ်။ သတင်းမီဒီယာနဲ့ မဆက်စပ်ဘူး၊ မပတ်သက်ဘူးဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက ဘာတွေလုပ်နေတယ်၊ ပြည်သူလူထုရဲ့အကျိုးအတွက် ဘာတွေကို အကောင်အထည်ဖော်နေတယ်ဆိုတာကို လူထုအနေနဲ့ ပြည့်ပြည့်စုံစုံသိနိုင်မှာ မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် ဝန်ကြီးဌာနရဲ့ လုပ်ကိုင်ဆောင်ရွက်ချက်တွေ အောင်မြင်တာတွေ၊ ဆုံးရှုံးတာတွေ၊ လိုအပ်တာတွေ၊ ပြည်သူလူထုက အကူအညီပေးရမယ့်ကိစ္စတွေကို သတင်းမီဒီယာနဲ့ ဆက်သွယ်ပေးခြင်းအားဖြင့်၊ သတင်းမီဒီယာကောင်စီအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို သွားရောက်တွေ့ဆုံခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်"ဟုလည်း ဦးဟန်ညွှန့်(ဥပဒေ)က ဆိုသည်။

ထို့အပြင် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ နေ့စဉ်ကြုံတွေ့နေရသည့် ဒုက္ခများ၊ အခက်အခဲများ ရှိကြကြောင်း၊ ပြည်သူလူထုတစ်ဦးအနေဖြင့် ဆေးရုံတစ်ရုံရောက်သည့်အခါတွင် မည်ကဲ့သို့သော ကျန်းမာရေးဗဟုသုတရယူရမည် စသည်ဖြင့် ဗဟုသုတတွေ ရှိရန် ခက်ခဲနေတတ်ကြောင်း၊ ကျေးလက်ဆေးရုံတွေမှာဆိုပိုပြီးဆိုးကြောင်း၊ ထို့ကြောင့် အသိအမြင်တွေရရှိအောင်၊ နားလည်အောင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ဆိုသည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ ပြည်သူတွေအတွက် လုပ်ငန်းစဉ်တွေ အများကြီးရှိပါတယ်။ လုပ်ဆဲလုပ်ငန်းစဉ်တွေရှိသလို ဆက်လက်တိုးချဲ့လုပ်ဆောင်မယ့် လုပ်ငန်းစဉ်တွေရှိပါတယ်။ ဘယ်လိုပဲ ကြိုးစားကြိုးစား၊ ဘယ်လောက်ပဲလုပ်နေနေ ပြည်သူမသိရင် အလကားပဲ။ ပြည်သူမပါရင် မအောင်မြင်ပါဘူး။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူသိဖို့၊ ပါဝင်ဖို့ဆိုတာ ကျွန်တော်တို့က မစွမ်းဆောင်နိုင်ဘူး။ ဒါကြောင့်မို့ အင်မတန်အရေးပါလှတဲ့ မီဒီယာလောကကပဲ ပို့နိုင်၊ စွမ်းနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေက မီဒီယာတွေနဲ့ ဆက်ဆံတဲ့အခါမှာ ထိတွေ့လေ့ကျင့်မှုမရှိဘူး။ မီဒီယာတွေနဲ့ ဆက်ဆံပြောဆိုတဲ့ အတွေ့အကြုံနည်းကြတယ်။

"ဒီနေ့အလုပ်ရုံဆွေးနွေးပွဲမှာ အရာရှိငယ်၊ လတ်၊ ကြီး အားလုံးလည်း မီဒီယာများနဲ့ဘယ်လိုဆက်ဆံပြောဆို ဆောင်ရွက်ရမယ်ဆိုတဲ့ အတွေးအခေါ်အတွေ့အကြုံတွေ၊ အသိပညာ ဗဟုသုတတွေရနိုင်ဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ဖြစ်ပါတယ်။ အလားတူ မီဒီယာတွေကလည်း ကျွန်တော်တို့ဝန်ကြီးဌာနရဲ့စွမ်းဆောင်ချက်တွေကို မီဒီယာကျင့်ဝတ်၊ မီဒီယာဥပဒေနဲ့အညီ မှန်ကန်တဲ့အချက်အလက်တွေ၊ ပြည်သူသိပြီး အများကို အကျိုးပြုတဲ့အချက်အလက်တွေ၊ အများနားလည်လွယ်မယ့် တင်ပြချက်နဲ့ ပြည်သူထံရောက်အောင်ပို့ပြီး နှစ်ဦးနှစ်ဖက်အပြန်အလှန် နားလည်မှုရှိစွာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်မြင်ဖို့၊ ပြည်သူ့အကျိုးတကယ်ဖြစ်ထွန်းဖို့ အခရာကျတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်"ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ရှင်းပြသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာနမှ လက်ထောက် ဆရာဝန် ဒေါက်တာ မျိုးဆက်သွေးက "ပြည်သူလူထုသိဖို့ဆိုရင် မီဒီယာကိုအသုံးပြုမှရမှာပါ။ ဥပမာအားဖြင့် ပြည်သူ့ကျန်းမာရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ရောဂါကာကွယ်တားဆီးရေးနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ၊ လူတွေရဲ့ အပြုအမူပြောင်းလဲဖို့ ကိစ္စရပ်တွေမှာ ပြည်သူလူထုပါဝင်မှသာ ဌာနရဲ့ ရည်ရွယ်ချက်တွေပြည့်မီမှာပါ။ ပြည်သူလူထုက ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေကို ပူးပေါင်းပါဝင်ဖို့ဆိုရင် အရင်ဆုံးသိဖို့လိုအပ်ပါတယ်။ ၅၁ သန်းသော ပြည်သူလူထုကို တစ်ဦးချင်းစီလိုက်ပြီး မပြောနိုင်တဲ့အတွက် မီဒီယာကနေတစ်ဆင့် ဆောင်ရွက်ရတာလည်းရှိတယ်။ ဒဲ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အရာထမ်းအမှုထမ်းတွေ သတင်းမီဒီယာနဲ့ ဆက်ဆံတဲ့အပိုင်းမှာ အများစုက လေ့ကျင့်သင်ကြားပေးထားတာမရှိပါဘူး။ ကျွမ်းကျင်တဲ့အတွေ့အကြုံရှိတဲ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အကူအညီတောင်းပြီး လိုအပ်တဲ့ အသိအမြင်ကျွမ်းကျင်မှုတွေ ရလာဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

"ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်လာတဲ့အခါမှာ သတင်းမီဒီယာကောင်စီအနေနဲ့ ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး သူတို့ရဲ့အမြင်သဘောထားတွေကို ရယူမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သတင်းမီဒီယာရဲ့ အခက်အခဲကိုလည်း ကျန်းမာရေးဝန်ကြီးဌာနကိုပြောပြပြီး အပြန်အလှန်ဆက်ဆံမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ အစိုးရသတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်း၊ ကြေးမုံ စသည်ဖြင့် နိုင်ငံပိုင်သတင်းစာများမှာ သော်လည်းကောင်း၊ ကျန်တဲ့ ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်များမှာ သော်လည်းကောင်း ကျွန်တော်တို့သတင်းမီဒီယာများက ဆောင်ရန်၊ ရှောင်ရန်များရေးသားမယ်။ သတင်းတွေထည့်မယ်၊ အသံတွေလွှင့်ပြီး ဖော်ပြခြင်းအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ဆောင်ရွက်နေတဲ့ ကဏ္ဍတွေဟာ တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက သိချင်တဲ့ အချက်အလက်တွေကိုလည်း ရရှိသွားမှာဖြစ်ပါတယ်။

"အခက်အခဲတွေကို အပြန်အလှန်သတင်းဖလှယ်တဲ့ သဘောမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ မီဒီယာများအနေနဲ့ လူမှုတာဝန်သိသော မီဒီယာဖြစ်လာစေရန်ဆိုတဲ့ ဦးတည်ချက်ကိုလည်း ဒီအလုပ်ရုံဆွေးနွေးပွဲကြီးက သိသိသာသာ အကျိုးပြုပါတယ်လို့ တင်ပြချင်ပါတယ်။ အများပြည်သူ အမှန်တကယ်လိုအပ်တဲ့၊ အကျိုးပြုတဲ့ သတင်းအချက်အလက်များကို ထုတ်ပြန်တဲ့အခါမှာလည်း မီဒီယာတွေနဲ့အတူ တွေ့ဆုံပြီးတော့ အပြုသဘောဆောင်တဲ့ အပြန်အလှန်ဆွေးနွေးမှုတွေကို ရရှိစေမှာဖြစ်ပါတယ်။ အခုလိုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းမီဒီယာကောင်စီကို ဖိတ်ကြားပြီးတော့ အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်တာဟာ ပထမဆုံးပြုလုပ်ခြင်းဖြစ်တဲ့အတွက် အင်မတန်ကျေးဇူးတင်ပါတယ်။ ကျန်တဲ့ဝန်ကြီးဌာနများနဲ့လည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရဲ့ အကူအညီများ လိုအပ်မယ်ဆိုရင် အခုလိုမျိုးဆွေးနွေးပွဲတွေကို ခေါ်ယူပြီးတော့ ဖိတ်ကြားမယ်ဆိုရင် ကျွန်တော်တို့သတင်းမီဒီယာကောင်စီအနေနဲ့လည်း အချိန်မရွေးလာရောက်ကူညီဖို့၊ ဆွေးနွေးဖို့ အသင့်ရှိပါတယ်"ဟု ဦးဟန်ညွှန့်(ဥပဒေ)က ဆက်လက်ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်တို့က အမှာစကားပြောကြားပြီး ဒေါက်တာ မျိုးသန့်တင်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးဟန်ညွှန့်(ဥပဒေ)က သတင်းမီဒီယာများနှင့် သက်ဆိုင်သော ဥပဒေများ၊ ကျင့်ဝတ်များ အကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်စွာမင်းတို့က မြန်မာနိုင်ငံရှိ မီဒီယာများ၏ လက်ရှိအခြေအနေ၊ သတင်းမီဒီယာများနှင့် ဌာနဆိုင်ရာများဆက်ဆံရေးအကြောင်းတို့ကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

သတင်း-သိမ့်သိမ့်မိုး
ဓာတ်ပုံ-သိန်း

မိုးညှင်း-မြစ်ကြီးနား မီးရထားလမ်း RBE အမြန်ရထားပြေးဆွဲမည်

မြစ်ကြီးနား စက်တင်ဘာ ၄

ကချင်ပြည်နယ် မိုးညှင်း-မြစ်ကြီးနား မီးရထားလမ်းပိုင်းတွင် မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနားပြေးဆွဲခဲ့သော အမှတ် (၃၃/၃၄) အိပ်စင် အထူးအမြန်ရထားကို စက်တင်ဘာ ၁ ရက်မှ စတင်ဖျက်သိမ်းရပ်နားခဲ့ရာ ခရီးသွားပြည်သူများနှင့် ဒေသခံတိုင်းရင်းသားများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန် မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းကို စက်တင်ဘာ ၅ ရက်မှစတင်၍ RBE အမြန်ရထားပြေးဆွဲမည်ဖြစ်သည်။

အဆိုပါ မိုးညှင်း-မြစ်ကြီးနား မီးရထားလမ်းပိုင်းတွင် မိုးညှင်းဘူတာမှ နံနက် ၅ နာရီ စတင်ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနားဘူတာသို့ နံနက် ၁၀ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ အဆိုပါ RBE မီးရထားသည် မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ထွက်ခွာပြီး မိုးညှင်းဘူတာသို့ ည ၇ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းခုတ်မောင်းချိန် ၈း၃နာရီကြာမြင့်ပြီး လမ်းတွင် ဟိုပင်၊ မိုးကောင်း၊ နမ္မတီး၊ ပြည်ထောင်ဘူတာတို့တွင် ခေတ္တရပ်နားမည်ဖြစ်သည်။

ရထားလက်မှတ်ခနှုန်းမှာ မိုးညှင်း-ဟိုပင် ငွေကျပ် ၇၅၀၊ မိုးညှင်း-မိုးကောင်း ငွေကျပ် ၂၁၀၀၊ မိုးညှင်း-နမ္မတီး ငွေကျပ် ၂၃၅၀၊ မိုးညှင်း-ပြည်ထောင် ငွေကျပ် ၃၁၀၀၊ မိုးညှင်း-မြစ်ကြီးနား ငွေကျပ် ၃၆၀၀ နှုန်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

အခုအစမှာ ဒီလောက်ကောင်းအောင် ကြိုးစားနိုင်ခဲ့ပြီဆိုတော့ နောက်သွားတဲ့အပိုင်းတွေမှာလည်း အစိုးရဘက်ကရော၊ တပ်မတော်ဘက်ကရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကရော ကောင်းမွန်တဲ့အနေအထားမျိုးရောက်အောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့လိုတယ်လို့ ပြောချင်ပါတယ်

ဗိုလ်ချုပ်အက်စ်ဂွမ်မော်

တွေ့ဆုံမေးမြန်း - ညီညီထွန်း၊ မျိုးမြင့်၊ မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - ညီမျိုး

မြန်မာပြည်သူ့ပြည်သားများသာမက တစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံကို နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အဆိုပါ ငြိမ်းချမ်းရေးညီလာခံသို့ မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းတစ်ဦးလည်းဖြစ်၊ KIO အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ-၂ လည်းဖြစ်သူ ဗိုလ်ချုပ်အက်စ်ဂွမ်မော်လည်း တက်ရောက်ခဲ့သည်။

ညီလာခံအခမ်းအနား ကျင်းပပြီးစီးသွားသည့်အချိန်တွင် ကချင်ပြည်နယ်သို့ ပြန်လည်ထွက်ခွာတော့မည့် ဗိုလ်ချုပ်အက်စ်ဂွမ်မော်အား ၎င်းတည်းခိုရာ ရွှေစံအိမ်ဟိုတယ်သို့ သွားရောက်ပြီး KIO အဖွဲ့၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ထားသည့် သဘောထားအမြင်များကို မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ အခု ကျင်းပပြီးစီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံအပေါ် KIO/KIA အဖွဲ့ အနေနဲ့ ကျေနပ်မှုရှိရဲ့လားဆိုတာ သိပါရစေ။

ဖြေ ။ အစည်းအဝေးကျင်းပသွားတဲ့ ပုံစံတွေကို သဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးအတူတကွ တွေ့ဆုံနိုင်တယ်။ တစ်နိုင်ငံလုံးကိုလည်း တင်ပြနေရတဲ့ အနေအထားဖြစ်တဲ့အတွက် ဒီအခင်းအကျင်းအပေါ်မှာ ကျွန်တော်တို့ ကျေနပ်ပါတယ်။

မေး ။ အခုညီလာခံမှာ တပ်မတော်ကိုယ်စားလှယ်တွေက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖက်ဒရယ်စနစ်ရဲ့ ပီသေသလက္ခဏာတွေ ရှိနေတယ်လို့ ပြောကြားသွားတဲ့အပေါ်မှာ KIO အဖွဲ့ရဲ့သဘောထား ဘယ်လိုရှိပါသလဲ။

ဖြေ ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဖက်ဒရယ်စနစ်နဲ့ ဆင်တူယိုးမှားလို့ပဲ ကျွန်တော်နားလည်ပါတယ်။ အမျိုးသားညီလာခံမှာတုန်းကလည်း ကျွန်တော်တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ အဲ့ဒီတုန်းက အခင်းအကျင်းတွေရယ်၊ ပါဝင်သင့်တဲ့ အခြေခံမူများပေါ့နော်၊ ဒီ ၁၀၄ ချက် အခြေခံမူအပေါ်မှာလည်း ကျွန်တော်တို့က ကျေနပ်မှုမရှိပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည့်စုံမှုမရှိဘူးဆိုတာ တရားဝင်လည်း ထုတ်ဖော်ပြောကြားထားပြီးသား ဖြစ်ပါတယ်။

မေး ။ အဲ့ဒီဘက်က လက်ခံတဲ့အခြေခံမူကို ပြောပြပေးနိုင်မလားခင်ဗျာ။

ဖြေ ။ ကျွန်တော်တို့ကတော့ ဖက်ဒရယ်ဒီမိုကရေစီအနေနဲ့ သွားတဲ့မူကို လိုချင်ပါတယ်။ ဖက်ဒရယ်နဲ့ ပတ်သက်တဲ့ အခြေခံမူတွေလိုအပ်တယ်။ သမိုင်းဝင်ဖြစ်တဲ့ ပင်လုံစာချုပ်စာတမ်းနဲ့ ကတိတွေမှာရှိတဲ့ အခြေခံမူလေးတွေ လိုအပ်တယ်။ အခြားသော စံချိန်စံနှုန်းအရ ပါဝင်သင့်တဲ့မူလေးတွေ၊ တန်းတူရေးတွေကို ပိုပြီးထည့်ချင်ပါတယ်။

မေး ။ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုသွားတဲ့အခါ ညီလာခံမှာ KIO က တင်ပြသွားတဲ့ မူဝါဒစာတမ်းကို ကိုင်ခွဲပြီးသွားမှာလား။ တခြား မူဝါဒတွေရှိသေးလား သိပါရစေ။

ဖြေ။ KIO အနေနဲ့ တင်ပြတဲ့မူအတိုင်းသွားမှာပါ။ ဒီစာတမ်းက ဘာလဲဆိုတော့ KIO က သီးသန့်တင်တဲ့စာတမ်းမဟုတ်ပါဘူး။ ကျွန်တော်တို့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ကိုးဖွဲ့ရဲ့ ကိုယ်စားတင်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ဆီက အဖွဲ့ငါးဖွဲ့ကခွဲပြီး တင်တာဖြစ်ပါတယ်။ ဒီစာတမ်းကတော့ ကျွန်တော်တို့ ကိုးဖွဲ့ရယ်၊ နောက်မိုင်ဂျာယန်မှာ အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း စုစည်းပြီး ရေးထားတဲ့မူတွေဖြစ်တော့ နောက်ပိုင်းတွေမှာလည်းပဲ ဒီမူအပေါ်မှာ အခြေပြုပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မေး ။ KIO က တင်သွင်းတဲ့ စာတမ်းမှာ အချက်နှစ်ချက် တွေ့ရပါတယ်။ ပထမအချက်က ၁၉၄၇ ပင်လုံမှာပါတဲ့ အချက်တွေကို အပြည့်အဝ အကောင်အထည်မဖော်နိုင်လို့ လက်နက်ကိုင်ခဲ့တာလို့ ပြောသွားပါတယ်။ နောက်တစ်ချက်က KIO အနေနဲ့ (၂၁)ရာစုပင်လုံကို လာတက်တာဟာ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ချင်လို့ လို့ပြောပါတယ်။ လိုချင်တဲ့ ဖက်ဒရယ်ပုံစံက ဘယ်လိုပုံစံမျိုးလဲဆိုတာ သိပါရစေ။

ဖြေ ။ ကျွန်တော်တို့လိုချင်တဲ့ ဖက်ဒရယ်ပုံစံကတော့ နိုင်ငံတော်မှာရှိပြီးသားဖြစ်တဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ သမိုင်းကြောင်းယဉ်ကျေးမှု ဓလေ့ထုံးစံတွေအပေါ်မှာ တည်ဆောက်တဲ့ ဖက်ဒရယ်ပုံစံဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဖက်ဒရယ်စံချိန်စံညွှန်းနဲ့ ပြည့်မီတဲ့ အခြေခံဥပဒေတွေကို လိုချင်တာ ဖြစ်ပါတယ်။

မေး ။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို သွားတဲ့အခါမှာ KIO အပါအဝင် တခြားလက်နက်ကိုင် အဖွဲ့အစည်းတွေအတွက် အဓိကအခက်အခဲ၊ အဟန့်အတားဖြစ်နေတာတွေရှိရင် သိပါရစေ။

ဖြေ ။ ဒါကိုခွဲပြီးပြောမယ်ဆိုရင် သုံးပိုင်းခွဲလို့ရပါတယ်။ ပထမအချက်က အစိုးရနဲ့ညှိနှိုင်းတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် နားလည်မှု၊ ယုံကြည်မှု တည်ဆောက်ရေးမှာ အခက်အခဲ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ပြည်သူ့လူထုရဲ့ဆန္ဒနဲ့ ကျွန်တော်တို့ KIO ရဲ့ဆန္ဒတို့ ပေါင်းစည်းတဲ့အခါမှာ အချင်းချင်း အပြန်အလှန်ဆက်သွယ်မှုခက်ခဲတဲ့အတွက်ကြောင့် ဆုံးဖြတ်ချက်တွေ ချရတာ ခက်ပါတယ်။ တတိယအချက်ကတော့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို နိုင်ငံတော်အစိုးရအနေနဲ့ သွားနေတဲ့အခါမှာ တချို့ ကျွန်တော်တို့ လက်မှတ်မထိုးရသေးဘူး။ ပြည်သူ့လူထုနဲ့ လွတ်လွတ်လပ်လပ် မတွေ့ရဘူးဆိုတော့ ဒီအရှိန်တွေကို အချိန်မီ လိုက်နိုင်ဖို့ဆိုတဲ့ ဒီသုံးချက်မှာ အခက်အခဲဖြစ်ပါတယ်။

မေး ။ ၁၉၄၇ ခုနှစ်ပင်လုံနဲ့ (၂၁)ရာစု ပင်လုံ (၂၀၁၆)ဟာ နိုင်ငံရေးအခြေအနေအရ ကွာခြားသွားပြီ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို သွားတဲ့အခါမှာ အခက်အခဲဖြစ်နေမလား။

ဖြေ ။ ၁၉၄၇ ခုနှစ် ပင်လုံကတော့ ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းအရရှိခဲ့တဲ့ သမိုင်းမှတ်တိုင်တစ်ခုပေါ့။ အဲဒီမှာ လွတ်လပ်ရေးကို အတူတကွရရှိခဲ့တယ်။ ပြီးရင် ဒီအခြေခံပေါ်မှာ တည်ဆောက်တာဖြစ်ပါတယ်။ အခု ၂၀၁၆ ခုနှစ်မှာ ကျင်းပတဲ့ (၂၁)ရာစုပင်လုံကတော့ မူလနဂိုရှိပြီးသား အခြေခံအုတ်မြစ်တွေကို ပိုပြီးခိုင်မာအောင်၊ တကယ်တော့ ရှေ့ကိုသွားတဲ့အခါမှာ အရင်ပုံစံတွေကိုကြည့်ပြီး ပိုကောင်းအောင်ဆိုတဲ့ တိုးတက်မှုတွေလုပ်နိုင်တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အရင်တုန်းက အားလုံး မစုစည်းနိုင်ခဲ့ဘူးဆိုရင် ဒီအချိန်မှာစုစည်းယမ်း။ လူမျိုးစုတွေအရရော၊ သဘောထားအမြင်တွေ အရပါစုစည်းပြီး ရှေ့ကိုသွားမယ့် အခြေအနေမျိုး ဖြစ်ပါတယ်။ ဒီသဘောထားအမြင်အရ တူပေမယ့် လုပ်ပုံလုပ်နည်းမှာ အနည်းငယ် ကွဲပြားမှုရှိမှာပါ။

မေး ။ ညီလာခံကို ခြောက်လတစ်ကြိမ် ပြုလုပ်မယ်လို့ သိရပါတယ်။ ဒီကာလဟာ တိုင်းရင်းသားတွေနဲ့ အစိုးရ၊ ငြိမ်းချမ်းရေးအဖွဲ့တွေအကြား ထိတွေ့မှု ကြာများကြာနေမလား။

ဖြေ ။ ခြောက်လတစ်ကြိမ် ဆိုတာကတော့ ဒီညီလာခံကြီးပဲ ဖြစ်ပါတယ်။ ဒီခြောက်လအတွင်းမှာ ကျွန်တော်တို့ တခြားတွေ့ဆုံမယ့် အစီအစဉ်တွေ အများကြီးရှိမယ်လို့ မြင်ပါတယ်။ ဒါကြောင့် သိပ်ပြီးဝေးကွာစရာတော့ မရှိဘူးလို့ ထင်ပါတယ်။

မေး ။ အရင်အစိုးရလက်ထက်မှာရော၊ အခု အစိုးရလက်ထက်မှာပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်နေပေမယ့် အောက်ခြေမှာ တိုက်ပွဲလေးတွေ၊ ထိတွေ့မှုလေးတွေ ရှိနေတာ ဘာကြောင့်လို့ ထင်ပါသလဲ။

ဖြေ ။ အဓိကကတော့ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကြားက အားပြိုင်မှုလို့ မြင်ပါတယ်။ မခံချင်စိတ်လည်းပါမယ်။ ကျွန်တော်တို့က လက်နက်နဲ့ဖြေရှင်းတဲ့ ယဉ်ကျေးမှုကို မကျော်လွန်နိုင်သေးဘူး ဖြစ်နေတယ်။ အဲ့ဒီတော့ မကြာခဏ ထိတွေ့မှုတွေဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးနေတဲ့အချိန်မှာ တစ်ဖက်နဲ့ တစ်ဖက် တိုက်ပွဲတွေဆင်ဖြစ်ပြီး ဖိအားပေးတာမျိုး မဖြစ်အောင် နှစ်ဖက်စလုံးက ရှောင်ကြဉ်ဖို့လိုပါတယ်။

မေး ။ ဒီလို ထိတွေ့မှုတွေ နည်းသွားအောင် ဘယ်လိုအကြံပြုလိုပါသလဲ။

ဖြေ ။ အဓိကကတော့ ကျွန်တော်တို့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ကနေတောင်းဆိုထားတာကတော့ နိုင်ငံတော်အစိုးရဘက်ကလည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်း ကြေညာပေးဖို့ တောင်းဆိုထားပါတယ်။ တိုက်ပွဲတွေမဖြစ်အောင် ထိန်းသိမ်းကြမယ်ဆိုတဲ့ ခံယူချက်နဲ့ ကတိတွေပြုဖို့လိုပါတယ်။ အဲ့ဒီလို ကတိတွေ ပြုလို့ရှိရင် ဒီတိုက်ပွဲတွေက အများကြီးနည်းသွားမှာဖြစ်ပါတယ်။

မေး ။ ဒီညီလာခံပြီးရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်မယ်လို့ သိရပါတယ်။ ကချင်ပြည်နယ်မှာရော ဘယ်လိုတွေ ဆောင်ရွက်ဖို့ ရှိနေပါသလဲ။

ဖြေ ။ ဒီကိစ္စမှာ ကျွန်တော့်အမြင် နှစ်ခုရှိပါတယ်။ အစိုးရကတော့ အခုချက်ချင်း လုပ်ချင်တယ်။ သို့သော်လည်းပဲ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်မှာ လက်မှတ်မထိုးတဲ့အဖွဲ့တွေကို ပါဝင်ခွင့်၊ ပတ်သက်ခွင့် မပေးဘူးလို့ ပြောနေပါတယ်။ ဒါက တစ်ပိုင်းပေါ့။ ကျွန်တော်တို့အနေနဲ့က တကယ်လို့ လက်မှတ်မထိုးဘဲနဲ့ ပါဝင်ခွင့်ရမယ်ဆိုရင်လည်း ဒီအပေါ်မှာသွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုမဟုတ်ဘဲ လက်မှတ်မထိုးရင် ပါဝင်ခွင့်မရဘူးဆိုရင်တော့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို နှစ်ဖက်သဘောတူပြီး လက်မှတ်ထိုးနိုင်တဲ့ အဆင့်ကို အရင်ကြိုးစားရမှာဖြစ်ပါတယ်။

မေး ။ KIO အနေနဲ့ နောက်ခြောက်လအတွင်း ကျင်းပမယ့် ဒုတိယအကြိမ် ညီလာခံကို တက်၊ မတက် သိပါရစေ။

ဖြေ ။ (၂၁)ရာစုပင်လုံက အခုအစပြုတဲ့ အနေအထားမှာ ရောက်နေပြီဆိုတော့ တကယ်ပဲ အခုလို ပွင့်ပွင့်လင်းလင်းနဲ့ နှစ်ဖက်သဘောထားအမြင်တွေကို လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်မယ်ဆိုရင် တက်ဖို့ အဆင်သင့်ရှိပါတယ်။

မေး ။ ဒုတိယအကြိမ် ညီလာခံကိုတက်မယ်ဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးရမယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ ။ ဒုတိယအကြိမ် ညီလာခံတက်ဖို့အတွက် NCAလက်မှတ်ထိုးရမယ်ဆိုတဲ့ အနေအထားမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ခြောက်လကြာတဲ့အခါမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလုပ်မယ်လို့ ပြောတဲ့အခါကျတော့ ဒီအပေါ်မှာ လက်မှတ်ထိုးရမယ်။ လက်မှတ်ထိုးပြီးမှပဲ ဒီအပေါ်မှာ ပါဝင်ခွင့်ရှိမယ်ဆိုတဲ့ အချက်ပေါ့။ နောက်တစ်ခုကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှာ ပါဝင်ဖို့ ကျတော့ လက်မှတ်ထိုးရမယ်ဆိုတဲ့ ကန့်သတ်ချက်တွေ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီနှစ်ခုကို ကျွန်တော်တို့ ဘယ်လောက် ညှိနှိုင်းနိုင်မလဲ။ လက်မှတ်ထိုးနိုင်တဲ့အဆင့် ရောက်အောင် ညှိနှိုင်းနိုင်မှာလား။ ဒါမှမဟုတ် အစိုးရဘက်က လက်မှတ်ထိုးစရာ မလိုသော်လည်းဘဲ ဒီအဆင့်မှာ ပါဝင်ခွင့်ပြုမယ်လို့ ဆုံးဖြတ်မလားဆိုတာကတော့ ဒီခြောက်လအတွင်းမှာ ဆွေးနွေးမယ့်အပေါ်မှာပဲ မူတည်ပါတယ်။

မေး ။ တချို့အဖွဲ့အစည်းတွေက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲကပဲ ဖက်ဒရယ်ပြည်ထောင်စုကို သွားမယ်။ တချို့ကလည်း ပြင်ဖို့၊ အသစ်လုပ်ဖို့ ပြောကြတဲ့အပေါ်မှာ KIO အနေနဲ့ ဘယ်ဘက်ကို ဦးစားပေးမလဲဆိုတာ သိချင်ပါတယ်။

ဖြေ ။ KIO အနေနဲ့ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်မှာလား။ အသစ်ရေးမှာလား ဆိုတဲ့အပိုင်းကို ဆုံးဖြတ်ထားတာမရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ ပြောနေတာက အားလုံးအတူတကွ တန်းတူနေနိုင်တဲ့ အခြေခံဥပဒေတစ်ရပ် လိုအပ်တယ်ဆိုတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီနိုင်ငံရေးဆွေးနွေးပွဲတွေမှာ ဖွဲ့စည်းပုံကို ပြင်မှာလား။ အသစ်ရေးမှာလားဆိုတာကတော့ အားလုံးရဲ့ဆွေးနွေးမှုအပေါ်မှာပဲ ကျွန်တော်တို့ကလိုက်ပြီး ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

မေး ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ၊ တခြားမိတ်ဖက်အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေကို ပြောစရာရှိရင် ပြောပေးပါ။

ဖြေ ။ အခု (၂၁)ရာစုပင်လုံဟာ အစဖြစ်တယ်လို့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပြောတယ်။ ကျွန်တော်တို့ နားလည်တာကလည်း နောက်သွားမယ့် နိုင်ငံရေးဖြစ်စဉ်တွေအတွက် အစဖြစ်တယ်လို့ ပြောပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အခုအစမှာ ဒီလောက်ကောင်းအောင် ကြိုးစားနိုင်ခဲ့ပြီဆိုတော့ နောက်သွားတဲ့အပိုင်းတွေမှာလည်း အစိုးရဘက်ကရော၊ တပ်မတော်ဘက်ကရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကရော ကောင်းမွန်တဲ့ အနေအထားမျိုးရောက်အောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်အစီး ၂၀ ဖမ်းဆီးအရေးယူရာတွင် ခရီးသည်တင်ယာဉ်တစ်စီးပါရှိ

နေပြည်တော် စက်တင်ဘာ ၄

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ်အစီး ၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ရာ ငွေကြေယမင်းခရီးသည်တင်ယာဉ်တစ်စီးပါရှိကြောင်း သိရှိရသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမိုအရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို ယနေ့ နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များ အသုံးပြု၍ တိုင်းတာစစ်ဆေးခြင်းကို ပလွေးလမ်းမကြီးတွင် ရဲအုပ် ဇော်လှိုင်ထွန်း ဦးစီး၍ လည်းကောင်း၊ နေပြည်တော် တိုးဂိတ်(စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးရန်နောင်ဝင်းဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် လည်းကောင်း သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်အစီး ၂၀ ကို ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

ထိုသို့တရားစွဲတင်ပို့ရာ၌ အရှိန်နှုန်းလွန်ယာဉ်အစီး ၂၀ အား တရားစွဲတင် ဒဏ်ငွေချမှတ်အရေးယူသွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ယခုဖမ်းဆီးအရေးယူမှုသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း ပထမအဆင့် အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ညပိုင်း၌ အရက်သေစာသောက်စားခြင်းတိုင်းကိရိယာများဖြင့်ပါ တိုင်းတာ၍ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး (လေးမျက်နှာ)

အလုပ်အကိုင်အခွင့်အလမ်းများနှင့် သမဝါယမတက္ကသိုလ်

ဇော်မိုးအောင်(သမဝါယမတက္ကသိုလ်-သန်လျင်)

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်စာရင်းများကို မြန်မာတစ်နိုင်ငံလုံး၌ ဇွန် ၁၁ ရက်နေ့ နံနက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၆၃၆၂၃၇ ဦးရှိပြီး အောင်မြင်သူ ၁၉၀၃၈၈ ဦး ရှိသဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အောင်ချက်ရာခိုင်နှုန်းမှာ ၂၉ ဒသမ ၉၂ ရာခိုင်နှုန်း ရှိပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများသို့ ဆက်လက်ပညာဆည်းပူးခွင့် ရရှိကြမည်ဖြစ်သည်။ ထို့သို့ ပညာဆည်းပူး၍ ရရှိလာမည့် ဘွဲ့၊ ဒီဂရီများဖြင့် လက်တွေ့လုပ်မှုနယ်ပယ်တွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန်မှာလည်း အလွန်အရေးကြီးလှပေသည်။ သို့ဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် ဘွဲ့၊ ဒီဂရီရရှိပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မည့် တက္ကသိုလ်၊ ကောလိပ်များကို သေချာစဉ်းစား ရွေးချယ်ကြရန် လိုအပ်ပါသည်။

ဘွဲ့၊ ဒီဂရီ ရရှိပြီးပါက အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုနှင့် ပတ်သက်၍ သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် မိတ်ဆက်ပေးလိုပါသည်။ သမဝါယမတက္ကသိုလ် (သန်လျင်) ကို 'ရန်ကုန်တိုင်း သမဝါယမသင်တန်းကျောင်း'အဖြစ် ၁၉۷၀ ပြည့်နှစ်တွင် သန်လျင်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယင်းနောက် ၂၁-၆-၁၉၉၄ ရက်နေ့တွင် 'ရန်ကုန်သမဝါယမ ဒေသကောလိပ်'အဖြစ် လည်းကောင်း၊ ၁၁-၁၁-၁၉၉၆ ရက်နေ့တွင် 'ရန်ကုန် သမဝါယမ ဒီဂရီကောလိပ်'အဖြစ်လည်းကောင်း၊ ၂၄-၁၁- ၂၀၁၁ရက်နေ့တွင် 'သမဝါယမ ဒီဂရီကောလိပ်(သန်လျင်)'အဖြစ်လည်းကောင်း၊ ၃၁-၅-၂၀၁၂ ရက်နေ့တွင် 'သမဝါယမတက္ကသိုလ်(သန်လျင်)'အဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပါသည်။

သမဝါယမတက္ကသိုလ်(သန်လျင်)သည် 'ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ်အခြေခံရှိပြီး အရည်အချင်းပြည့်ဝသော လူမှုစီးပွားရေး ပညာတတ်လူစွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်ဖြစ်လာစေရမည်'ဟူသော ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိသည်။ သမဝါယမတက္ကသိုလ်(သန်လျင်)တွင် ဘာသာရပ်ဌာန ၁၁ ခုနှင့် စီမံခန့်ခွဲရေးဌာန သုံးခု၊ စုစုပေါင်းသင်ကြား/ စီမံဌာနကြီး ၁၄ ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဘာသာရပ်ဌာန ၁၁ ခုမှာ အထူးပြုဘာသာရပ် ငါးခုနှင့် အထောက်အကူပြု ဘာသာရပ် ခြောက်ခုဖြစ်ပြီး ဌာနကြီး ၁၄ ခုတွင် အထူးပြုဘာသာရပ်ဌာနများမှာ

(၁) သမဝါယမပညာဌာန
(၂) ဘောဂဗေဒဌာန
(၃) ဝါဏိဇ္ဇဗေဒဌာန
(၄) စီမံခန့်ခွဲမှုပညာဌာန
(၅) စာရင်းအင်းပညာဌာန

အထောက်အကူပြုဘာသာရပ်ဌာနများ-

(၁) မြန်မာစာဌာန
(၂) အင်္ဂလိပ်စာဌာန
(၃) သချိုင်္ဂဏန်းဌာန
(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာဌာန
(၅) စီးပွားရေးပထဝီဝင်ဌာန
(၆) ဥပဒေပညာဌာန

စီမံခန့်ခွဲရေးဌာနများ-

(၁) စီမံခန့်ခွဲရေးဌာန
(၂) သင်တန်းရေးရာဌာန
(၃) သုတေသနနှင့် ဖွံ့ဖြိုးမှုဌာနတို့ဖြစ်ပါသည်။

သမဝါယမတက္ကသိုလ်(သန်လျင်)အနေဖြင့် ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အထိ ဒီဂရီကောလိပ် အဆင့်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A (Business Science)ဘွဲ့ ချီးမြှင့်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ စီးပွားရေးသိပ္ပံဘွဲ့ B.BSc (Bachelor of Business Science)ဘွဲ့ကို ချီးမြှင့်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အထူးပြုဘာသာရပ်အလိုက် အောက်ဖော်ပြပါ ဘွဲ့များကို ချီးမြှင့်သွားမည်ဖြစ်သည်။

(က) စီးပွားရေးသိပ္ပံဘွဲ့(လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ)
B.BSc (Social Enterprises Management)

(ခ) စီးပွားရေးသိပ္ပံဘွဲ့ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ)
B.BSc (Regional Development)

(ဂ) စီးပွားရေးသိပ္ပံဘွဲ့(စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ)
B.BSc (Accounting & Finance)

(ဃ) စီးပွားရေးသိပ္ပံဘွဲ့(စျေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ)
B.BSc (Marketing Management)

(င) စီးပွားရေးသိပ္ပံဘွဲ့(အသုံးချစာရင်းအင်းပညာ)
B.BSc (Applied Statistics)

ထို့အပြင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ အထူးပြုဘာသာရပ်အလိုက် ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma) တစ်နှစ်သင်တန်းများ၊ မဟာဘွဲ့ (Master) နှစ်နှစ်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ သမဝါယမတက္ကသိုလ်(သန်လျင်)အနေဖြင့် မွေးထုတ်ပေးခဲ့သော ဒီဂရီကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်အထိ ဘွဲ့ရဦးရေ စုစုပေါင်း ၅၇,၂၇ ဦး ရှိပြီဖြစ်ပါသည်။ ပညာသင်နှစ်အလိုက် ဘွဲ့ပေးအပ်မှုအခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြ



ပညာသင်နှစ်အလိုက် ဘွဲ့ပေးအပ်မှုအခြေအနေ

အပ်ပါသည်။

သမဝါယမတက္ကသိုလ်(သန်လျင်)မှ ဘွဲ့ရရှိပြီးသူ ကျောင်းသား ကျောင်းသူများအနေဖြင့် အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကိုယ်ပိုင်လုပ်ငန်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘဏ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ်၊ ကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်ကျောင်းသားများ ခေါ်ယူခြင်းကြေညာချက်ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ သမဝါယမတက္ကသိုလ်(သန်လျင်)တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၂၂ ရက်မှစ၍ ထုတ်ပေးလျက်ရှိပြီး လျှောက်လွှာပိတ်ရက်မှာ သြဂုတ် ၃၁ ရက်အထိ ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်သင်တန်းအတွက် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲရမှတ်ကို အခြေခံ၍ ဝင်ခွင့်စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

သမဝါယမတက္ကသိုလ်(သန်လျင်)မှ ပေးအပ်ချီးမြှင့်သည့် ဘွဲ့များမှာ စစ်တမ်းကောက်ယူရရှိမှုအရ လက်တွေ့လုပ်မှုစီးပွားရေးနယ်ပယ်အသီးသီးတွင် အလုပ်ခွင်နှင့်ကိုက်ညီမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့်လည်း သမဝါယမတက္ကသိုလ်(သန်လျင်)မှ ဘွဲ့ကြို ကျောင်းသား ကျောင်းသူများအား နှစ်စဉ် အလုပ်အကိုင်အခွင့်အလမ်းအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံရရှိစေရေးအတွက် Internship/On the job Training လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအနေဖြင့် သမဝါယမတက္ကသိုလ်(သန်လျင်)သို့ တက်ရောက်နိုင်ပါရန် အလုပ်အကိုင်အခွင့်အလမ်းများနှင့် သမဝါယမတက္ကသိုလ်မှ နွေးထွေးပျူကွာစွာ ကြိုဆိုလျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။

လူထုဗဟိုပြုစီမံကိန်းနည်းပညာအကြံပေးများဖိုရမ် အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြု စီမံကိန်း နည်းပညာအကြံပေးများဖိုရမ် (Experts Forum)အား စက်တင်ဘာ ၄ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအမှတ် (၁၄)၌ ကျင်းပသည်။

ဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်ကပြောကြားရာတွင် ပြည်ထောင်စုအဆင့်နှင့် စီမံကိန်းမြို့နယ်အားလုံးရှိ သတင်းပြန်ကြားဆက်သွယ်ရေး အဖွဲ့များမှ လစ်လပ်မှုမရှိဘဲစနစ်တကျ စည်းကမ်းချက်များအတိုင်း ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လူထုကိုအခြေပြု၍ လူငယ်အားလုံး၏ အင်အားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ IFI မှ စောင့်ကြည့်မှုများရှိသည်ကို ကြိုဆို၍ ကျေးဇူးလည်းတင်ပါကြောင်း၊ မည်သည့် စောင့်ကြည့်ရေး အဖွဲ့အစည်းကိုမဆို ကြိုဆိုပါကြောင်း၊ IFI ၏ စီမံကိန်းအပေါ် ပြောဆိုထားသော အစီရင်ခံစာကြောင့် ဝန်ထမ်းအားလုံး စိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ၎င်းအစီရင်ခံစာအပေါ် စနစ်တကျ တုံ့ပြန်သွားရန် ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းပြင်ဆင်ပြီးဖြစ်ပြီး တရားဝင်အကြောင်းကြားသွားမည် ဖြစ်ပါကြောင်း၊ အစည်းအဝေး ဒုတိယနေ့တွင် မီဒီယာများနှင့် ညှိနှိုင်းဆွေးနွေးမည့်အစီအစဉ် ထည့်သွင်းပါရှိမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲတွင်လည်း မီဒီယာကဏ္ဍပါရှိမည်ဖြစ်ပါကြောင်း၊ ဖိုရမ်မှ ဆွေးနွေးထားသော အချက်အလက်များကို နောက်နှစ်စီမံကိန်းအတွက် စီမံကိန်းလက်စွဲတွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းမြို့နယ်များမှ နည်းပညာအကြံပေးများ၊ စီမံကိန်းတာဝန်ခံများဖြစ်သည့်အတွက် နည်းပညာအကြံပြုချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ လေ့လာသင်ယူစရာများ၊ ပြဿနာဖြေရှင်းရာတွင် လွယ်ကူအဆင်ပြေစေမည့် နည်းလမ်းများ ရရှိလာနိုင်မည်ဟု မျှော်လင့်ပါကြောင်းနှင့် အဓိကရည်မှန်းချက်ဖြစ်သော ပြည်သူလူထု၏စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် အလေးထားဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဖိုရမ်သို့ တက်ရောက်လာကြသော နည်းပညာအကြံပေးများသည် နောက်နှစ် စီမံကိန်း ပိုမိုတိုးတက်ကောင်းမွန်စေရန် စီမံကိန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ အကြံပြုချက်များနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ဖိုရမ်မှရရှိလာသော နည်းပညာ အကြံပေးများ၏ ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် စီမံကိန်းစက်ဝန်းပြီးဆုံးချိန် သို့မဟုတ်ပြီးဆုံးခါနီးအချိန်တွင် စီမံကိန်းမြို့နယ်တိုင်းနှင့် ပြည်ထောင်စုအဆင့်တို့တွင် ကျင်းပပြုလုပ်သည့် စီမံကိန်း သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ခြင်း အစည်းအဝေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

လူထုဗဟိုပြုစီမံကိန်းကို ယခု တတိယနှစ် စက်ဝန်းတွင် မြို့နယ် ၂၇ မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ လာမည့်စတုတ္ထနှစ်စက်ဝန်းတွင် မြို့နယ် ၂၀ ထပ်မံတိုးချဲ့၍ စုစုပေါင်း ၄၇ မြို့နယ်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကို မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် စုစုပေါင်း ၆၃ မြို့နယ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထားလျက်ရှိပြီး ကျေးရွာပေါင်း ၅၆၄၅ ရွာမှ လူဦးရေ ၃ ဒသမ ၁၆ သန်းအထိ အကျိုးပြုလျက်ရှိသည်။

အဆိုပါဖိုရမ်အား စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းကောက်ယူခြင်းနှင့် အရေးပေါ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်မှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ပုဂံယဉ်ကျေးမှုဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းကောက်ယူခြင်းနှင့် အရေးပေါ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ပြန်လည်တည်ဆောက်မည့် နည်းစနစ်ကို ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်ခိုင်ခံ့မှုရှိအောင် ရှေးဟောင်းအဆောက်အအုံ တစ်ခုချင်းကို နည်းစနစ်ရွေးချယ်၍ ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်းကို ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မှာကြားသည်။ အဆိုပါအစည်းအဝေးပွဲသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး၊ UNESCO မှ ပညာရှင်များ၊ မြန်မာနိုင်ငံမြေငလျင်အသင်းကော်မတီမှ ပညာရှင်များ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသတက္ကသိုလ်၊ မောင်းသူမဲ့လေယာဉ်သုတေသနမှ တာဝန်ရှိသူများနှင့် Bagan Heritage Trust မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတက်ရောက်လာသူများအနက် UNESCO မှပညာရှင် Mr.Kai Weise က ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်ခံရှေးဟောင်းအဆောက်အအုံများနှင့် ပတ်သက်ပြီး လုပ်ငန်းစဉ်ခုနစ်ရပ်ဖြစ်သော (၁) Immediate Site Investigation ၊ (၂) Assessment / Documentation ၊ (၃) Detail Investigation ၊ (၄) Site Cleaning ၊ (၅) Method/Technique ၊ (၆)Estimating and Reporting ၊(၇)Conserve/ Restore / Rebuild တို့ကို ချမှတ်ဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်(၆)ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တင်ပြချက်များနှင့်ပတ်သက်ပြီး ပုထိုးသားများ စေတီ၊ နတ်လျှောင်းကျောင်း၊ စူဠာမဏိစေတီ၊ ဓမ္မရံကြီးစေတီတို့အား မှတ်တမ်းကောက်ယူနေမှု၊ Done ဖြင့် လက်တွေ့မှတ်တမ်းရိုက်ကူးနေမှု ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များပူးပေါင်း၍ Site Cleaning ဆောင်ရွက်နေမှုနှင့် အရေးပေါ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂံဘုရားများ ရှေးမူမပျက်ပြုပြင်ရန် ယူနက်စကိုနှင့် ပညာရှင်များ ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၄

သြဂုတ် ၂၄ ရက်ကလှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ထင်ရှားသော ဘုရားပုထိုးစေတီများအပါအဝင် စုစုပေါင်း ၃၉၆ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ရှေးမူမပျက်ပြန်လည် ပြုပြင်နိုင်ရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်များ ဦးစီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ယူနက်စကို မှကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည့် ပုဂံဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ထို့ပြင် ယခုအချိန်၌ ဘေးကင်းလုံခြုံစိတ်ချနိုင်ရေးအတွက် အချို့သောဘုရားများ လေ့လာခွင့်ကို ယာယီတားမြစ်ထားသော်လည်း မကြာခင် ပြန်လည်ခွင့်ပြုပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး ကျန်ဘုရားများကိုလေ့လာလည်ပတ်ခွင့်ပြုထားကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းများ၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် လက်တွဲ၍ ပြည်ပခရီးသွားများ ဘေးကင်းလုံခြုံရေးအတွက် ပုဂံဒေသတွင်သာမက အခြားဒေသခရီးစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် အခြားခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းကိုလည်း ထိခိုက်မှုမရှိကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)၊ မြန်မာနိုင်ငံ ဇည့်လမ်းညွှန်များအသင်းနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက စာနယ်ဇင်းရှင်းလင်းပွဲတွင် ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကြသည်။ **ရီရီမြင့်၊ ဥမ္မာသန့်**

◆ ***ရှေ့ဖုံးမှ***

သုံးပေခန့်အထိ ကျသွားပြီဖြစ်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူလူထု နှင့် အဖွဲ့အစည်းပေါင်းစုံပါဝင်ဖွဲ့စည်းထားသော မြို့သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများအားလုံးကိုလည်း ပုံမှန်ပြန်လည်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ပေါ်မှ မြေနိမ့်ပိုင်းရပ်ကွက် သုံးခုရှိ လမ်းပိုင်းများနှင့် အိမ်ခြေများသို့ သြဂုတ်လအတွင်းက ဒါးကမြစ်နှင့် ကြိမ်ချောင်းဘက်မှ မြစ်ရေလုပ်လည် ဝင်ရောက်ခဲ့သဖြင့် ရေဝင်နစ်မြုပ်ခဲ့ရာ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရေဝင်နစ်မြုပ်ပျက်စီးခဲ့သော ရပ်ကွက်များရှိ လမ်းပိုင်းများကို မြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စက်တင်ဘာ ၃ ရက်က စတင်ပြုပြင်လျက်ရှိသည်။

ကျန်ရှိနေသေးသော ရေဝင်နစ်မြုပ်ရပ်ကွက်များမှ လမ်းပိုင်းများကိုလည်း ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ရေရှည် ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် နှစ်စဉ် ဝဝန်မြစ်ရေ သာမန်စိုးရိမ်ရေမှတ်အခြေအနေတွင် ရေဘေးကယ်ဆယ်ရေးစခန်းများ ဆောလျင်စွာဖွင့်လှစ်ရခြင်း မရှိစေရန်အတွက် ငါးသိုင်းချောင်းမြို့ဝန်းကပ်မစ်ကမ်းဘေးရှိ မြေနိမ့်ပိုင်းရပ်ကွက်နှင့် မြို့တွင်းရှိ မြေနိမ့်ပိုင်းရပ်ကွက်များမှ ပြန်လည်ပြင်ဆင်အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိသော ဒေသခံပြည်သူများ၏အိမ်ခြေ ၁၀၀ ခန့်အနက် လတ်တလောပြင်ဆင်ရန်လိုအပ်သည့် အိမ်ခြေ ၄၀ ခန့်ကို တန်ဖိုးနည်း ခြေတံရှည်အိမ်များအဖြစ် ပြုပြင်သွားမည်ဖြစ်ပြီး အိမ်တစ်လုံးလျှင်(ခန့်မှန်းတွက်ချက်တန်ဖိုး) ကျပ်လေးသိန်း၀နှစ်ကျင်ကို သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးအလျှောရှင်များ ဖိတ်ခေါ်ချိတ်ဆက်လျက် ပြုပြင်ပေးသွားရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြိုနယ်အုပ်ချုပ်ရေးမှူးဦးမျိုးဇော်သိန်း၏ ပြောကြားချက်အရ သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး

မစ္စမြန်မာအင်တာနေရှင်နယ် အလှမယ်သရဖူကို အင်ကြင်းထူးဆွတ်ခူး

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအသင်းက နှစ်စဉ်ဦးစီးကျင်းပခဲ့သော မစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲ ၂၀၁၆ နောက်ဆုံးဆန်ခါတင် အလှမယ်ရွေးချယ်ပွဲကြီးကို ယနေ့ညပိုင်းက ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိ Melia ဟိုတယ်၌ ကျင်းပရာ အလှမယ်သရဖူ Winner ဆုကို ခါးနံပါတ်(၁၅) အင်ကြင်းထူးက ရရှိခဲ့ပြီး လာမည့်အောက်တိုဘာလတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် မစ္စ အင်တာနေရှင်နယ်ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။

"အခုလို Winner ဆုကို ဆွတ်ခူးဖို့အတွက် တော်တော်လေးကြိုးစားခဲ့ပါတယ်။ ကြိုးစားခဲ့တဲ့ကြားကရလို့ အလွန်ပဲ ကျေနပ်မိပါတယ်။ ဒီမစ္စအင်တာနေရှင်နယ်ပြိုင်ပွဲကို ပြီးခဲ့တဲ့ ၂၀၁၂ မနန်းခင်ဇေယျာ ရခဲ့တဲ့နှစ်ကလည်း တစ်ကြိမ်ဝင်ပြိုင်ခဲ့ပါတယ်။ အခုဒုတိယအကြိမ်ဝင်ပြိုင်တာ Winner ဆုကို ရရှိခဲ့တာပါ။ ကြိုးစားရကျိုးနပ်တယ်လို့ပြောလို့ရပါတယ်။ ဒီဆုရတဲ့အတွက် နောင်မှာ ဒီထက်မက ထပ်မံကြိုးစားသွားမယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။ အားပေးတဲ့ပရိသတ်ကြီးကိုလည်း အလွန်ပဲ ကျေးဇူးတင်ပါတယ်"ဟု သရဖူဆုရှင်အလှမယ် အင်ကြင်းထူးကပြောသည်။

ယနေ့ နောက်ဆုံးဆန်ခါတင် ရွေးချယ်ခဲ့သော မစ္စမြန်မာအင်တာနေရှင်နယ်ပြိုင်ပွဲ ၂၀၁၆ ရဲ့ အလှမယ် သရဖူဆုကို ခါးနံပါတ်(၁၅) အင်ကြင်းထူး၊ 1st Runner Up ဆုကို ခါးနံပါတ်(၁) တင်စန္ဒာမျိုးနှင့် 2nd Runner Up ဆုကို ခါးနံပါတ်(၄) နေကြာခင်ခင်တို့က ရရှိခဲ့ပြီး အခြား Title ဆုများဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဗဟုသုတနှင့်ပတ်သက်သော Miss Green ဆုကို ခါးနံပါတ် (၄) နေကြာခင်ခင်၊ ပရိသတ်အကြိုက်အများဆုံး Voting ပေး၍ ရွေးချယ်ပေးသော Miss Popular ဆု သရဖူရရှိခဲ့သော အင်ကြင်းထူးနှင့် Talent Show ပြိုင်ပွဲတွင် အကောင်းဆုံးတင်ဆက်ပြသနိုင်သည့် Miss Talent ဆုကို ခါးနံပါတ် (၁၈) နိုးထက်ထက်နိုင်က ရရှိခဲ့သည်။

ယခုရွေးချယ်ခဲ့သော အလှမယ်များကို ပြီးခဲ့သည့် သြဂုတ် ၃ရက်က ရန်ကုန်မြို့ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ရွေးချယ်ခဲ့သော ဆန်ခါတင် အလှမယ် ၂၀ ဖြစ်သည့် ခါးနံပါတ်(၁) တင်စန္ဒာမျိုး၊ ခါးနံပါတ်(၂) ခင်ယမုံသင်း၊ ခါးနံပါတ် (၃) နန်းနှင်းအိန္ဒြာထွင့်၊ ခါးနံပါတ် (၄) နေကြာခင်ခင်၊ ခါးနံပါတ်(၅) ရွှန်းလဲ့ရတီ၊ ခါးနံပါတ်(၆) နှင်းဦးရွှေရည်၊ ခါးနံပါတ် (၇) မိုးပွင့်ဖြူဟန်၊ ခါးနံပါတ် (၈) ဆောင်းသဇင်သင်း၊ ခါးနံပါတ် (၉) ယမုံ၊ ခါးနံပါတ် (၁၀) ခွန်းနေခြည်ချို၊ ခါးနံပါတ် (၁၁) မေသက်ကျော်၊ ခါးနံပါတ် (၁၂) နှင်းရွှေရည်၊ ခါးနံပါတ် (၁၃) ဖူးပြည့်ထွန်း၊ ခါးနံပါတ် (၁၄) သုသုမြတ်နိုး၊ ခါးနံပါတ် (၁၅) အင်ကြင်းထူး၊ ခါးနံပါတ် (၁၆) ဆုရွှေရည်ထူး၊ ခါးနံပါတ် (၁၇) ဂျာနွယ်ပန်၊ ခါးနံပါတ် (၁၈) နိုးထက်ထက်နိုင်၊ ခါးနံပါတ် (၁၉) အိပိုးပိုးထွန်းနှင့် ခါးနံပါတ် (၂၀) သွန်းနန္ဒာသိမ့်တို့ထဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Winner ဆုရှင်၊ 1st Runner Up ဆုရှင်နှင့် 2nd Runner Up ဆုရှင်တို့ကို ဆုယူအပြီးတွေ့ရစဉ်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးကဏ္ဍများတွင် မြန်မာအမျိုးသမီးများ တစ်တပ်တစ်အားပါဝင်ရန်နှင့် မြန်မာနိုင်ငံအတွင်း စိတ်ဝင်စားဖွယ်ဒေသများကို ဖော်ထုတ်နိုင်ရန် အဓိကရည်ရွယ်၍ ၂၀၁၂ ခုနှစ်မှ နှစ်စဉ် ကျင်းပခဲ့သော အဆိုပါ မစ္စမြန်မာအင်တာနေရှင်နယ် ပြိုင်ပွဲကြီးသည် ယခု ၂၀၁၆ ခုနှစ် ငါးနှစ်ပြည့် မြောက်တွင် အလှမယ် အင်ကြင်းထူးက ရရှိခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်ကျင်းပခဲ့စဉ် ၂၀၁၂ က ရွေးချယ်ခဲ့သော အလှမယ် မှာ ယခုရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နန်းခင်ဇေယျာ၊ ၂၀၁၃ ခုနှစ်တွင် အလှမယ် ဂုဏ်ရည်အေးကျော်၊ ၂၀၁၄ ခုနှစ်တွင် 1st Runner Up ဆုရှင် မောရဏီသော်နှင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အမရာငြိမ်းတို့ကို ရွေးချယ်ကာ နှစ်စဉ် ဂျပန်နိုင်ငံ၌ ကျင်းပသည့် မစ္စအင်တာနေရှင်နယ်ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုအဖြစ် စေလွှတ်ယှဉ်ပြိုင်နိုင်ခဲ့ပြီ ဖြစ်သည်။ ယခုနှစ် ငါးကြိမ်မြောက်တွင် ဆွတ်ခူးရရှိခဲ့သော မစ္စမြန်မာအင်တာနေရှင်နယ် အလှမယ် သရဖူဆုရှင် အင်ကြင်းထူးကိုလည်း လာမည့်အောက်တိုဘာလတွင် ဂျပန်နိုင်ငံတွင်ပြုလုပ်မည့် ၂၀၁၆ မစ္စအင်တာနေရှင်နယ် Beauty Pageant ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြုစေလွှတ် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

ယနေ့ရွေးချယ်ခံခဲ့ရသော သရဖူ Winner ဆုရှင်ကို နှစ်စဉ် ဦးစီးကျင်းပခဲ့သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စျေးကွက်မြှင့်တင်ရေးအသင်းက ချီးမြှင့်ငွေကျပ် သိန်း ၁၀၀၊ 1st Runner Up ဆုရှင်ကို ငွေကျပ် သိန်း ၆၀ နှင့် 2nd Runner Up ဆုကို ငွေကျပ် သိန်း ၄၀ တို့ကို အသီးသီးချီးမြှင့်ခဲ့ကြသည်။

●

စိုးမင်းကြီးဘုရားအား ရှေးမူမပျက်ပြုပြင်နိုင်ရန် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်ဦး စက်တင်ဘာ ၄

ညောင်ဦးတွင် သြဂုတ် ၂၄ ရက် ညနေပိုင်းက အင်အားပြင်းလျင်လှုပ်ခတ်မှုကြောင့် သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ် ခဲ့သည်။

အဆိုပါ လျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသည့် ဘုရားစေတီပုထိုးများကို အသစ်တစ်ဖန် ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ လျင်ကြောင့် ထိခိုက်ပျက်စီးသည့် ဘုရားစေတီပုထိုးများတွင် အုတ်ချပ်များရှင်းလင်းခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ညောင်ဦးခရိုင် ရဲတပ်ဖွဲ့စခန်းမှ ရဲဝန်ထမ်းများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေစိုးနှင့် ဝန်ထမ်းများ၊ မိတ္ထီလာမြို့မြတ်ပါရမီ သွေးလှူရှင်အသင်းမှ နာယကဆရာတော် ဦးပညာသာမိ ဦးစီးသော သံဃာတော်များ၊ အသင်းဝင်များ စုပေါင်း၍ စက်တင်ဘာ ၄ ရက်တွင် စိုးမင်းကြီးဘုရားသို့ သွားရောက်ပြီး လျင်ကြောင့် ကွမ်းတောင်ကွဲအက်ကာ အုတ်ချပ်များပြိုကျ နေမှုများအား သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ရေဘေးသင့်ဒေသများသို့ တာချီလိတ်မြို့အလင်းရောင်ပရဟိတအသင်းက သွားရောက်လှူဒါန်း

တာချီလိတ် စက်တင်ဘာ ၄

တာချီလိတ်မြို့အလင်းရောင် ပရဟိတအသင်းဥက္ကဋ္ဌ ဦးမြင့်ဦး ဦးဆောင်သည့် အသင်းသား ၁၁ ဦးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် စက်တင်ဘာ ၄ ရက် နံနက်က မော်တော်ယာဉ်လေးစီးဖြင့် သွားရောက်ကြသည်။

ထောက်ပံ့မှုအနေဖြင့် ကျုံပျော်မြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လည်းကောင်း၊ ဇလွန် မြို့နယ်ရှိ ရေဘေး သင့်ကျေးရွာများဖြစ်ကြသည့် ရေတွင်း ကုန်း၊ ထန်းပင်ကုန်း၊ ဝက်ကုန်း၊ ညောင်ကုန်းနှင့် မြစ်ဝကျေးရွာများရှိ ရေဘေးသင့် အိမ်ထောင်စုတစ်စုချင်းစီသို့လည်းကောင်း၊ တာချီလိတ်မြို့နယ်အတွင်းရှိ အလှူရှင်များ၊ ထိုင်း-မြန်မာနယ်စပ်ရှိ မယ်ဆိုင်မြို့မှ စေတနာရှင်များ၊ ထိုင်းနိုင်ငံရောက် ရွှေပြောင်းအလုပ်သမားများ စုပေါင်းလှူဒါန်းထားသော စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၅၅ သိန်းကျော်တန်ဖိုးရှိ လူသုံးကုန်ပစ္စည်း ၁၁ မျိုးတို့ကို ထောက်ပံ့လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင် ဆန်အိတ် ၂၁၀ နှင့် ရေသန့်ကတ် ၁၀၀၀ တို့အား ရောက်ရှိသည့်ဒေသများ၌ ဝယ်ယူ၍ ရေဘေးသင့်အိမ်ထောင်စုတစ်စုချင်းစီသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း အလင်းရောင် ပရဟိတအသင်းမှ သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပုဂံညောင်ဦးရှေးဟောင်းဒေသရှိ မြေလျင်ဒဏ်သင့် ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အလှူငွေများလှူဒါန်းနိုင်

၂၄-၈-၂၀၁၆ ရက်နေ့က မကွေးတိုင်းဒေသကြီး ချောက်မြို့အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချိတာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ပုဂံနှင့်ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အလှူခံဌာနများတွင် အလှူငွေများ လှူဒါန်းနိုင်ပါသည်-

- ဦးမျိုးတင့်အောင်
  ညွှန်ကြားရေးမှူး ၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှု ဌာနခွဲဝန်ကြီးရုံး (ယဉ်ကျေးမှု)
  သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်
  ဖုန်း-၀၆၇-၄၀၈၀၃၁၊ ၀၉-၈၆၁၃၃၄၂
- ဒေါ်ဥမ္မာအောင်
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်)
  ၃၂D ၊ ၆ ၁/၂ မိုင် ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း -၀၁-၅၁၃၈၉၇၊ ၀၉-၇၃၀၃၀၂၃၈/၀၉-၅၀၆၁၈၃၃၂
- ဦးညိုမြင့်ထွန်း
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)
  ၂၈လမ်း ×၇၀ လမ်း ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း -၀၂-၆၀၀၅၉၊ ၀၉-၂၀၁၉၀၀၄
- ဦးစိုးတင့်
  ခရိုင်အုပ်ချုပ်ရေးမှူး
  ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
  ဖုန်း-၀၆၁-၆၀၂၆၁၊ ၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဧလ)**

လှိုင်သာယာမြို့နယ်အတွင်း စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အလှပြင်ခန်းမများ ဗီဒီယိုပြသခြင်းလုပ်ငန်းလိုင်စင်ကောက်ခံမှုအပေါ် မကျေနပ်မှုများဖြစ်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအများဆုံးမြို့နယ်တစ်ခုဖြစ်သည့် လှိုင်သာယာမြို့နယ်၌ စက်တင်ဘာ ၁ ရက်က ရပ်ကွက်/ကျေးရွာများရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် အမျိုးသား/အမျိုးသမီးအလှပြင်ခန်းမ လုပ်ကိုင်သူများအား မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့က ဗီဒီယိုပြသခြင်းလုပ်ငန်းလိုင်စင်ငွေကျပ် ၁၇၀၀၀ ကောက်ခံသည့်အတွက် လက်ဖက်ရည်ဆိုင်နှင့်အလှပြင်ဆိုင်များက မကျေနပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ကဆိုပြီး လူငယ်နှစ်ယောက် မနေ့ကမနက်က ဗီဒီယိုပြသခြင်းလုပ်ငန်းလိုင်စင်အတွက်ဆိုပြီး ငွေကျပ် ၁၇၀၀၀ လာကောက်တယ်။ မေးတော့ အသစ်ပြန်ဖွဲ့ထားတယ်လို့ပြောတယ်။ ကျွန်တော်တို့ သိထားတာက အရင်က ရပ်ကွက်ထဲမှာ ဗီဒီယိုပြစားတဲ့ရုံတွေရှိတယ်။ မြန်မာဇာတ်ကားပြတယ်။ နိုင်ငံခြား ဇာတ်ကားပြတယ်။ ဒါကြောင့် ဗီဒီယိုပြသတဲ့လုပ်ငန်းလိုင်စင်လုပ်ရတယ်။ အခွန်ဆောင်ရတယ်။ အခုချိန်မှာက ကာရာအိုကေ၊ ကေတီဗီကလွဲရင် ဆိုင်တွေအားလုံးဟာ စကိုင်းနက်ရုပ်သံလိုင်းပဲ ဖွင့်ကြတာ။ စက်နဲ့အခွေထိုးပြီးပြတဲ့ဆိုင် ဘယ်ဆိုင်မှမရှိကြတော့ဘူး။ တစ်လကို ငွေကျပ် ၁၃၅၀၀ အခွန်ဆောင်ပြီးကြည့်ရတာပါ။ ပြည်သူတွေ အခက်အခဲဖြစ်နေချိန်မှာ လုပ်နည်းကိုင်နည်းမှန်ဖို့လိုတယ်။ မိုးရာသီအရောင်းအဝယ်ပါးနေချိန်မှာ ပြည်သူတွေရင်ဆိုင်နေရတဲ့အခက်အခဲကို သိဖို့လိုတယ်"ဟု အမှတ်(၈) ရပ်ကွက် ဦးပုညလမ်းပေါ်ရှိ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုကျော်ကျော်က ရင်ဖွင့်ပြောကြားသည်။

ယခင်က မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ရုံးအား ဝဇီရာရုံ(၂)ဝင်းအတွင်း ဖွင့်လှစ်ခဲ့ပြီး ရုပ်ရှင်ရုံအသစ်ဆောက်သောအခါ အမှတ်(၉)ရပ်ကွက် ဗိုလ်အောင်ကျော်ကားလမ်းနံဘေးရှိ စည်ပင်ရေဓြောင်းပေါ်၌ ရုံးခန်းအသစ်တည်ဆောက်ထားသည်။

ဗီဒီယိုလုပ်ငန်းလိုင်စင်ကြေးကောက်ခံရာတွင် ရန်ကုန်တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရုံး၏ ဇွန်လ ၂၄ ရက်စွဲပါ ရည်ညွှန်းချက်စာဖြင့် လည်းကောင်း၊ မြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ ရက်စွဲမပါသော ရည်ညွှန်းစာဖြင့်လည်းကောင်း၊ ဗီဒီယိုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၏လက်မှတ်ဖြင့် ဖုန်းနံပါတ်များ ထည့်သွင်းကာ အလှပြင်ခန်း၊ အမျိုးသား/အမျိုးသမီးအလှပြင်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များကို လုပ်ငန်းလိုင်စင်ကြေးကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ကောက်ခံရာတွင် အင်တာနက်ဂိမ်းဆိုင်များအား ကောက်ခံခြင်းမရှိသည့်အတွက် ထောက်ပြဝေဖန်မှုများလည်းရှိရာ ပင်လုံစျေးအနီး ဗိုလ်အောင်ကျော်လမ်းမကြီးပေါ်ရှိ အလှပြင်ဆိုင်ရှင်တစ်ဦးကလည်း "ကျွန်မတို့ဆိုင်မှာ တီဗွီနဲ့ စကိုင်းနက်ပဲကြည့်တယ်။ အခုလို တစ်လကို သောင်းကျော်ကြီး ဗီဒီယို ပြသတဲ့ လုပ်ငန်းလိုင်စင်ဆောင်ခိုင်းတာတော့ မဖြစ်သင့်ဘူး။ အမှန်က နိုင်ငံတော်ကို စကိုင်းနက်က အခွန်ဆောင်ပြီးသားပဲ။ နိုင်ငံတော်က ပြည်သူကိုအသိပေးတဲ့ ရုပ်သံတွေကို အခွန်ဆောင်ပြီး ကြည့်ရမလိုဖြစ်နေတယ်"ဟု ပြောသည်။

အော်ဒီယိုကြိုးပေါက်ပါသည့် တီဗွီများအား ပြသခွင့်လိုင်စင်ဆောင်ရမည်ဟု ဗီဒီယိုပြသခြင်းလုပ်ငန်းလိုင်စင်ကြေးကောက်ခံသောလူငယ်တစ်ဦးက ပြောကြားခဲ့မှု အပေါ်ကျေနပ်မှုမရှိသော လက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးကလည်း "အော်ဒီယိုကြိုးပေါက်ပါတဲ့ တီဗွီတွေပြသခွင့်လိုင်စင်ဆောင်ရမယ်ပြောတယ်။ စကိုင်းနက်မှာ မြန်မာ့အသံရှိမယ်၊ MRTV ရှိမယ်၊ မြဝတီ၊ ဗုဒ္ဓလိုင်းရှိမယ်၊ လွှတ်တော်လိုင်းတွေ ရှိတယ်။ အဲ့ဒါတွေကြည့်ရင်လည်းဆောင်ရမှာလားလို့မေးတော့ ဆောင်ရမယ်တဲ့။ လွှတ်တော်ချန်နယ်ကြည့်ရင်လည်း ဆောင်ရမှာလားလို့မေးတော့ ဆောင်ရမယ်လို့ပြောတယ်။ တစ်ခုခုမှားနေပြီဆိုတာ ပေါ်လွင်နေတယ်။ အမှန်က တရားမဝင်စီဒီခွေရောင်းနေတာတွေ၊ ခိုးကူးခွေတွေကို ဖော်ထုတ်လုပ်ဆောင်ရမှာပါ"ဟု ပြောသည်။

တရားဝင်ဗီဒီယိုလုပ်ငန်းလိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်ကိစ္စဟူသောစာတွင် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ ခွင့်ပြုထားသောလုပ်ငန်းများဖြစ်သည့် ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဖြန့်ခိုရ(ရောင်း)ကူးယူခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း(ဗီဒီယိုရုံ)၊ ပြသခြင်း(လက်ဖက်ရည်ဆိုင်စားသောက်ဆိုင်၊ အမျိုးသား/အမျိုးသမီးအလှပြင်ဆိုင်၊ အလှပြင်ခန်း)၊ တည်းဖြတ်ခြင်း၊ ကာရာအိုကေလုပ်ငန်းနှင့် ဆက်ဆွယ်လျက် လိုက်နာရမည့်စည်းကမ်းများလိုက်နာ၍ လုပ်ငန်းလိုင်စင်များခွင့်ပြုထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက လုပ်ငန်းလိုင်စင်ကိစ္စရပ်များအပါအဝင် ဗီဒီယိုလုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုင်စင်မဲ့၊ သက်တမ်းလွန်လုပ်ငန်းလိုင်စင်များ တွေ့ရှိပါက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ(၃၂)အရ မည်သူမဆိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်သုံးနှစ်ထိဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးအတွက်ဖြစ်စေ ချမှတ်ရမည်ဖြစ်ပြီး ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပါရှိသည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးအား စက်တင်ဘာ ၂ ရက်က မေးမြန်းရာ၌ မြို့နယ်ဗီဒီယိုလုပ်ငန်း ကြီးကြပ်ရေးကော်မတီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဥက္ကဋ္ဌအဖြစ်ပါရှိပြီး ဒုတိယဦးစီးမှူးလည်းပါရှိမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၃ ရက်တွင် တိုင်းဒေသကြီး ဗီဒီယိုစိစစ်ကြီးကြပ်ရေးကော်မတီလည်း ပါဝင်မည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကိုမသိကြောင်း ပြောကြားခဲ့သည်။

"ဒီနှစ်ရက်အတွင်းမှာ လိုင်စင်အသစ်ချိန်းတာက လူ ၂၀၀ နဲ့ အသစ်ဝင်တာက လူ ၁၀၀ ရှိတယ်။ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အလှပြင်ဆိုင်နဲ့ ကာရာအိုကေဆိုင်တွေပါတယ်။ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေအရပြသတဲ့အခါမှာ ဖျော်ဖြေတဲ့အတွက် လိုင်စင်လုပ်ရတာပါ။ စကိုင်းနက်ပြသတာနဲ့မဆိုင်ဘူး။ ကေတီဗီကတော့ သူတို့သတ်မှတ်တာ။ လုပ်ငန်းလိုင်စင်ထဲမှာတော့ ကာရာအိုကေလို့ပဲပါတယ်။ ၂၀၀၉ ခုနှစ်ကတည်းက လက်ဖက်ရည်ဆိုင်တွေမှာ လိုင်စင်မရှိဘဲပြသရင် ငါးသောင်း၊ တစ်သိန်းဒဏ်ငွေရိုက်တယ်။ မြန်မာဇာတ်ကားတွေ လမ်းဘေးမှာရောင်းတာကို တစ်လတစ်မှုဖမ်းရတယ်။ နိုင်ငံခြားကားတော့ မပါဘူး။ လစဉ်ဖမ်းတာရှိပါတယ်" ဟု စက်တင်ဘာ ၄ ရက် ညပိုင်းတွင် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက ပြောကြားသည်။ မြို့နယ်အတွင်းရှိ ဂိမ်းဆိုင်များနှင့် အင်တာနက်ဆိုင်များအတွက် ဗီဒီယိုလုပ်ငန်းလိုင်စင်နှင့်မသက်ဆိုင်ကြောင်းလည်း ဖြည့်စွက်ပြောကြားသည်။

မြို့နယ်အထွေထွေအုပ် ချုပ်ရေးမှူးရုံးခန်းမ၌ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်က နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အမျိုးသား/အမျိုးသမီးအလှပြင်ဆိုင်နှင့် အလှပြင်ခန်းမပိုင်ရှင်တို့အား ဗီဒီယိုလုပ်ငန်းလိုင်စင်ပြုလုပ်ရန် အသိပေးခဲ့၍ လာရောက်လုပ်ဆောင်သူများရှိသကဲ့သို့ ကျေနပ်မှုမရှိခြင်း၊ ရှင်းလင်းစွာမသိရှိခြင်းကြောင့် လုပ်ငန်းလိုင်စင်မလုပ်သူများလည်းရှိကြောင်း သိရသည်။ လူငယ်များနှင့်ကျောင်းသားများ အများဆုံးစုဝေးရာ အင်တာနက်နှင့် ဂိမ်းဆိုင်များ မပါရှိခြင်း၊ စီးပွားရေးကျပ်တည်းချိန်တွင် ကောက်ခံခြင်းတို့ကြောင့် လက်ဖက်ရည်ဆိုင်နှင့်အလှပြင်ဆိုင်လုပ်ငန်းလုပ်ကိုင်သူအများစုမှာ ကျေနပ်မှုမရှိကြကြောင်း သိရသည်။

(၁၆၄)

* *ကျောဖုံးမှ*

ရှိကြောင်း၊ ယာဉ်စည်းကမ်းချိုးဖောက်ရာတွင် ယာဉ်မရပ်ရလမ်းများ၌ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများလည်း ပါဝင်ကြောင်း၊ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများကြောင့် လမ်းပိတ်ဆို့မှုများ မဖြစ်ပွားအောင် စည်းကမ်းချိုးဖောက်ယာဉ်များအား ကရိန်းများဖြင့် ဖယ်ရှားခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိမိရှေ့တွင် ယာဉ်စည်းကမ်းချိုးဖောက်သည့် မော်တော်ယာဉ်များအား ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ၏ Call Centre နံပါတ်များဖြစ်သည့် ဖုန်း-၀၉-၇၇၇ ၄၃၆ ၂၃၂၊ ၀၉-၇၇၇ ၄၃၆ ၂၃၃ နှင့် ၀၉-၇၇၇ ၄၃၆ ၂၃၄ တို့သို့ Viber မှတစ်ဆင့် ဓာတ်ပုံမှတ်တမ်းနှင့်တကွ တိုင်တန်းမှုများပြုလုပ်နိုင်ကြောင်း၊ စည်းကမ်းချိုးဖောက်မှုများကို ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ယာဉ်မတော်တဆမှုများ ဖြစ်ပွားပါကလည်း ဖုန်း-၀၁-၂၉၆၄၅၄ နှင့် ၀၁-၂၉၁၂၈၅ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သီပေါဘော်ကြိုဘုရား ဂေါပကအဖွဲ့မှ အဖွဲ့သစ်သို့ တာဝန်များလွှဲပြောင်းပေးအပ်

သီပေါ စက်တင်ဘာ ၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာတွင် သီရိမဓာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး ဂေါပကအဖွဲ့မှ အဖွဲ့သစ်သို့ တာဝန်လွှဲပြောင်းပေးအပ်ခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးက အမှာစကားပြောကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခင်က လက်ရှိသာသနာရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌသစ် ဦးစိုင်းသာညွှန့် (ဦးဆန်စိုင်း)က နှုတ်ခွန်းဆက်စကားပြောပြီး သမိုင်းဝင် ဘော်ကြိုဘုရားကြီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊

ရွှေ၊ ငွေပစ္စည်းများနှင့် အလှူငွေများကို ဂေါပကအဖွဲ့သစ်သို့ လွှဲပြောင်းပေးအပ်သည်။ (**အပေါ်ပုံ**) **စိုင်း(သီပေါ)**

မင်းဘူး(စကု)မြို့နယ်တွင် ရေကြီးနစ်မြုပ်တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်

မင်းဘူး စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် မင်းဘူး(စကု)မြို့နယ်ရှိ ရေကြီးနစ်မြုပ် တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သြဂုတ်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။ (**အပေါ်ပုံ**)

ရှေးဦးစွာ မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက မျိုးစပါးများထောက်ပံ့ပေးအပ်ခြင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရေကြီးနှစ်မြုပ်ခဲ့သော ကဒီး၊ ကျောက်စံ၊ ကျောက်စစ်ပုံ၊သနပ်ပင်၊ ပေါက်ဝူ၊ ကံသစ်နှင့် ကံကုလားအုပ်စုများအတွက် မျိုးစပါးတင်း ၁၅၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ယခုအကြိမ်ထောက်ပံ့ပေးအပ်မှုသည် ဒုတိယအကြိမ်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်၌ မျိုးစပါးတင်း ၂၆၂ ဒသမ ၅၀ ကို ပံ့ပိုးပေးအပ်ခဲ့ပြီးဖြစ်သည်။

"မင်းဘူး(စကု)မြို့နယ်မှာ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကျေးရွာအုပ်စုပေါင်းကိုးအုပ်စုမှ မိုးစပါးပျိုးခင်း ၄၁၇ ဧက၊ စိုက်ခင်း၊ဧက ၄၃၀ ရေကြီးနစ်မြုပ်ပျက်စီးခဲ့ပါတယ်။ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧကအထွက်နှုန်း မကျဆင်းရေးအတွက် စိုက်ပျိုးနည်းစနစ်၊ အပင်ပြုစုစောင့်ရှောက်နည်းစနစ်များကို တောင်သူတွေ သိရှိလိုက်နာဆောင်ရွက်နိုင်ဖို့ ရေကြီးနစ်မြုပ်ကျေးရွာအုပ်စုဒေသတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းပညာပေး ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။ **ဖိုးပြည့်(မင်းဘူး)**

ဖားကန့်ရေကြီးမှု ရေများပြန်လည်ကျဆင်းပြီး ပြည်သူများပုံမှန်အတိုင်းသွားလာ

ဖားကန့် စက်တင်ဘာ ၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် စက်တင်ဘာ ၁ ရက် နံနက်အစောပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်တချို့တွင် ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း (**ယာဗုံ**) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ဥရုချောင်း ရေလျှံတဲ့အတွက် ချောင်းဘေးရပ်ကွက်တွေ ဒီလိုရေဝင်ရောက်မှုဖြစ်စဉ်က ဖြစ်နေကျလို့ပြောလို့ရပါတယ်။ အခုလည်း စက်တင်ဘာ ၁ ရက်က မိုးကြောင့် မြို့ပေါ်ရပ်ကွက်တချို့ ရေလွှမ်းခဲ့တာပါ။ မနေ့ကစပြီးတော့ တဖြည်းဖြည်းနဲ့ ကျဆင်းသွားပါပြီ။ ရေဘေးသင့်ပြည်သူတွေကို ထမင်း၊ ဟင်းတွေနဲ့ ရေသန့်တွေကို သွားရောက်ကူညီဝေငှပေးခဲ့ပါတယ်"ဟု မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က ဆိုသည်။

အဆိုပါမိုးသည်းထန်မှုကြောင့် ဖားကန့်မြို့၊ ဥရုချောင်းဘေးရှိ မြို့ပေါ်ရှိ ၄ရပ်ကျေးတောရပ်ကွက်၊ မြို့မရပ်ကွက်၊ အေးမြသာယာရပ်ကွက်နှင့် မရှိကထောင်ရပ်ကွက်များတွင် နေအိမ်တချို့နှင့် လမ်းဆုံနေရာများ ရေဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက် နံနက်ပိုင်းကတည်းက အဆိုပါနေရာများတွင် ရေများကျဆင်းလျက်ရှိရာ ၄ရပ်ကျေးတောရပ်ကွက်လမ်းဆုံ၌ ရေနှစ်ပေနှ၊ မြို့မရပ်ကွက် ကျောက်ပိုင်းလမ်းဆုံတွင် နှစ်ပေနှ၊ မရှိကထောင်ရပ်ကွက်သွားရာလမ်းပေါ်ရှိ ဥရုရတနာကျောက်စိမ်းတောင်တံတားအနီးတွင် တစ်ပေခွဲခန့်ကျဆင်းသွားရာမှ စက်တင်ဘာ ၄ ရက် ယနေ့တွင် ယင်းနေရာများ၌ ရေများ ပြန်လည်ကျဆင်းပြီဖြစ်သောကြောင့် ဒေသခံပြည်သူများ ပုံမှန်အတိုင်း သွားလာလုပ်ကိုင်နေပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

"ရေပြန်ကျသွားတဲ့ အတွက် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလို့ရနေပါပြီ။ ရေကျသွားပြီးတဲ့ နောက်ပိုင်းမှာ ဒေသခံလူမှုအဖွဲ့အစည်းတွေနဲ့ ကမ္ဘောဇောဏ်တို့က အလှူငွေတွေ လာရောက် လှူဒါန်းကြတယ်။ အဲ့ဒီ လှူဒါန်းငွေတွေကို သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖွဲ့တွေကနေ လက်ခံထားရှိပြီး ရေဘေးသင့်ပြည်သူတွေရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့အခါ အသုံးပြုသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ရေဝင်ခဲ့သည့် ၄ိုက်ပျောတောရပ်ကွက်၊ မြို့မရပ်ကွက်၊ အေးမြသာယာရပ်ကွက်နှင့် မရှိကထောင်ရပ်ကွက်များ၊ မရှိကထောင် ကြိုးတံတားနေရာများ၌ စက်တင်ဘာ ၅ ရက်တွင် နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး စုပေါင်းသန့်ရှင်းရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွှေး

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲ ကျင်းပ

ကျောက်တန်း စက်တင်ဘာ ၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မီးသတ်ဦးစီးဌာန၌ ကျင်းပသော အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁ / ၂၀၁၆)သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် ညနေပိုင်းက ကျင်းပရာ ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးတင်ထူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်းတို့က အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့် ပေးကြသည်။

ထို့နောက် သင်တန်းသားများ ကြိုးချည်နည်းခုနစ်မျိုး၊ ကြိုးကူးနည်းသုံးမျိုးနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်စက်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြကြသည်။ (**အပေါ်ပုံ**)

သင်တန်းသို့ မြို့ပေါ်ရပ်ကွက်များနှင့် စက်ရုံများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တလေးပတ်ကြာမြင့်ကြောင်း သိရသည်။

စိုးဝင်း(ကျောက်တန်း)

ကျန်းမာရေးကာကွယ်ရေး နှီးဆော်ချက်ဆိုင်းဘုတ် စိုက်ထူ

သံတွဲ စက်တင်ဘာ ၄

ယနေ့မျိုးဆက်သစ်လူငယ်များ အရက်သောက်သုံးခြင်းကြောင့် စိတ်ပိုင်းဆိုင်းရာထိခိုက်မှုများ ကြုံတွေ့နိုင်သောကြောင့် အရက်၏နောက်ဆက်တွဲ ကျန်းမာရေးကာကွယ်ရေး နှီးဆော်ချက် ဆိုင်းဘုတ်တင်ပွဲနှင့် မှုခင်းဖြစ်ပွားမှုတားဆီးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်း အခမ်းအနားကို စက်တင်ဘာ ၃ ရက်က ရခိုင်ပြည်နယ် သံတွဲမြို့ ဆင်ခေါင်းကျေးရွာ အထက(ခွဲ)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မောင်မောင်စိုးက အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်သော နောက်ဆက်တွဲ ရောဂါဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ သက်ငယ်မှုဒိမ်းလျှောနည်းပပျောက်ရေးကြိုတင်ကာကွယ်ရေး နည်းလမ်းတို့ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်က မှုခင်းကျဆင်းရေးနှင့်အမှတ်(၂၄)ယာဉ်ထိန်းတပ်ဖွဲ့စု ရဲအုပ်ခင်မောင်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကို လည်းကောင်း၊ အသိပညာပေးဆောင်ရွက်ခဲ့ကာ အရက်သောက်သုံးမှုကြောင့် ကျန်းမာရေးကာကွယ်ရေးနှီးဆော်ချက် ဆိုင်းဘုတ်အား ဆင်ခေါင်းရွာ ရွာလယ်လမ်းစုံတွင် ဆိုင်းဘုတ်တင်အခမ်းအနားကို ကျင်းပခဲ့သည်။ (**အောက်ပုံ**)

အသိပညာပေးဟောပြောခြင်းအခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွှန့်မောင်နှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရှိန်နှင့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၂၀၀ ကျော်နှင့်အတူ ရွာသူ၊ ရွာသားများတက်ရောက်ခဲ့ကာ အမျိုးသမီးများ အရက်သောက်သုံးမှုမရှိစေရန်လည်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ (၁၆၄)

တူရကီတင့်ကားများ ဆီးရီးယားသို့ဝင်ရောက်၊ စစ်မျက်နှာသစ်ဖွင့်ကာ ထပ်မံထိုးစစ်ဆင်

အန်ကာရာ စက်တင်ဘာ ၄

တူရကီနှင့် ၎င်း၏မဟာမိတ်တပ်များသည် စနေနေ့က ဆီးရီးယားမြောက်ပိုင်း၌ စစ်မျက်နှာအသစ်ဖွင့်ကာ တိုက်ခိုက်မှုများ ထပ်မံလုပ်ဆောင်ခဲ့သည်။ တူရကီတင့်ကားများ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခဲ့ပြီး တိုက်ခိုက်ရေး အဖွဲ့က ဆီးရီးယားရှိ အိုင်အက်စ်တို့သိမ်းပိုက်ထားသည့် ကျေးရွာများကိုရယူရန် အနောက်ဘက်မှ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ကျူးကျော်တိုက်ခိုက်မှုကို ကီလစ်ပြည်နယ်မှ စတင်ခဲ့သည်။ အဆိုပါပြည်နယ်သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ဒုံးကျည်တိုက်ခိုက်မှုပြုလုပ်ရန် အကြိမ်ကြိမ် ပစ်မှတ်ထားခဲ့သည့်နေရာဖြစ်သည်။ လွတ်လပ်သော ဆီးရီးယားတပ်မတော်၏ စုစည်းညီညွတ်မှုပြိုကွဲလာသည့်အခြေအနေတွင် အာရပ်နှင့်တူရကီ တိုက်ခိုက်ရေးသမားများ ပါဝင်သည့်သူပုန်အဖွဲ့ကို ကျောထောက်နောက်ခံပြုခြင်းအားဖြင့် အိုင်အက်စ်အဖွဲ့ကို တိုက်ထုတ်နိုင်ပြီး အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားနိုင်ငံသားကာ့ဒ် တိုက်ခိုက်ရေးသမားများ တိုးပွားလာမှုကို စစ်ဆေးနိုင်မည်ဟု တူရကီကမျှော်လင့်ထားသည်။

သူပုန်အဖွဲ့သည်တူရကီ၏ ကူညီထောက်ပံ့မှုဖြင့် ဂျရာဘလပ်စ်နယ်ခြားဒေသတွင် ပြီးခဲ့သည့်ရက်သတ္တပတ်က နေရာယူခဲ့ကြသည်။ ငါးနှစ်ကြာစစ်မက်ဖြစ်ပွားခဲ့ပြီးနောက် Euphrates shield ဟုခေါ်သည့် စစ်ဆင်ရေးသည် မြို့တော်အန်ကာရာ၏ပထမဆုံးသော ဆီးရီးယားသို့ အင်အားအလုံးအရင်းဖြင့် ကျူးကျော်တိုက်ခိုက်မှုဖြစ်သည်။

စနေနေ့က တူရကီတင့်ကားများသည် နယ်စပ်ဒေသကိုဖြတ်ကျော်ကာ ဆီးရီးယားသူပုန်များထိန်းချုပ်ထားသည့် အယ်ရိုင်မြို့သို့ ဝင်ရောက်လာခဲ့ကြောင်း သူပုန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အယ်ရိုင်မြို့သည် ဂျရာဘလပ်စ်နယ်စပ်အနောက်ဘက် ၅၅ ကီလိုမီတာအကွာ၊ တူရကီနယ်စပ်အနီးတွင်တူရကီက အဆိုပါစစ်ဆင်ရေးကို ဂျီဟတ်စစ်သွေးကြွများအား သုတ်သင်ရှင်းလင်းရန်နှင့် ကာ့ဒ်စစ်သွေးကြွများ၏ နယ်မြေ ချဲ့ထွင်မှုနှင့် အင်အားကြီးထွားလာခြင်းမှ ကာကွယ်ရန်ဟူ၍ ပြောဆိုခဲ့သည်။

သူပုန်များသည် အယ်ရိုင်မြို့အရှေ့ဘက်နှင့် တောင်ဘက်ရှိကျေးရွာများကို ကျူးကျော်၊ တိုက်ခိုက်ခဲ့ကြောင်း သူပုန်အဖွဲ့ခေါင်းဆောင်တစ်ဦးက ပြောကြားခဲ့သည်။

(ရိုက်တာ)

ဘင်္ဂလားဒေ့ရှ်သူဌေးကြီး မာကွာဆမ်အလီအား စစ်ရာဇဝတ်မှုဖြင့် ကြိုးပေးကွပ်မျက်

ဒါကာ စက်တင်ဘာ ၄

၁၉၇၁ ခုနှစ်တွင် စစ်ရာဇဝတ်မှုကျူးလွန်ခဲ့မှုဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အကြီးဆုံးပါတီအဖွဲ့အစည်းဖြစ်သည့် အစ္စလာမ္မစ်ပါတီ၏ခေါင်းဆောင်လည်းဖြစ်၊ ဌေကြေးထောက်ပံ့ပေးသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလည်းဖြစ်သည့် မာကွာဆမ်အလီကို ကြိုးပေးကွပ်မျက်လိုက်ပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မီဒီယာလုပ်ငန်းရှင် သူဌေးကြီး မာကွမ်ဆမ်အလီကို လွန်ခဲ့သည့် နှစ်နှစ်က သေဒဏ်ပေးရန် စီရင်ချက်ချမှတ်ခဲ့သည်။ ပါကစ္စတန်နှင့် ဖြစ်ပွားခဲ့သည့် စစ်ပွဲအတွင်း ၎င်းသည် သတ်ဖြတ်မှုနှင့် နိုပ်စက်ညှဉ်းပန်းမှုများကို ကျူးလွန်ခဲ့ကြောင်း သိရသည်။

၎င်းအား စနေနေ့ညနေခင်းက ဒါကာမြို့အပြင်ရှိ အဆင့်မြင့်လုံခြုံရေးစနစ်ဖြင့် ဖွဲ့စည်းထားသည့် အကျဉ်းထောင်တစ်ခု၌ ကြိုးပေးခဲ့သည်။ မာကွာဆမ်အလီကို ၂၀၁၀ ပြည့်နှစ်တွင် ဖမ်းဆီးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားတွေ့ရှိခဲ့သည်။ ၎င်းသည် အပြစ်ရှိကြောင်း ခံဝန်ချက်ပေးရာတွင် လိုအပ်သည့် အသနားခံ တောင်းပန်လျှောက်လဲမှု ပြုလုပ်ရန် ငြင်းဆန်ခဲ့သည်။

ဇူလိုင်လအတွင်းက ဒါကာရှိ စားသောက်ဆိုင်၌ အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် နိုင်ငံခြားသားများ သေဆုံးခဲ့ပြီး အခြားတိုက်ခိုက်ခံရမှုများ ဘင်္ဂလားဒေ့ရှ်၌ ဖြစ်ပွားခဲ့ပြီးသည့်နောက် ၎င်းအား ကြိုးပေးကွပ်မျက်ခဲ့ခြင်းဖြစ်သည်။

(ဘီဘီစီ)

အာဖဂန်တောင်ပိုင်း၌ လောင်စာဆီတင်ယာဉ်နှင့် ဘတ်စ်ကားတစ်စီးတိုက်မိ၊ လူ ၃၆ ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၄

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် လောင်စာဆီတင်ဆောင်လာသည့် ယာဉ်တစ်စီးတို့ တိုက်မိကြရာ လူ ၃၆ ဦးထက်မနည်း သေဆုံးသွားကြောင်း သိရသည်။

ခရီးသည်တင်ဘတ်စ်ကားသည် ကန်ဒဟာမှကဘူးလ်သို့အသွားတွင် ဇာဘူးလ်ပြည်နယ် ဂျီလ်ဒတ်ဇရီယာအတွင်း၌ ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

အမျိုးသမီးများ၊ ကလေးငယ်များအပါအဝင် ခရီးသည်များစွာ သေဆုံးခဲ့ပြီး လူ ၂၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အာဖဂန်နစ္စတန်တွင် ယာဉ်တိုက်မှု ဆိုးရွားစွာ ဖြစ်ပွားသည့် မှတ်တမ်းများရှိပြီး ယာဉ်များနှင့် လမ်းများတွင် စည်းကမ်းထိန်းသိမ်းကြပ်မတ်မှု အားနည်းချက်များစွာ ရှိကြောင်း တွေ့ရသည်။

ဒဏ်ရာရရှိသူများကို ဇာဘူးလ်မြို့တော်ကွာလက်ရှိ ဆေးရုံများနှင့် ကန်ဒဟာပြည်နယ်ဆေးရုံများသို့ ပို့ဆောင်ခဲ့သည်။ အချို့မှာအသက်အန္တရာယ်စိုးရိမ်ရကြောင်း ဇာဘူးလ်ရှိ ပြည်နယ်အုပ်ချုပ်ရေးအရာရှိ ဂူအစ္စလာမ်ဆီရယ်က ပြောကြားခဲ့သည်။

(ဘီဘီစီ)

ဗာတီကန်၌ မာသာထရီဇာအား သူတော်စင်အဖြစ် တရားဝင်ဂုဏ်ပြုသည့်အထိမ်းအမှတ်အခမ်းအနားပြုလုပ်

ဗာတီကန် စက်တင်ဘာ ၄

အိန္ဒိယ၌ ချို့တဲ့ဆင်းရဲသည့် ဝေဒနာရှင် ပြည်သူများစွာတို့၏ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့သူဟု ထင်ရှားကျော်ကြားခဲ့သည့် သီလရှင် မာသာထရီဇာအား သူတော်စင်အဖြစ် ဂုဏ်ပြုကြေညာသည့် အခမ်းအနားကို ဗာတီကန်၌ ကျင်းပခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ဦးဆောင်ကျင်းပမည့် အဆိုပါအခမ်းအနားကို လာရောက်ကြည့်ရှုရန် စိန့်ပီတာစကွဲယားရင်ပြင်၌ လူထောင်ပေါင်းများစွာတို့ လာရောက်ခဲ့ကြသည်။

ကာလကတ္တား၌ ၎င်းဖွဲ့စည်းတည်ထောင်ခဲ့သည့် အိန္ဒိယရှိ ပရဟိတဆောင်ရွက်မှု သာသနာပြုအသင်းရှိရာ၌လည်း အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ခဲ့သည်။

စိန့်ပီတာစကွဲယားရင်ပြင်၌ ဒေသစံတော်ချိန် ၁၀ နာရီခွဲတွင် မာသာထရီဇာအား သူတော်စင်ဖြစ်ကြောင်း တရားဝင်ကြေညာသည့် အဆိုပါအခမ်းအနားကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က လူထုပရိသတ် အမြောက်အများကို ဦးဆောင်ခဲ့သည်။

မာသာထရီဇာသည် အိမ်ခြေ ၁၉ ခုဖြင့် စုပေါင်းလုပ်ကိုင်သည့် အမျိုးသမီးပရဟိတအသင်းကို စတင်ဖွဲ့စည်းတည်ထောင်ကာ ငြိမ်းချမ်းရေးနိုဘယ်ဆု ရရှိခဲ့သူဖြစ်သည်။

(ဘီဘီစီ)

မူးယစ်ကြောင့် သေဆုံးရမှုများအပေါ် ကုလသမဂ္ဂနှင့် ဖိလစ်ပိုင်တို့၏ သဘောထားကွဲလွဲမှု

ကလျာမိုးမြင့်

ဖိလစ်ပိုင်နိုင်ငံမှာ သမ္မတရိုးဒရီဂိုဒူတက်တေး အာဏာရရှိခဲ့ပြီး ရက်သတ္တသုံးပတ်အကြာမှာ မူးယစ်ဆေးဝါးကို တိုက်ဖျက်ဆန့်ကျင်တဲ့ စစ်ပွဲတစ်ရပ်ကို ဆင်ဟ်ခွဲလာခဲ့တာဟာ အခုဆိုရင် ထင်ထားတာ ထက်တောင် ပိုမိုပြင်းထန်နေခဲ့ပြီး မူးယစ်ဆေးဝါးကြောင့် သေဒဏ်ပေးခံခဲ့ရသူဦးရေဟာ ၁၈၀၀ လောက်ရှိခဲ့ပြီလို့ ရဲဌာနမှတ်တမ်းတွေက ဖော်ပြနေပါတယ်။

ဖိလစ်ပိုင်နိုင်ငံ ရဲတပ်ဖွဲ့အကြီးအကဲ ရော်နယ်လ်ဒယ်လာရိုဆာက ဇူလိုင်လ ၁ ရက်နေ့ကစတင်ပြီး ရဲအဖွဲ့ရဲ့ စစ်ဆင်ရေးအတွင်းမှာ မူးယစ်ဆေးဝါးတရားမဝင်ဖြန့်ဖြူးရောင်းချသူနဲ့ သုံးစွဲသူပေါင်း ၇၁၂ ဦးကို သုတ်သင်ခဲ့ပြီးဖြစ်တယ်လို့ တနလင်္ဂနေ့က ဆီးနိတ်လ္ဍတ်တော်ကော်မတီအဖွဲ့ကို ပြောကြားခဲ့ပါတယ်။

လက်ရှိမှာလည်း မူးယစ်ဆေးဝါးကြောင့် သေဆုံးသူ ၁၀၆၇ ဦးကို စုံစမ်းစစ်ဆေးနေကြောင်း ဒယ်လာရိုဆာက ပြောကြားခဲ့ပါတယ်။ အသေးစိတ်ကိုတော့ပြောမပြခဲ့ပါဘူး။ သမ္မတဒူတက်တေးဟာ တနင်္ဂနွေနေ့ကလည်း သေဆုံးသွားသူတွေနဲ့ပတ်သက်ပြီး ကုလသမဂ္ဂရဲ့ ပြစ်တင်ဝေဖန်မှုကို လက်သင့်မခံဘဲ အကြီးအကျယ်စောဒကတက်ခဲ့ပါသေးတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့နီးကပ်တဲ့ မဟာမိတ်ဖြစ်တဲ့ အမေရိကန်နိုင်ငံက ကြားသိရတဲ့ အဖြစ်အပျက်တွေကြောင့် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်းနဲ့ အမေရိကန်အစိုးရဌာနပြောရေးဆိုခွင့်ရှိသူ မာ့ခ်တိုနာက ဖိလစ်ပိုင်အာဏာပိုင်များက လိုက်နာကျင့်သုံးနေတဲ့ ဥပဒေပြဋ္ဌာန်းမှုကို လူ့အခွင့်အရေးစံနှုန်းသတ်မှတ်ချက်တွေနဲ့အညီ ခိုင်မာသေချာအောင် လုပ်ဖို့ ဒူတက်တေးက အစိုးရကိုတိုက်တွန်းခဲ့ပါတယ်။

သမ္မတ ဒူတက်တေးအာဏာရရှိလာချိန်ကစပြီး မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားသူတွေကို ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူခြင်းနဲ့ ၎င်းရဲ့ရင့်သီးတဲ့ စကားလုံး ထိုးနှက်မှုတွေဟာ မဟာဗျူဟာကျတဲ့ တောင်တရုတ်ပင်လယ် အရေးကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ ရှေ့တိုးတောင်းဆိုမှုကို ရင်ဆိုင်တဲ့နေရာမှာ အာရှဒေသမှာရှိတဲ့ မဟာမိတ်များနဲ့ လုပ်ဖော်ကိုင်ဖက် နိုင်ငံတွေအကြားပိုပြီး စုစည်းညီညွတ်မှုရရှိအောင် ကြိုးစားနေတဲ့ အမေရိကန်ကို အကျပ်အတည်းဖြစ်စေခဲ့ပါတယ်။

ဝါရှင်တန်မှာ ပြုလုပ်တဲ့အစိုးရအဖွဲ့ပုံမှန်အစည်းအဝေးမှာ မေးလာတဲ့မေးခွန်းတွေကို တိုနာရဲ့ တုံ့ပြန်ဖြေကြားမှုက အကျပ်အတည်းဖြစ်စေတယ်ဆိုတာကို ထင်းခနဲဖြစ်စေခဲ့ပါတယ်။ ဒီအစည်းအဝေးမှာ တိုနာက ဒူတက်တေးဟာ သိပ်ပွင့်လင်းတဲ့ နိုင်ငံရေးသမားတစ်ယောက်လို့ ပြောပါတယ်။

၂၀၁၆ ခုနှစ် သြဂုတ် ၂၂ ရက်မှာ ဖိလစ်ပိုင်မြို့တော် မက်ထရိမနီလာမှာရှိတဲ့ ပါစေမြို့က ဆီးနိတ်လ္ဍတ်တော်ရုံး အဆောက်အအုံမှာ မူးယစ်ဆေးဝါးအမှုနဲ့ပတ်သက်ပြီး သေဆုံးခဲ့ရမှုများကို စုံစမ်းတဲ့ ကြားနာစစ်ဆေးမှုအတွင်းမှာ သေဆုံးသူတွေရဲ့ ဆွေမျိုးများဟာ မျက်နှာကိုဖုံးကွယ်ပြီး တက်ရောက်ခဲ့ကြပါတယ်။

လိုအပ်တာထက်ပိုပြီး သတ်ဖြတ်နေတာတွေ၊ လူ့အခွင့်အရေးရပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို ဖိလစ်ပိုင်အစိုးရက ရှင်းရှင်းလင်းလင်း သိမြင်လာအောင် ဆက်လက်ကြိုးစားသွားရလိမ့်မယ်။ ဒါပေမယ့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမပျက်စေဘဲ ရှည်ကြာခိုင်မာအောင် ဆက်လက်ထိန်းသိမ်းသွားမှာဖြစ်တယ်လို့ အစိုးရအဖွဲ့ ပြောဆိုခွင့်ရပုဂ္ဂိုလ် မာ့ခ်တိုနာက ဖြေကြားခဲ့ပါတယ်။

အမေရိကန်နဲ့ ဖိလစ်ပိုင်ရဲ့ပွင့်လင်းမြင်သာတဲ့ ဆက်ဆံရေးဟာ ကောင်းမွန်နေတယ်ဆိုပေမယ့်လည်း အမေရိကန်အနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဘယ်တော့မှ မျက်ကွယ်ပြုသွားမှာမဟုတ်ဘူးလို့ပြောပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကပဲ သမ္မတဒူတက်တေးရဲ့ မူးယစ်ဆန့်ကျင်တဲ့ စစ်ဆင်ရေးအတွင်းမှာသံသယရှိတဲ့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူအရေအတွက်များစွာကို ဖိလစ်ပိုင်အာဏာပိုင်တွေက သုတ်သင်ခဲ့တာဟာ လူ ၉၀၀ လောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအရေအတွက်ဟာ မေ ၉ ရက် သမ္မတရွေးကောက်ပွဲမှာ ဒူတက်တေး အနိုင်ရချိန်ကစတင်ရေတွက်ခဲ့တဲ့ သေဆုံးသူစာရင်းသာဖြစ်ပါတယ်။

တနင်္ဂနွေနေ့ညပိုင်းမှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒူတက်တေးက ကုလသမဂ္ဂအဖွဲ့ဟာ ဖိလစ်ပိုင်ရဲ့ လုပ်ပိုင်ခွင့်အာဏာကို ကျဆင်းအောင်လုပ်နေတယ်လို့ စွပ်စွဲခဲ့ပြီး ဒီအတိုင်းသာဆိုရင် ဖိလစ်ပိုင်ဟာ ကုလသမဂ္ဂအဖွဲ့ကြီးကနေ နုတ်ထွက်သွားရလိမ့်မယ်လို့ ပြင်းထန်တဲ့စကားလုံးတွေနဲ့ ပြောဆိုခဲ့ပါတယ်။

ဒါပေမယ့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပါဖက်တိုရာစေးကတော့ ဖိလစ်ပိုင်ဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်နဲ့ ဆက်လက် တည်ရှိနေဦးမှာဖြစ်ပြီး သမ္မတကအခုလို ပြောဆိုခဲ့တာဟာ ၄င်းရဲ့မကျေနပ်မှုနဲ့အကြီးအကျယ်စိတ်ပျက်ဝမ်းနည်းမှုကို ဖော်ပြလိုတဲ့အတွက်ကြောင့်သာ ဒေါသအလျောက် ပြောဆိုခဲ့ခြင်းဖြစ်တယ်လို့ တနလင်္ဂနေ့မှာ ပြန်လည်ဖျန်ဖြေ ပြောဆိုခဲ့ပါတယ်။

နိုင်ငံတကာ အေဂျင်စီတွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာတွေ မျှားစွာရှိပေမယ့်လည်း ဖိလစ်ပိုင်ဟာကုလသမဂ္ဂလမ်းစဉ်ကို ယုံကြည်လိုက်နာဆဲဖြစ်တယ်လို့ ရာစေးကသတင်းစာရှင်းလင်းပွဲမှာ ဖြေရှင်းခဲ့ပါတယ်။ အဲဒီအချိန်ကျမှသာ ကုလသမဂ္ဂအပေါ်မှာ ဒူတက်တေးရဲ့သဘောထားနဲ့ ပတ်သက်ပြီး အမေရိကန်အာဏာပိုင်တွေရဲ့ ဝေဖန်ပြောဆိုမှုတွေ လျော့ကျသွားခဲ့တာပါ။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က ကုလသမဂ္ဂမှ လူ့အခွင့်အရေးကျွမ်းကျင်သူပညာရှင်နှစ်ဦးဟာ သေဒဏ်စီရင်မှုနဲ့သတ်ဖြတ်မှုတွေကို လိုအပ်တာထက်ပိုပြီး လုပ်ဆောင်နေတာကို ရပ်တန့်ဖို့ ဖိလစ်ပိုင်ကို တောင်းဆိုတိုက်တွန်းခဲ့ပါတယ်။

ရာစေးက သမ္မတဟာ မူးယစ်ဆန့်ကျင်တိုက်ဖျက်ရေးဆောင်ရွက်ရာမှာ လူ့အခွင့်အရေးရပိုင်ခွင့်တွေကို စွဲကိုင်ထိန်းသိမ်းဖို့ ကတိပေးအပ်ခဲ့ပြီးသားဖြစ်တဲ့အပြင် ဒါကို ချိုးဖောက်တဲ့သူတွေကိုလည်း စုံစမ်းစစ်ဆေးဖို့နဲ့တရားစွဲဆိုဖို့ ရဲတွေကို အမိန့်ပေးအပ်ထားပြီး ဖြစ်တယ်လို့ရှင်းပြပါတယ်။ ဖိလစ်ပိုင်ကိုလူ့အခွင့်အရေးချိုးဖောက်တယ်ဆိုတဲ့ ကောက်ချက်ဆွဲချမှုမျိုးကို အလျင်စလိုပြုလုပ်ခဲ့တဲ့အတွက် ၄င်းကကုလသမဂ္ဂအဖွဲ့ဝင်တွေကို ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ခိုင်လုံတဲ့ အကြောင်းပြချက်တွေမရှိဘဲ အခြေအမြစ်မရှိတဲ့ သတင်းရင်းမြစ်တွေကိုယုံကြည်ပြီး ခုလိုစွပ်စွဲပြောဆိုခဲ့တာတွေဟာ တာဝန်မဲ့တဲ့လုပ်ရပ်ဖြစ်တယ်လို့ ကုလသမဂ္ဂအဖွဲ့သို့ပြောကြားခဲ့ပါတယ်။

သမ္မတကိုဆန့်ကျင်တဲ့ ဝေဖန်ရေးသမား ဆီးနိတ်လ္ဍတ်တော်အမတ်လောင်း လိုင်းလားဒီလီမာဟာ သတ်ဖြတ်နေမှုများနဲ့ပတ်သက်ပြီး နှစ်ရက်တိုင်တိုင် လ္ဍတ်တော်ထဲမှာ ငြင်းခုန်ခဲ့ပြီး ဘာကြောင့်နိုင်ငံအတွင်းမှာ သတ်ဖြတ်မှုတွေဟာ ပြိုင်ဘက်ကင်းလောက်အောင် မြင့်တက် လာနေတယ်ဆိုတာ ကိုရှင်းပြဖို့ ထိပ်တန်းရဲအရာရှိတွေနဲ့ မူးယစ်ဆန့်ကျင်ရေးအာဏာပိုင်တွေကို မေးခွန်းထုတ်ခဲ့ပါတယ်။ ၄င်းက သတ်ဖြတ်မှုတွေကို ထမင်းစားရေသောက် လုပ်ဆောင်နေတာတွေကို စိတ်မချမ်းမသာဖြစ်ရတယ်လို့ဆိုပါတယ်။

ကိုးကား-ရိုက်တာ(၂၃-၈-၂၀၁၆)

ဖိလစ်ပိုင်ရဲတပ်ဖွဲ့အကြီးအကဲ ရော်နယ်လ်ဒယ်လာ ရိုဆာ

သတင်းစာရှင်းလင်းပွဲမှာ ဒူတက်တေးက ကုလသမဂ္ဂအဖွဲ့ဟာ ဖိလစ်ပိုင်ရဲ့ လုပ်ပိုင်ခွင့်အာဏာကို ကျဆင်းအောင်လုပ်နေတယ်လို့ စွပ်စွဲခဲ့ပြီး ဒီအတိုင်းသာဆိုရင် ဖိလစ်ပိုင်ဟာ ကုလသမဂ္ဂအဖွဲ့ကြီးကနေ နုတ်ထွက်သွားရလိမ့်မယ်လို့ ပြင်းထန်တဲ့စကားလုံးတွေနဲ့ ပြောဆိုခဲ့

အိုကလာဟိုးမားဌ် အင်အား ၅ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်ခတ်

ဟူစတန် စက်တင်ဘာ ၄

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်ဌ စနေနေ့ နံနက်ပိုင်းက အင်အား ၅ ဒသမ ၆ အဆင့်ရှိသည့် မြေငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ကြောင်း သိရသည်။ စနေနေ့ နံနက် ဒေသစံတော်ချိန် ၇ နာရီ ၂ မိနစ်တွင် အိုကလာဟိုးမားပြည်နယ်မြောက်ပိုင်း မြို့တော် ပေါ်နီး၏ အနောက်မြောက်ဘက် ၁၄ ဒသမ ၄ ကီလိုမီတာအကွာတွင် လှုပ်ခတ်သွားခဲ့သည်။ ကန်ဆက်၊ မစ်စူရီ၊ အာကန်ဆောနှင့် တက္ကဆက်ပြည်နယ်များအပါအဝင် အနီးဝန်းကျင် ဒေသအချို့ငလျင်ဒဏ်သင့်ခဲ့သည်ဟု အမေရိကန်ရှိ ပထဝီစစ်တမ်းကောက်ယူမှုအဖွဲ့ (USGS) မှသိရသည်။ မြို့တွင်းရှိ အဆောက်အအုံများထိခိုက်ပျက်စီးခြင်းမရှိသော်လည်း မြို့ပြင်၌ လွန်ခဲ့သည့် ၁၈၀၀ ခုနှစ်များနှင့် ၁၉၀၀ ခုနှစ်များအတွင်းက အုတ်သားဖြင့်တည်ဆောက်ခဲ့သော အဆောက်အအုံများမှာမူ ပြိုကျပျက်စီးခဲ့သည်။ လတ်တလောတွင် မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရရှိသူ မတွေ့ရကြောင်း ပေါ်နီးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

(ဆင်ဟွာ)

မြန်မာ- အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရာတွင် ကြားခံငွေကြေးသုံးစွဲမှု ပုံစံပြောင်းလဲရန်လိုအပ်

မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်ရာတွင် ကြားခံငွေကြေးသုံးစွဲမှု ပုံစံပြောင်းလဲရန် အထူးလိုအပ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောသည်။

စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင်ပြုလုပ်သည့် မွမ်ဘိုင်းအခြေစိုက် အင်ဒို-မြန်မာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုန်သည်များ အသင်း(IMCCI)မှ လုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လ္ဘာ လက်မှတ်ရေးထိုးပွဲတွင် မီဒီယာများအား ဒေါက်တာမျိုးသက်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရေးတွင် စိုက်ပျိုးရေး၊ စိုက်ပျိုးရေးဆိုင်ရာ စက်မှုလယ်ယာသုံးအဆင့်မြင့်ကိရိယာများ၊ အဆင့်မြင့်ရွှေသန့်စင်စက်နှင့်နည်းပညာများ၊ ဆိုလာပါဝါနှင့် ခရီးသွားမြှင့်တင်ရေးစသည့် ကဏ္ဍများကိုဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား နားလည်မှုစာချွန်လ္ဘာရေးထိုးခဲ့သည်။ ယနေ့ပြုလုပ်သည့် နှစ်နိုင်ငံဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များဘက်မှ ကုမ္ပဏီကြီး ၁၀ ခု လိုက်ပါဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့နဲ့ အိန္ဒိယ နှစ်နိုင်ငံအကြားကုန်သွယ်မှုမှာ အဓိကခက်နေတာက ကုန်သွယ်မှုဆိုင်ရာငွေကြေးပဲ။ သူတို့ဆီကသုံးတဲ့ ရူးပီးနဲ့ပဲ သူတို့ကအသုံးပြုတယ်။ နိုင်ငံတကာသုံးဒေါ်လာနဲ့ အဆင်ပြေအောင် မလုပ်ပေးနိုင်ဘူး။ ယူရိုနဲ့ဆိုလည်းရတယ်။ ကျွန်တော်တို့ဆီကငွေကြေးနဲ့ဆိုပိုဆိုးတာပေါ့။ ပြီးတော့ ယုံကြည်မှုတည်ဆောက်ဖို့လည်း သူတို့နဲ့ကလိုအပ်နေသေးတယ်။ ဒီလိုပြဿနာလေးတွေ သူတို့နဲ့ကရှိတယ်။ အမှန်တကယ် ဒီငွေကြေးပိုင်းဆိုင်ရာကြေတော့ နှစ်ဖက်နိုင်ငံ သက်ဆိုင်ရာအစိုးရချင်းဆွေးနွေးရမှာပါ။ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေချည်း ဆွေးနွေးနေလို့မရဘူး။ သူတို့နိုင်ငံဘက်က ဒေါ်လာတို့၊ ယူရိုတို့နဲ့သာ ငွေကြေးပြောင်းလဲမှုလုပ်လာမယ်ဆို မြန်မာ- အိန္ဒိယကုန်သွယ်မှုကဒီထက်မက သိသိသာသာတိုးတက်လာမှာပါ"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က ပြောသည်။

မြန်မာ- အိန္ဒိယ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ ၂ဒသမ၀ ဘီလီယံရှိခဲ့သည်။ မြန်မာနိုင်ငံမှ အဓိကတင်ပို့မှုမှာ ပဲအမျိုးမျိုး၊ နှမ်း၊ သစ်နှင့်သစ်အချောထည်များဖြစ်ကြောင်း သိရသည်။ ယခုအခါ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး IMCCI မှ ဒုတိယဥက္ကဋ္ဌ Mr. Rohinton Engineer ဦးဆောင်သောအဖွဲ့သည် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များကြား ကြားခံပေါင်းကူးအသင်းအဖြစ် အဓိကဆက်သွယ်ပေးလျက်ရှိပြီး သြဂုတ် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းနှင့် နားလည်မှုစာချွန်လ္ဘာ ရေးထိုးခဲ့ကာ နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးများနှင့်လည်း သြဂုတ် ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ စက်တင်ဘာ ၁ ရက်တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို နှစ်ဖက်သဘောတူဆွေးနွေးခဲ့ပြီး လက်မှတ်ရေးထိုးခဲ့ကြသည်။

ဘွဲ့ရကျောင်းသားများ အလုပ်ရရန် Job Fair ပြုလုပ်

မုံရွာ စက်တင်ဘာ ၄

ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့၏လုပ်ငန်းများကို ကျောင်းသားကျောင်းသူများသိရှိစေပြီး လုပ်ငန်းကုမ္ပဏီများတွင် လိုအပ်နေသော လူစွမ်းအားအရင်းအမြစ်များကို ခေါ်ယူခန့်ထားနိုင်ရန်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက်ဒုတိယအကြိမ် Job Fairကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်က ဒုတိယအကြိမ်အဖြစ် မုံရွာစီးပွားရေးတက္ကသိုလ် မိုးလုံလေလုံခန်းမအတွင်း ကျင်းပခဲ့သည်။

"ကျောင်းသားကျောင်းသူတွေအနေနဲ့ဘွဲ့ရတဲ့အချိန်မှာ အလုပ်အကိုင်ရှာဖွေနေရမယ့်အစား တစ်ခါတည်းအလုပ်တန်းရနေစေပါတယ်။ တစ်ခါကုမ္ပဏီတွေဘက်ကလည်း လေ့ကျင့်ပျိုးထောင်ပြီးသားကို အရန်သင့်ရရှိစေတဲ့အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိစေပါတယ်။ ကုမ္ပဏီအနေနဲ့စီးပွားရေးတက္ကသိုလ်ကသင်ပေးထားတဲ့ အဓိကဘာသာရပ်ကြီးငါးရပ်ထဲကကြိုက်ရာကို ကုမ္ပဏီနဲ့ကိုက်ညီတာကို ရွေးချယ်ခန့်ထားခွင့်ရစေပါတယ်။ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူတွေအားလုံးရဲ့ တစ်ဝက်လောက် အလုပ်ရသွားတယ်လို့ သိရပါတယ်"ဟု မုံရွာစီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာခင်ခင်ထွေးက ပြောပြသည်။

မုံရွာစီးပွားရေးတက္ကသိုလ်၏ ဒုတိယအကြိမ် Job Fair ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့်အတူ ကုမ္ပဏီပေါင်း၁၄ ခုတို့ ကျင်းပခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပုလုံးတုံးတုံးပင်လယ်ရွာတွင် လေပြင်းတိုက်၊ လှိုင်းရိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

ကော့သောင်း စက်တင်ဘာ ၄

ကော့သောင်းမြို့ ပုလုံးတုံးတုံးကျေးရွာတွင် စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ပင်လယ်ဒီရေတက်ချိန် လေပြင်းများတိုက်ခတ်ပြီး လှိုင်းလုံးများရိုက်ခတ်မှုကြောင့် ကမ်းစပ်နေကျေးရွာပြည်သူများ၏ အိုးအိမ်တချို့ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါနေ့ ကော့သောင်းမြို့၏ ရာသီဥတုအနေအထားမှာ မိုးများသည်းထန်စွာရွာသွန်းနေပြီး ပင်လယ်ဒီရေတက်ချိန် နံနက်ပိုင်းတွင် လေပြင်းများရုတ်တရက်တိုက်ခတ်သဖြင့် ပင်လယ်ဒီရေနှင့်အတူလှိုင်းလုံးကြီးများ ဆက်တိုက်ဝင်ရောက်လာကာ ကမ်းစပ်တစ်ဝိုက်ဆောက်လုပ်ထားသည့် နေအိမ်များကိုရိုက်ခတ်၍ ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ရေဆင်းတံတားများ ကျိုးပျက် ပြိုလဲခြင်း၊ အိမ်အနီးရေပြင်တွင် ဆိုက်ကပ်ထားသည့် ငါးဖမ်းလေ့ငယ်များ နစ်မြုပ်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိုးအိမ်နှင့် ငါးဖမ်းလေ့တချို့ ပျက်စီးဆုံးရှုံးမှုများရှိသည်မှလွဲ၍ ကျေးရွာပြည်သူများ ထိခိုက်နာကျင် သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

ခရိုင်နှင့်မြို့နယ်တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ လေဘေးသင့်မိသားစုများသို့ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။**ကျော်စိုး(ကော့သောင်း)**

အမည်မှန်
လားရှိုးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မကန်လာ၏ အမည်မှန်မှာ မဂန်လာဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဂန်တလီ ၁၃/ကလတ(နိုင်)၀၀၇၂၆၃ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကနီမြို့နယ်၊ နတ်ရဲတောင်အုပ်စု၊ ချောင်းနားကျေးရွာ၊ အထက ဝင်မနား၊ နဝမတန်း(A)မှ မသက်နွယ်စိုး၏ ဖခင်အမည်မှန်မှာ ဦးပွဲလှိုင် ၅/ကနန(နိုင်)၀၅၃၅၀၆ ဖြစ်ပါသည်။ **ဦးပွဲလှိုင်**

ဖခင်အမည်မှန်
မြင်းမူမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မစန်းစန်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၅/မမတ(နိုင်)၀၃၅၀၂ ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်း**

မိဘအမည်မှန်
ကျောက်မဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (C)မှ နန်းရွှေကြာ၏ မိဘအမည်မှန်မှာ ဦးစိုင်းကျော်စိန် ၁၃/ကမန(နိုင်)၀၄၂၀၆၀နှင့် ဒေါ်နန်းအေးစွမ် ၁၃/ကမန(နိုင်) ၁၂၁၉၁၈ဖြစ်ပါကြောင်း။
ဦးစိုင်းကျော်စိန်၁၃/ကမန(နိုင်)၀၄၂၀၆၀

မိဘအမည်မှန်
ကျောက်မဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (C)မှ နန်းဥမ္မာခိုင်၏ မိဘအမည်မှန်မှာဦးအိုက်ဆော ၁၃/ကမန(နိုင်)၀၅၈၀၅နှင့် ဒေါ်မြသန်းဌေး ၁၃/ကမန(နိုင်) ၀၃၀၅၀၉ဖြစ်ပါကြောင်း။
ဦးအိုက်ဆော ၁၃/ကမန(နိုင်)၀၅၈၀၅

မိဘ အမည်မှန်
ကျောက်မဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (C)မှ နန်းဥမ္မာ၏ မိဘ အမည်မှန် ဦးစိုင်းအိုက်စု ၁၃/ကမန(နိုင်)၀၄၂၀၆၃ဖြစ်ပါကြောင်း။
ဦးစိုင်းအိုက်စု ၁၃/ကမန(နိုင်)၀၄၂၀၆၃

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန် ပုံနှိပ်စက်ရုံမှ အသုံးပြုရန် မသင့်လျော်သည့် စက်ဟောင်းစက်ပျက် (၂)လုံးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးပြုရန် မသင့်လျော်သည့် စက်ဟောင်းစက်ပျက် အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂-၉-၂၀၁၆ရက်မှ ၁၂-၉-၂၀၁၆ရက် အထိ နေ့စဉ်နံနက် ၉း၁၀နာရီမှ ညနေ ၄း၁၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၁၂-၉-၂၀၁၆ ရက် ညနေ ၄ နာရီဖြစ်ပါသည်။

၃။ သတ်မှတ်အချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ကြောင်း
ဟုမ္မလင်းမြို့နယ်၊ လောင်ဖောင်အုပ်စု၊ လွင်ဦးကျေးရွာနေ မောင်ထွန်းထွန်း၀င်း၏ ဖခင် ဦးဝင်းဦးနှင့် ဦးထွန်းဦး ၅/ကလန(နိုင်)၀၀၃၂၀၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ကနီမြို့နယ်၊ ကင်းတောင်အုပ်စု၊ ညောင်သူများကျေးရွာ၊ အထက၊ ကနီ၊ တက္ကသိုလ်ဝင်တန်း ဝိဇ္ဇာ(A)မှ မနှင်းဝတ်ရည်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၅/ကနန(နိုင်) ၀၄၆၀၈၅ဖြစ်ပါသည်။

ဖခင်အမည်မှန်
မြောင်မြို့နယ်၊ ကျောက်ရစ်ကျေးရွာ၊ တော်ဝင်ဘုရာ၇်၊ ကိုယ်ပိုင်ကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်သဇင်၏ ဖခင်အမည်မှန်မှာ ဦးမြဘော ၅/မမန(နိုင်)၀၁၅၁၁၆ ဖြစ်ပါကြောင်း။ **ဦးမြဘော**

ဖောင်းကြွပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် 4D/8227 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးဝေးခရီးစုံအတွက်(၄၅၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လေဈေးကားမျိုးစုံငှားရန်ခိုင်သည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့၊ ကျေးရွာ(၁)ရပ်ကွက်ရှေ့ ကိုအောင်အောင် ၁၄/ဘကလ(နိုင်)၂၀၄၇၀၅၅နှင့် ဓနင်မာနိုင် ၁၄/ဘကလ(နိုင်)၂၀၃၀၁၄ တို့၏သား ကဒုံကနီ (အထက)၊ ဒုတိယတန်းမှ မောင်ကောင်းဆက်နိုင်အား မောင်ကောင်းဆက်လင်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကောင်းဆက်လင်း

ဖခင်အမည်မှန်
ကျောက်ပန်းတောင်းမြို့၊ ပြည်ဘုရား(ခ)ပဉ္စမတန်း(D)မှ ကျောင်းဝင်အမှတ် ခ/၆၄၁၃၊ မအေးသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်းသန့် ၉/မခန(နိုင်)၁၁၇၉၆ဖြစ်ပါကြောင်း။
ဦးအောင်လင်းသန့်

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်ဖြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(ဂ)မှ မပြည့်ပြည့်ဦမိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆွေ ၈/ရစက(နိုင်)၁၂၄၄၅ ဖြစ်ပါကြောင်း။
ဦးအောင်ဆွေ

ဖခင်အမည်မှန်
ဗဟိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ၊ (၃)ရပ်ကွက်နေ ကိုအောင်ဆေ ၁၄/ဘကလ(နိုင်)၂၀၄ဂ၀ဂ၅ နှင့် ဓနင်ခိုင် ၁၄/ဘကလ(နိုင်)၂၀၃ဝ၁ဝ၄ တို့၏သား ကဒုံကနီ (အထက)၊ ဒုတိယတန်းမှ မောင်ကောင်းဆက်ခိုင်အား မောင်ကောင်းဆက်လင်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ကောင်းဆက်လင်း

ဖခင်အမည်မှန်
ပြင်ဦးမြို့၊ ပျော်ဘွယ်စံပြကျေးရွာ၊ အထကကျောင်းဆွဲ ဒသမတန်းမှ မောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝ ၉/မခန(နိုင်)၀၃၆၂၃ ဖြစ်ပါကြောင်း။
ဦးတင်ဝ

ဖခင်အမည်မှန်
ကနီမြို့နယ်၊ ကင်းတောင်အုပ်စု၊ ညောင်သူများကျေးရွာ၊ အထက၊ ကနီ၊ တက္ကသိုလ်ဝင်တန်း ဝိဇ္ဇာ(A)မှ ကျော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းဝေ ၅/ကနန(နိုင်) ၀၄ဂ၀ဂ၅ဖြစ်ပါသည်။

ဖခင်အမည်မှန်
ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်အထက၊ တက္ကသိုလ်ဝင်တန်းမှ မချောအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရွှေ ၅/ဒပယ(နိုင်)၀၀၆၃၃၆ ဖြစ်ပါသည်။
ဦးခင်မောင်ရွှေ

ဖခင်အမည်မှန်
ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ချောင်းမ(နှ)ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်သိန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးမြင့် ၅/ကနန(နိုင်)၁၂၅၃၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်
ကျောင်းမဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (C)မှ နန်းစောမြင့်၏ မိဘအမည်မှန်မှာ ဦးစိုင်းအိုက်စု ၁၃/ကမန(နိုင်)၀၄၀၆၃ခုနှင့် ဒေါ်နန်းမြင့်မြင့်ရီ ၁၃/ကမန(နိုင်) ၀၄၃၁၃ခုဖြစ်ပါကြောင်း။
ဦးစိုင်းအိုက်စု ၁၃/ကမန(နိုင်)၀၄၀၆၃ခု

ဖခင်အမည်မှန်
ကျောင်းမဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (C)မှ ကျော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၁၃/ကမန(နိုင်)၀၄၂၀၆၀ နှင့် ဒေါ်ခင်ရီ ၁၃/ကမန(နိုင်) ၀၃၁၃၁ခုဖြစ်ပါကြောင်း။
ဦးကျော်စိန်

ဖခင်အမည်မှန်
ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ချောင်းမ(နှ)ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ ကိုကိုမောင်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးမြင့် ၅/ကနန(နိုင်)၁၂၅၃၅ ဖြစ်ပါသည်။

ဖခင်အမည်မှန်
ကျောင်းမဲမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (C)မှ ကျော်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်စိန် ၁၃/ကမန(နိုင်)၀၄၂၀၆ နှင့် ဒေါ်ခင်ရီ ၁၃/ကမန(နိုင်) ၀၃၁၃၁ခုဖြစ်ပါကြောင်း။
ဦးကျော်စိန်

အရှိန်မထိန်းနိုင်သောယာဉ် လမ်း၏ဝဲဘက်ရှိ တံတားလက်ရန်းတိုင်အား ဝင်ရောက်တိုက်မိ

နေပြည်တော် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် အမှတ်(၂၆၄/၇)နှင့်(၂၆၅/၀)ကြားတွင် စက်တင်ဘာ ၃ ရက် နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပေပင်လေး အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ရှမ်းပြည်နယ် ရပ်စောက်မြို့နေ ဦးတင့်ဇော်ဦး(၄၁ နှစ်) မောင်းနှင်လာသော CC/----ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ တံတားလက်ရန်းတိုင်ကို ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသည့် တောင်ဂူမြို့နယ် နဂါးမောက်ကျေးရွာနေ ဦးကံမြင့် (၄၁ နှစ်)တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း ဦးတင့်ဇော်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ညောင်ကုန်းတိုက်နယ်ဆေးရုံသို့ကူညီပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးတင့်ဇော်ဦးအား ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဖုန်းအရောင်းဆိုင်မှ ဟန်းဆက်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများ ခိုးယူသူများအား ဖော်ထုတ်ဖမ်းဆီး အရေးယူထား

နေပြည်တော် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ အမှတ်(၄)ရပ်ကွက်နေ ဦးမျိုးစည်သူ(၃၁ နှစ်)(အောင်ရတနာ ဖုန်းအရောင်းဆိုင်ပိုင်ရှင်)သည် စက်တင်ဘာ ၃ ရက် နံနက် ၆ နာရီက ဆိုင်သွားရောက်ဖွင့်စဉ် ဖုန်းဆိုင်အတွင်းရှိ ဖုန်းဟန်းဆက်မျိုးစုံ ၃၉ လုံး၊ Portable ခြောက်လုံး၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ ၁၇၂ ကတ်နှင့် ဖုန်းဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅ သိန်းကျော်ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသွားသူအား အရေးယူပေးရန်တိုင်တန်းရာ အသုတ်နယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

အသုတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ အသုတ်မြို့ အမှတ်(၄)ရပ်ကွက် ဘူတာရုံ၌ အသုတ်မြို့အမှတ်(၃)ရပ်ကွက်နေ ကျော်ဝေလင်း(၁) စကူး(၁၆နှစ်)၊ နိုင်ဝင်းထွန်း(၁)အယ်ကောင်(၁၅နှစ်)၊ ဝေယံလင်း(၁)ရဲထက်(၁၅ နှစ်)နှင့် အမှတ်(၄)ရပ်ကွက်နေ ဇာနည်မင်းစိုး(၁)မီးခြစ်ဆံ(၁၅နှစ်)တို့အား ဖုန်းဟန်းဆက်မျိုးစုံအလုံး ၃၀၊ Portableနှစ်လုံး၊ ဖုန်းငွေဖြည့်ကတ်မျိုးစုံ ၁၇၂ ကတ်၊ ဖုန်းဆက်စပ်ပစ္စည်းများနှင့်အတူ မသက်ဘဝယ်တွေ့ရှိသဖြင့် စစ်ဆေးရာ အဆိုပါပစ္စည်းများအား အောင်ရတနာဖုန်းဆိုင်မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံပစ္စည်းများသိမ်းဆည်းပြီး ၎င်းတို့လေးဦးအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **ကိုရဲ**

ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်၊ လူတစ်ဦးသေဆုံး

ရေစကြို စက်တင်ဘာ ၄

ပခုက္ကူ-မုံရွာကားလမ်းတွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပခန်းကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်မြတ်သူ သွားရောက်စစ်ဆေးခဲ့ရာ မြင်းခြံမြို့နေသူ ဖုန်းနိုင်မြင့် (၃၄ နှစ်) မောင်းနှင်သည့် 1L/------ ဟွန်ဒါဖစ်ခရောင်ယာဉ်က မျက်နှာချင်းဆိုင်မှလာသော ရေစကြိုမြို့နယ်နေသူ မိုးဦး(၂၂ နှစ်) မောင်းနှင်သည့် ၄၀ယ/---- ကင်ဘို ၁၂၅ ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိခဲ့သဖြင့် မိုးဦးမှာရရှိဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဖုန်းနိုင်မြင့်အား ရေစကြိုမြို့နယ် ပခန်းကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဝေယျ**

ပိုင်ရှင်မဲ့ကျွန်းသစ်လုံးများ သိမ်းဆည်းရမိ

ကသာ စက်တင်ဘာ ၄

ရှမ်းပြည်နယ်နှင့် ဆက်စပ်သော ခရီးလမ်းခက်ခဲသည့်ဒေသ၌ တရားမဝင်သစ်ထုတ်နေမှုကို လက်နက်ကိုင်တပ်ဖွဲ့အကူဖြင့် နယ်မြေရှင်းလင်းစဉ် ကသာမြို့နယ် အင်းကြီးကျေးရွာအုပ်စု မယ်ဝိုကျေးရွာ တောင်ဘက်သိမ်းအင်းပတ်ဝန်းကျင် ဝါးရုံတောင့် တရားမဝင်ကျွန်းသစ်လုံးများ စက်တင်ဘာ ၃ ရက်က ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ခရိုင်သစ်တောဦးစီးဌာန၏ ညွှန်ကြားချက်အရ ရှေ့လီမြစ်ကြောင်းတစ်လျှောက် တရားမဝင် သစ်ထုတ်လုပ်မှု မရှိစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အင်းကြီးကျေးရွာအုပ်စု မယ်ဝိုကျေးရွာ တောင်ဘက် သိမ်းအင်းပတ်ဝန်းကျင်၌ ခုတ်ယူထားရှိစုပုံထားသော တရားမဝင်ကျွန်းသစ်တိုင်လုံး ၁၆၀ (၃၃ ဒသမ ၀၅၂တန်ခန့်အား) တွေ့ရှိပြီး သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ငွေအိုး(ကသာ)

တောင်နံရံကိုဝင်တိုက်ပြီး ယာဉ်ငယ်ပေါ်ပိမိ

နောင်ချို စက်တင်ဘာ ၄

နောင်ချိုမြို့နယ် မန္တလေး-လားရှိုး-ဂုတ်တွင်းကားလမ်း မိုင်တိုင်အမှတ်(၈၂/၃-၄)ကြားတွင် စက်တင်ဘာ ၃ ရက် နံနက် ၃ နာရီက နောင်ချိုမြို့နယ် ဘက်မှ ကျောက်မဲဘက်သို့ ယာဉ်မောင်း ဇော်ဇော်အောင် မောင်းနှင်လာသော 8E/----- ၁၂ ဘီးယာဉ်သည် ဘရိတ်ပေါက်ကာ ကားလမ်းယာဘက်တောင်ကုန်းနံရံဖြင့် ပွတ်တိုက်မိပြီး တိမ်းမှောက်စဉ် ၎င်း၏ ယာဉ်ရှေ့တွင် မောင်းနှင်လာသည့် ယာဉ်မောင်း ကျော်ဇင်မောင်းနှင်လာသော ယာဉ်ငယ်ပေါ်သို့ ပိမိလဲကျသွားရာ ယာဉ်ပေါ်ပါရှိသူ တစ်ဦးတစ်ယောက်မှု ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

သို့ဖြစ်၍ ယာဉ်ကို ကြံ့ခိုင်မှုစစ်ဆေးခြင်းမပြုလုပ်ဘဲ ပေါ့ဆစွာမောင်းနှင်သူ ဇော်ဇော်အောင်(၃၂ နှစ်) ကြက်မင်းရပ်ကွက် ကျောက်ဆည်မြို့နေသူကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ဟိုပင်ရဲစခန်းပိုင်နယ်မြေတွင် ရွှေထည်ပစ္စည်းများနှင့် ငွေကျပ် ၁၀သိန်းထည့်ထားသော သံသေတ္တာခိုးယူသူကို ဖမ်းဆီးရမိ

ဟိုပင် စက်တင်ဘာ ၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ ရွှေထည်ပစ္စည်းခြောက်ကျပ်သားကျော်နှင့် ငွေကျပ် ၁၀ သိန်း ထည့်ထားသော သံသေတ္တာအား ခိုးယူသွားသူကို ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်

ဟိုပင်မြို့ အောင်နန်းရပ်ကွက်၌ နေထိုင်သူ ဒေါ်တင်တင်မိုးသည် သြဂုတ် ၃၁ ရက် နံနက်က မြို့မမြောက်ရပ်ကွက်၌ရှိသော ပေါ်တော်မူဘုန်းတော်ကြီးကျောင်းသို့ အရုဏ်ဆွမ်းကပ်ပြီး နံနက် ၅ နာရီခန့်တွင် နေအိမ်သို့ ပြန်လာခဲ့သည်။ နေအိမ်သို့ ပြန်ရောက်သောအခါ နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းတံခါးပွင့်နေသဖြင့် မသက်ာ၍ ဝင်ရောက်စစ်ဆေးရာ သံသေတ္တာတစ်လုံး ပျောက်ဆုံးနေသည်ကိုတွေ့ရှိရပြီး ရွှေထည်ပစ္စည်းများနှင့် ငွေများပါသွားသဖြင့် ဟိုပင်နယ်မြေရဲစခန်းသို့ သွားရောက်အမှုဖွင့် တိုင်ကြားခဲ့သည်။

ဟိုပင်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွဋ်နှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးကာ မသက်ာဖွယ်ရှိသူ နန့်ရင်းကျေးရွာနေ ဖိုးဖြူ(၁)စိန်ဝင်းအား လိုက်လံရှာဖွေရာ ၎င်း၏ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း ပုန်းအောင်းနေစဉ် ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဖိုးဖြူ(၁)စိန်ဝင်းက ဒေါ်တင်တင်မိုး ပျောက်ဆုံးသွားသောပစ္စည်းများအား ခိုးယူခဲ့ကြောင်း၀နေ့ခ်ပြီး ၇က်သိမ်းထားသောပစ္စည်းများအား အပ်နှံခဲ့သည်။

ငွေနှင့် ရွှေထည်ပစ္စည်းများခိုးယူသော ဖိုးဖြူ(၁)စိန်ဝင်း(၃၈နှစ်)အား ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၆၇)

ညောင်ရွှေမြို့၌ မီးလောင်မှုဖြစ်ပွား

ညောင်ရွှေ စက်တင်ဘာ ၄

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ နန္ဒဝန်ရပ်ကွက်နေ ဦးနိုင်ထွန်း နေထိုင်သည့် နေအိမ်အိပ်ခန်းအတွင်း ခြင်ဆေးခွေ မီးထွန်းညှိရာမှတစ်ဆင့် မီးလောင်ကာ နေအိမ်ထရံသို့ မီးကူးစက်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့် ပတ်သက်၍ ညောင်ရွှေမြို့မရဲစခန်းက အိမ်ရှင်အား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(မြိုနယ် ပြန်/ဆက်)**

အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. Handphone ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV , DVD , EVD စက်ပြင်သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာ လက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. ဒီဇယ်၊ ဓါတ်ဆီ အင်ဂျင်စက်ပြင် သင်တန်း
8. အဲယားကွန်း ရေခဲသေတ္တာကျွမ်းကျင် သင်တန်း
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. PIC Microcontroller သင်တန်း
13. ဂဟေဆက် သင်တန်း (3G, 4G, 3F, 4F)
14. ပိုက်ဖစ်တာသင်တန်း
15. Marine Electrical / Fitter / Welding သင်တန်းများ

(Since 2004)

ထူးခြားမှုများ

- GLORY သည်သင်တန်းကျောင်းသက်တမ်း (၁၂)နှစ် ရှိပြီဖြစ်ပြီးလေ့ကျင့်သင်တန်းပေးပြီး သင်တန်းသား(၁၉,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီးဖြစ်သည်။
- ဝါရင့်ဆရာများက ဦးစီးသင်ကြားပေးပြီး စာတွေ့ ၊ လက်တွေ့ အချိုးညီညီလေ့ကျင့်သင်ကြားပေးနေသည်။
- ဂျပန် ၊ UK အစရှိသော နိုင်ငံတကာကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပြီး လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိစေမည့် အထိရောက်ဆုံး သင်ရိုးညွှန်းတမ်းများ ဖြင့် လေ့ကျင့်သင်ကြားနေသည်။

GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

KONICA MINOLTA
PRINTING SOLUTIONS
ကမ္ဘာ့ဈေးအသက်သာဆုံး
ရောင်စုံ မိတ္တူကူးစက်

bizhub C221
3 Years Unlimited On-site Service

မိုးရာသီ အထူး PROMOTION 18 July to 30 September 2016

လုပ်ငန်းရှင်များနှင့် မိတ္တူဆိုင်များအတွက် ငွေကျပ် (၁၀) သိန်း
အထိ လျှော့ဈေးရရှိမည့် အထူးအခွင့်အရေး။

Authorized Distributer
Gandamar
O.A. & Business Solutions
Since 1951
HOTLINE : 09-253 547 980
09-253 547 981

FREE GIFTS

Pagepro 5650DN (Mono Laser Printer)
Copier Desk

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပသည်။

အုပ်စုပတ်လည် အမျိုးသမီးပွဲစဉ်များတွင် အုပ်စု(က)မှ မွန်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းမှ ၆၆-၂၂ မှတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်း ၈၁-၂၁ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ၄၂-၄၁ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အုပ်စုပတ်လည်(အမျိုးသား) ပွဲစဉ်များတွင် အုပ်စု(က)မှ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ၄၃-၇၀ မှတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီ တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက ၇၆-၃၇ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ ကယားပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး အသင်းက ၅၅-၇၃ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက ၄၅-၅၉ မှတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။ အဆိုပါပြိုင်ပွဲများ၏ အမျိုးသမီးအုပ်စုပတ်လည် ပွဲစဉ်များနှင့် အမျိုးသားကွာတားဖိုင်နယ်ပွဲစဉ်များကို အဆိုပါအားကစားရုံ၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံတွဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းစုစုပေါင်း ၁၀၀ ကျော်တို့သည် သြဂုတ် ၃၁ ရက်က သံတွဲမြို့နယ် နန်းချောင်းကျေးရွာရှိ မေတ္တာဝတီဘိုးဘွားရိပ်သာ ခြံဝင်းအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ် သန့်ဇင်(ပြန်/ဆက်)

ချန်ပီယံရှမ်းယူနိုက်တက်လူငယ်အသင်း

MNL လူငယ်ချန်ပီယံဆု ရှမ်းယူနိုက်တက်လူငယ်အသင်း ဆွတ်ခူး

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

တောင်ကြီး စက်တင်ဘာ ၄

၂၀၁၆ ရာသီ MNL လူငယ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၅) ပထမနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း တစ်ဝိုးစီ သရေကျသွားသည်။

ရှမ်းယူနိုက်တက်လူငယ်အသင်းသည် ချန်ပီယံဖြစ်ပြီးသော်လည်း အိမ်ကွင်း၌ ပထမဆုံးကစားရသည့်ပွဲတွင် သရေရလဒ်ရရှိအောင် ကစားသွားခဲ့သည်။ ချန်ပီယံရှမ်းယူနိုက်တက်အတွက် အမှတ်မလိုတော့သော်လည်း ရန်ကုန်အသင်းမှာ ဒုတိယနေရာအတွက် အမှတ်လိုနေသောကြောင့် အားထည့်ကစားခဲ့သည်။ ပွဲအစငါးမိနစ်တွင် သန်းဒွတ်က ရှမ်းယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၃၇ မိနစ်တွင် ထူးခန့်လွင်က ချေပဂိုးပြန်သွင်းခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် တောက်လျှောက်ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပွဲစဉ် (၂၃)ပြီးကတည်းက ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ယူ-၁၉ လက်ရွေးစင်ကစားသမား အများစုပါဝင်သည့်အပြင် ရာသီမစမီက စနစ်တကျ ဖွဲ့စည်းခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် MNL လူငယ်အမှတ်ပေးချန်ပီယံဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ MNL လူငယ်ပွဲစဉ်များမှာ ရန်ကုန်မြို့၌သာ ပုံမှန်ကျင်းပလျက်ရှိသော်လည်း ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်း ဝိုလ်ဝွဲခဲ့သောကြောင့် ချန်ပီယံဆုဖလားပေးအပ်ပွဲကို တောင်ကြီးမြို့သို့ ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။ MNL လူငယ်ပြိုင်ပွဲမှာ စက်တင်ဘာ ၁၃ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ချန်ပီယံရှမ်းယူနိုက်တက်လူငယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ချီးမြှင့်သည်။ ချန်ပီယံရှမ်းယူနိုက်တက်လူငယ်အသင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က အထူးချီးမြှင့်ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့သည်။

မုတ်သုံလေ အားကောင်းနေ

နေပြည်တော် စက်တင်ဘာ ၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့် ရန်ကုန် မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

ကိုးဘွဲ့ရ ရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာ ခံယူပါ။
နိုင်ငံကျော် ဓမ္မဂေါဏိ၊ ကိုးဘွဲ့ရဘုရားတော်၊ အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ အလျူတော် ငါးသောင်းကျပ်၊ (၂)ကျောင်း အလျူတော် ငါးသောင်းကျပ်၊ (၃)သိမ် အလျူတော် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ အလျူတော် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း အလျူတော် ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် အလျူတော် ငါးသောင်းကျပ်နှုန်းဖြင့်-
ရန်ကုန်၊ မြောက်ဒဂုံ၊ (၄/၂)ရပ်ကွက်၊ ဝိုလ်မျူးဝတ္ထုးလမ်း၊ ကိုးဘွဲ့ဂုဏောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-
မြောက်ဥက္ကလာ ကမ္ဘာဇောဏ်၊ အကောင့်နံပါတ် ၀၇၀-၁၂-၁၀၀-၇၃-၇၃၃ သို့ဖြစ်စေ လျူဒါန်းနိုင်ကြပါပြီ။
Ph: 09 78 78 77 969 , 09 78 78 87 969 , 09 21 10 30 5 , 09 787 6666 70
ရန်ကုန်တိုင်း အတွင်းရှိ ဘုရားနဲ့ ကျင်းပလိုသူများလည်း တရားပွဲ ပင့်ရောက်နိုင်ကြပါပြီ။

Y.E.S. Since 1994
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
ကျောင်းခွဲမရှိပါ။
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

Basic Spoken English		Pre-Intermediate English	
Sat & Sun-3:45-6:45 pm	3 Sep	Mon to Thurs-5:30-7:00pm	19 Sep
Mon to Thurs-3:00-5:00pm	5 Sep	**Structure & Written Expression**	
Mon to Thurs-5:30-7:00pm	5,26 Sep	Mon to Thurs-1:00-3:00pm	5 Sep
Sat & Sun-12:30-3:30 pm	10 Sep	Sat & Sun - 12:30 - 3:30pm	10 Sep
Mon to Thurs-10:00-12:00am	12 Sep	Mon to Thurs-5:30-7:00pm	19 Sep
Mon to Thurs-1:00-3:00pm	12,26 Sep	**Basic Writing Course**	
Mon to Thurs-7:30-9:30am	19,26 Sep	Mon to Thurs-10:00-12:00am	12 Sep
Grammar Foundation Course		**TOEFL Paper - based Test Preparation Course**	
Mon to Thurs-3:30-5:00pm	5 Sep	Mon to Thurs-3:30-5:00pm	5 Sep
Mon to Thurs-10:00-12:00am	19 Sep	NEW SAT,IELTS,API,AWC,IE,VEC	

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7I/1539 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန (ရွာသာကြီး)

ဖခင်အမည်မှန်
ပျဉ်းမနားမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မင်ြမိုးစုလွင်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၉/ပမန (နိုင်) ၀၂၄၃၀၄ ဖြစ်ပါကြောင်း။ ဦးစန်းလွင်

တစ်ဦးတည်းဖြစ်ကြောင်း
ပေါက်ခေါင်းမြို့ အမှတ်(၂)ရပ်ကွက် ၈၆ ဦးစန်းဝင်း၏သား မောင်ဖြိုးတေဇာကျော်နှင့် မောင်သက်ဦးမောင် ၇/ပဓတ (နိုင်)၁၀၇၁၅၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်လင်းအောင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၇/အတန(နိုင်)၀၁၂၉၁ဖြစ်ပါကြောင်း။ ဦးစိုးနိုင်

မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ ဒေါ်ခင်ခင်ဦး၏ မိဘအမည်မှန်မှာ ဦးကျော်လွင်ဦး ၇/အတန(နိုင်)၀၃၃၁၄နှင့် ခေါ်ယဉ်ယဉ်အေး ၇/အတန(နိုင်)၀၃၃၅၈၅ ဖြစ်ပါကြောင်း။
ဦးကျော်လွင်ဦး-ခေါ်ယဉ်ယဉ်အေး

ဆောက်လုပ်ရေးဝန်ကြီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လမ်းခင်းကျောက်များနှင့် တည်ဆောက်ရေးပစ္စည်းများအား သယံဇာတ၊ဆောင်ခအပါအဝင် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။
- **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၉-၂၀၁၆ ရက်
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၅-၉-၂၀၁၆ ရက်
- **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီ
- **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၅-၉-၂၀၁၆ရက် မွန်းလွဲ ၂း၀၀နာရီ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁၃-၉-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
- **လျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့၊ ဖုန်း-၀၄၅-၄၀၄၂၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 9F/4982 Toyota Landcruiser Prado S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးငွေရ ၁၂/သခန(နိုင်)၀၄၅၅၃၃၃ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း
နိုင်ငံတကာ သတင်းကျမှန်
2016 SEPTEMBER 5 TO 11 , MONDAY | 1376
အတွေးအမြင် ဆောင်းပါးများကဏ္ဍမှ
အာရှစီးပွားရေးတိုးတက်မှု မောင်းနှင်အား ရုပ်ဝတ္ထုပစ္စည်းများ ဒေတာသိုလှောင်
သမိုင်းကို လေ့လာခြင်းဖြင့် သင်ယူပါ
မီးတောင်တွင်းမှ မိုင်းလုပ်သားများ
ဘယ်အောင် နိုင်ငံရေး သောင်းပမာ
၂၁ ရာစုသော် ဖိုးဆက်သစ်လူငယ်တို့အတွက် နိုင်ငံရေးအသိ သတိပြုမှုပားရေးဆာစဉ်
နိုင်ငံတော်တည်ဆောက်ရေး မယလုလင်စိတ်ဓာတ်မွေး
အရှိန်မြင့်လာသည့် ကမ္ဘာ့လက်နက်ပြိုင်ပွဲ
ဘယ်အောင် ထိုးကား နိုင်ငံကမ္ဘာ သတင်းများ
မြေအောက်ယူရေနီယမ်သန့်စင်စက်ရုံအနီး
ရာရားလုပ် S-300 ခုံးခွင်းစနစ် အီရန်ဖြန်ကြက်လိုက်ပြီ
ဘာသာပြန်စာပေပွဲ ပြိုးရေး လူငယ်များထံမှ စာပူကောင်းများပေါ်ထွက်လာ
တနလင်္ဂနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ-ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းရောင်းကျပ် ၃၀၀၀/-
ကြော်ငြာနှင့် မြန်ချီရေး - အမှတ်(၅၅)၊ ကိုယ်မင်းကိုယ်ချင်းလမ်း။
မြန်မာ့အလင်းပုံနှိပ်စိတ်တိုက်၊ ဗဟန်းမြို့နယ်။
နေပြည်တော် - ရုံးအမှတ်(၇)၊ internationaljournalmm@gmail.com
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၈၆၅၃

ချစ်ခင်ရိုသေ ကိုးကွယ်ရမည့် ရှင်ဘုရားတော်ကြီး
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ
ကိုးကွယ်ပူဇော်ခြင်းနှင့် ကုသိုလ်ပြုခြင်းများ ပြုလုပ်ကြပါ

ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေများစာရင်း

နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ သြဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

ယမန်နေ့မှအဆက်

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ (ပထစဉပဒေအမှတ် ၂၆/၂၀၁၆)		

ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၆၄)		
၂။	ရုပ်မြင်သံကြားနင့်ဗီဒီယိုဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၆)		
၃။	ရုပ်ရှင်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၆)		
၄။	သတင်းဓိဒီယာဥပဒေ (ပထစဉပဒေအမှတ် ၁၂/၂၀၁၄)		
၅။	ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (ပထစဉပဒေအမှတ် ၁၃/၂၀၁၄)		
၆။	ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (ပထစဉပဒေအမှတ် ၅၃/၂၀၁၅)		

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Treasure Trove Act (India Act 6,1878, Vol. X)		
၂။	The Religious Societies Act (India Act 1, 1880, Vol. IX)	ပြည်ထဲရေး	
၃။	The Mussalman Wakf Validating Act (India Act 6, 1913, Vol. XI)	တရားလွှတ်တော်ချုပ်	
၄။	The Charitable and Religious Trusts Act(India Act 14, 1920,Vol.IX)		
၅။	The Mussalman Wakf Act (India Act 42, 1923, Vol. IX)	တရားလွှတ်တော်ချုပ်	
၆။	၁၉၆၁ ခုနှစ်၊ နိုင်ငံတော်ဘာသာ၊ သာသနာချီးမြှောက်ထောက်ပံ့ရေးအက်ဥပဒေ (ဥပဒေအမှတ် ၂၄/၁၉၆၁ ခုနှစ်)		
၇။	သမိုင်းဝင်ပုဂ္ဂိုလ်များ၏ အထိမ်းအမှတ်မော်ကွန်းဥပဒေ (ဥပဒေအမှတ် ၄၆/ ၁၉၆၂)		
၈။	ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၃/၁၉၈၀ ပြည့်နှစ်)	ပြည်ထဲရေး	
၉။	ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ (ဥပဒေအမှတ် ၉/၁၉၈၃ ခုနှစ်)	ပြည်ထဲရေး	
၁၀။	သံယာအဖွဲ့အစည်းဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၂၀/၁၉၉၀)		
၁၁။	မြန်မာ့သမိုင်းအဖွဲ့ဥပဒေ (နဝတဥပဒေအမှတ် ၁၂/၁၉၉၁)	ပညာရေး	
၁၂။	ယဉ်ကျေးမှုတက္ကသိုလ်ဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၃)	ပညာရေး	
၁၃။	ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နယကဥပဒေအမှတ် ၉/၁၉၉၈)		
၁၄။	အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နယကဥပဒေအမှတ် ၁၀/၁၉၉၈)		
၁၅။	တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၃၇/ ၂၀၁၀)		
၁၆။	ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (ပထစဉပဒေအမှတ် ၄၃/ ၂၀၁၅)		
၁၇။	ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ (ပထစဉပဒေအမှတ် ၄၈/ ၂၀၁၅)		
၁၈။	ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (ပထစဉပဒေအမှတ် ၅၁/ ၂၀၁၅)		

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Boundaries Act (India Act 5, 1880 ,Vol. X)		
၂။	The Canal Act (Myanmar Act 2, 1905, Vol. IV)		
၃။	The Registration Act (India Act 16, 1908, Vol. X)		
၄။	The Embankment Act (India Act 4, 1909, Vol. IV)		
၅။	The Registration of Kittima Adoptions Act (Myanmar Act 14, 1939, Vol. XI)	တရားလွှတ်တော်ချုပ်	
၆။	ရေခွန်နှင့် တာတမံခွန်ဥပဒေ (ဥပဒေအမှတ် ၁/ ၁၉၈၂)		
၇။	နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နဝတဥပဒေအမှတ် ၁၁/၁၉၈၉)		
၈။	ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၂၄/၁၉၈၉)		
၉။	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၀)		
၁၀။	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ (နဝတဥပဒေအမှတ် ၁၇/၁၉၉၀) (ယခင်အမည် မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေကို နဝတဥပဒေအမှတ် ၃/၁၉၉၇ ဖြင့် ပြင်ထားပါသည်)		
၁၁။	ရေချိုငါးလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၉၁)		
၁၂။	အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁၃/၁၉၉၁) (ယခင်အမည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေကို ၁၄/ ၂၀၁၁ ဖြင့် ပြင်ဆင်ထားပါသည်)		
၁၃။	သမဝါယမအသင်းဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၂)		
၁၄။	အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (နဝတဥပဒေအမှတ် ၈/၁၉၉၃)		
၁၅။	တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ (နဝတဥပဒေအမှတ် ၁၇/၁၉၉၃)		
၁၆။	တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၅)		
၁၇။	မြေသြဇာဥပဒေ (နယကဥပဒေအမှတ် ၇/ ၂၀၀၂)		
၁၈။	မျိုးစေ့ဥပဒေ (နယကဥပဒေအမှတ် ၁/ ၂၀၁၁)		
၁၉။	မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (ပထစဉပဒေအမှတ် ၁၀/ ၂၀၁၂)		
၂၀။	လယ်ယာမြေဥပဒေ (ပထစဉပဒေအမှတ် ၁၁/ ၂၀၁၂)		
၂၁။	တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (ပထစဉပဒေအမှတ် ၃၂/ ၂၀၁၃)		
၂၂။	မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေ (ပထစဉပဒေအမှတ် ၄၁/ ၂၀၁၅)		
၂၃။	ပိုးသတ်ဆေးဥပဒေ (ပထစဉပဒေအမှတ် ၁၄/ ၂၀၁၆)		
၂၄။	အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (ပထစဉပဒေအမှတ် ၁၅/ ၂၀၁၆)		

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Myanmar Registration of Ships Act(India Act 10, 1841, Vol.VII)		
၂။	The Bills of Lading Act (India Act 9, 1856, Vol. VII)		
၃။	The Carriers Act (India Act 3, 1865, Vol. VII)		
၄။	The Obstruction in Fairways Act (India Act 16, 1881, Vol. VII)		
၅။	The Myanmar Post Office Act (India Act 6, 1898, Vol.VII)		
၆။	The Defile Traffic Act (India Act 8, 1907, Vol. VII)		
၇။	The Ports Act (India Act 15, 1908, Vol. VII)		
၈။	The Myanmar Merchant Shipping Act (India Act 21, 1923, Vol. VII)		
၉။	The Myanmar Carriage of Goods by Sea Act (India Act 26, 1925, Vol. VII)		
၁၀။	The Myanmar Carriage by Air Act (India Act 20, 1934, Vol. VII)		
၁၁။	The Myanmar Aircraft Act (India Act 22, 1934, Vol. VII)		
၁၂။	The Myanmar Lighthouse Act (India Act 2,1937,Vol.VII)သင်္ဘော		
၁၃။	ပင်လယ်ရေကြောင်းသွားလာမှု သင်္ဘောတူစာချုပ်များအက်ဥပဒေ (ဥပဒေအမှတ် ၁၉/ ၁၉၅၂ အတွဲ-၇)		
၁၄။	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ (နယကဥပဒေအမှတ် ၁/ ၂၀၀၂)		
၁၅။	အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/ ၂၀၀၄)		
၁၆။	ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (နယကဥပဒေအမှတ် ၈/ ၂၀၀၇)		
၁၇။	ဆက်သွယ်ရေးဥပဒေ (ပထစဉပဒေအမှတ် ၃၁/ ၂၀၁၃)		
၁၈။	ဘက်စုံပို့ဆောင်ရေးဥပဒေ (ပထစဉပဒေအမှတ် ၃/ ၂၀၁၄)		
၁၉။	နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်း ကိရိယာများဆိုင်ရာဥပဒေ (ပထစဉပဒေအမှတ် ၃၇/ ၂၀၁၄)		
၂၀။	ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (ပထစဉပဒေအမှတ် ၅၁/ ၂၀၁၄)		
၂၁။	မြန်မာအမျိုးသားလေကြောင်းဥပဒေ (ပထစဉပဒေအမှတ် ၅၂/ ၂၀၁၄)		
၂၂။	မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ပထစဉပဒေအမှတ် ၁၀/ ၂၀၁၅)		
၂၃။	မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (ပထစဉပဒေအမှတ် ၂၁/ ၂၀၁၅)		
၂၄။	ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ (ပထစဉပဒေအမှတ် ၂၉/ ၂၀၁၅)		
၂၅။	မော်တော်ယာဉ်ဥပဒေ (ပထစဉပဒေအမှတ် ၅၅/ ၂၀၁၅)		
၂၆။	ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ (ပထစဉပဒေအမှတ် ၃/ ၂၀၁၆)		
၂၇။	ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ (ပထစဉပဒေအမှတ် ၄/ ၂၀၁၆)		

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Explosives Act (India Act 4, 1884, Vol.V)	ပြည်ထဲရေး	
၂။	ဆားလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၆/ ၁၉၉၂)		
၃။	သစ်တောဥပဒေ (နဝတဥပဒေအမှတ် ၈/ ၁၉၉၂)		
၄။	တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နဝတဥပဒေအမှတ် ၆/ ၁၉၉၄)		
၅။	မြန်မာ့သတ္တုတွင်းဥပဒေ (နဝတဥပဒေအမှတ် ၈/ ၁၉၉၄)		
၆။	မြန်မာ့ပုလဲလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၇/ ၁၉၉၅)		
၇။	မြန်မာ့ကျောက်မျက်ရတနာဥပဒေ (နဝတဥပဒေအမှတ် ၈/ ၁၉၉၅)		
၈။	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပထစဉပဒေအမှတ် ၉/ ၂၀၁၂)		

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း	မှတ်ချက်
၁။	The Oilfields Act (Myanmar Act 1, 1918, Vol.V)	သယံဇာတ	
၂။	The Water Power Act (Myanmar Act 11, 1927, Vol. V)	သယံဇာတ/လယ်ဆည်	
၃။	The Petroleum Act (India Act 30, 1934, Vol.V)	သယံဇာတ/စီးကူး/ ပို့ဆက်	
၄။	၁၉၅၇ ခုနှစ်၊ ရေနံဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု စည်းမျဉ်းကန့်သတ်မှု) အက်ဥပဒေ (ဥပဒေအမှတ် ၅၅/၁၉၅၇)		
၅။	ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးဥပဒေ (ဥပဒေအမှတ် ၆/ ၂၀၀၅)		
၆။	လျှပ်စစ်ဥပဒေ(ပထစဉပဒေအမှတ် ၄၄/ ၂၀၁၄)		

စာမျက်နှာ ၁၆ သို့

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရင်းငွေများ												
											ကြွေးမြီ				
			အခွန်အကောက်	နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရရှိငွေ	အခြားသာမန်ရရှိငွေ	အတိုးရရှိငွေ	ထောက်ပံ့ငွေရရှိငွေ	ငွေလုံးငွေရင်းရရှိငွေ	ပြည်ပအကူအညီ ရရှိငွေ	ထုတ်ချေးငွေ အတွက်ပြန်ရရှိငွေ	ချေးယူရရှိငွေ	အဖွဲ့အစည်းများတွင် ရင်းနှီးငွေမူရရှိငွေ	စုဆောင်းငွေမှ ရရှိငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၁	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ			၂,၅၈,၇၁၀.၉၀၈				၂,၆၂၂.၅၂၀		၁၁၀,၆၀၃.၇၆၀			၃,၄၃.၉၃၇.၁၈၈
၂	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း	၎င်း			၅၄၈,၅၃၃.၁၂၀						၁၇.၀၈၃.၇၁၉			၅၆၅,၆၀၆.၈၃၉
၃	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးဓာတ်ပိုရေးရှင်း	၎င်း			၂၃၉.၀၆၅.၁၁၀						၈.၅၆၆.၆၇၀			၂၄၇.၆၃၁.၇၈၀
	ပေါင်း				၁,၀၁၆,၃၀၉.၁၃၈				၂,၆၂၂.၅၂၀		၁၃၆,၂၅၄.၁၄၉			၁,၁၅၅,၁၈၅.၈၀၃

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
							ကြွေးမြီ				
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ထုတ်ချေးငွေ	ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ	၂၀၃,၈၉၃.၂၅၅			၁,၂၄,၀၄၄,၉၀၀		၇,၀၁၀,၃၀၀			၃၃၄,၉၄၈,၄၅၅
၂	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း	၎င်း	၅၃၁,၀၉၉.၄၄၁			၃၄,၅၉၆.၇၉၀					၅၅၅,၆၉၆.၂၃၁
၃	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း	၎င်း	၂၁၉,၆၆၇.၁၅၂			၂၀,၆၃၈.၇၂၇					၂၄၀,၃၀၅.၈၇၂
	ပေါင်း		၉၅၄,၆၅၉.၈၄၈			၁၂၉,၂၈၀.၄၁၀		၇,၀၁၀,၃၀၀			၁,၀၄၀,၉၅၅.၅၅၈

နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
							ကြွေးမြီ				
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ထုတ်ချေးငွေ	ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင် ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	နေပြည်တော်ကောင်စီ	နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ	၆၆၆.၆၆၀		၈၀၀.၀၀၀	၈,၇၆၃.၇၂၀					၁၀,၂၃၀.၃၈၀
	ပေါင်း		၆၆၆.၆၆၀		၈၀၀.၀၀၀	၈,၇၆၃.၇၂၀					၁၀,၂၃၀.၃၈၀

စာမျက်နှာ ၁၅ မှ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ

စဉ်	ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်	ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း	မှတ်ချက်
၁။	The Foreigners Act (India Act 3, 1864, Vol. I)	နိုင်ငံခြားရေး	
၂။	The Workmen's Compensation Act (India Act 8,1923, Vol. V)		
၃။	The Dock Labourers Act (India Act 19, 1934, Vol. V)		
၄။	The Registration of Foreigners Act (Myanmar Act 7, 1940, Vol.I) (Myanmar Act 7, 1940, Vol.I)		
၅။	The Foreigners (Extension) Act (Act II, 1947, Vol.XIII)		
၆။	The Myanmar Immigration (Emergency Provisions) Act (Myanmar Act 31, 1947, Vol.I)		
၇။	The Dock Workers (Regulation of Employment) Act (Myanmar Act 13, 1948,Vol. V)		
၈။	The Registration of Foreigners (Extension)Act(Act 20,1949,Vol.XIII)		
၉။	The Myanmar Immigration (Emergency Provisions) (Extension) Act(Act 25,1949,Vol.XIII)	နိုင်ငံခြားရေး	
၁၀။	အလုပ်အကိုင်ဆိုင်ရာစာရင်း စစ်တမ်းကောက်ယူခြင်းအက်ဥပဒေ (ဥပဒေအမှတ် ၅၄/ ၁၉၄၈ ခုနှစ်၊ အတွဲ ၅)		
၁၁။	ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၄၁/ ၁၉၄၉ ခုနှစ်၊ အတွဲ-၁)		
၁၂။	ရေနံမြေ(အလုပ်သမားများ သက်သာချောင်ချိရေး)အက်ဥပဒေ (ဥပဒေအမှတ် ၂၁/၁၉၅၁ ခုနှစ်၊ အတွဲ ၅)	လျှပ်စစ်/စွမ်းအင်	
၁၃။	ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (ဥပဒေအမှတ် ၅၈/၁၉၅၁ ခုနှစ်၊ အတွဲ ၅)		
၁၄။	၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ (ဥပဒေအမှတ် ၆၅/ ၁၉၅၁ ခုနှစ်၊ အတွဲ ၅)	ကျန်းမာရေး	
၁၅။	၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေ(ဥပဒေအမှတ် ၂၉/ ၁၉၅၉ ခုနှစ်)		
၁၆။	မြန်မာနိုင်ငံသားဥပဒေ (ဥပဒေအမှတ် ၄/၁၉၈၂ ခုနှစ်)	နိုင်ငံခြားရေး	
၁၇။	ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (နယ်ကဥပဒေအမှတ် ၃/၁၉၉၉)		
၁၈။	အလုပ်သမားအဖွဲ့အစည်းဥပဒေ (ပထစဥပဒေအမှတ် ၇/ ၂၀၁၁)		
၁၉။	အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ(ပထစဥပဒေအမှတ် ၅/ ၂၀၁၂)		
၂၀။	၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ (ပထစဥပဒေအမှတ် ၁၅/ ၂၀၁၂)		
၂၁။	၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ (ပထစဥပဒေအမှတ် ၇/ ၂၀၁၃)		
၂၂။	လူပဲ့ရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ (ပထစဥပဒေအမှတ် ၁၉/ ၂၀၁၃)		
၂၃။	အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(ပထစဥပဒေအမှတ် ၂၉/ ၂၀၁၃)		
၂၄။	၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ (ပထစဥပဒေအမှတ် ၁၇/ ၂၀၁၆)		
၂၅။	၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ (ပထစဥပဒေအမှတ် ၁၈/ ၂၀၁၆)		

(ဆက်လက်ဖော်ပြပါမည်)

ကျွန်တော်နဲ့ စီးပွားရေးနဲ့ လူ့အခွင့်အရေး

● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

မနေ့က ကျွန်တော်ဆွေးနွေးပွဲတစ်ခုကို တက်ရောက်ခဲ့တယ်။ ဒီပွဲမှာ ကျွန်တော့်ကိုအဖွင့်မိန့်ခွန်းပြောဖို့ရယ်၊ နေ့လယ်ပိုင်းမှာ စကားဝိုင်းမှာ ပါဝင်ဆွေးနွေးဖို့ ဖိတ်တဲ့သူက မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဆရာမကြီး ဒေါ်သန်းနွယ်၊ သူနဲ့ကျွန်တော်က တက္ကသိုလ်မှာ ဆရာ ဆရာမတွေလုပ်တုန်းရင်းနီးခဲ့တာ၊ တလောကစင်ကာပူမှာ ကျင်းပတဲ့ ပွဲတစ်ခုမှာလည်း ဆုံခဲ့သေးတယ်၊ သူက လုပ်ပေးပါလို့ ပြောတော့ မငြင်းသာဘူး၊ ဆွေးနွေးပွဲခေါင်းစဉ်ကလည်း ကျွန်တော်စိတ်ဝင်စားပြီး ယခုအချိန်အထိလုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်နေတာမို့ လုပ်ပေးချင်တဲ့ ဆန္ဒလည်း ကျွန်တော့်မှာ ရှိပါတယ်။ ဒီပွဲမှာ စက်မှုကုန်သည်အသင်းချုပ်က ဒေါ်ခိုင်ခိုင်နွယ်၊ ကျွန်တော့်ရဲ့မိတ်ဆွေ မစ္စတာမာတင်ပန်း လည်းပါတော့ ပိုပြီးလုပ်ချင်တဲ့စိတ်တွေရှိပါတယ်။ ကျွန်တော့်သမီး သက်ထားသက်လည်း သူ့တက္ကသိုလ်ကို မပြန်မီ အဖေနဲ့လိုက်ချင်တာမို့ ခေါ်ခဲ့တယ်။

ဆွေးနွေးပွဲလုပ်တဲ့ ဟိုတယ်ကိုကျွန်တော်နဲ့မစ္စတာမာတင်ပန်းတို့ နံနက်စောစောစာ စားပြီး ကြိုတင်ရောက်ခဲ့တယ်။ တက်ရောက်လာတဲ့ သူတွေကိုလည်း နှုတ်ဆက်ခွင့်ရခဲ့တယ်။ စင်ကာပူနိုင်ငံမှာအခြေစိုက်တဲ့ အာဆီယံ စီအက်(စ်) အာကွန်ရက်က အမှုဆောင်အရာရှိချုပ် မစ္စတာသောမတ်(စ်)ကို နှုတ်ဆက်ဖြစ်တယ်။ သူနဲ့က မကြာမကြာတွေ့ဖြစ်တာ။ လုပ်ငန်းသဘာဝချင်းက တူနေတာ။ ပရိသတ်တွေ တစ်ယောက်ပြီးတစ်ယောက် အခမ်းအနားကျင်းပမယ့် ခန်းမထဲ အလျှိုလျှိုရောက်လာကြတယ်။ ကားကျပ်လို့နောက်ကျကြတယ်။ အခုလိုဖြစ်နေတာကလည်း ထုံးစံဖြစ်နေပြီ။ သွားရေးလာရေးအတွက် အချိန်တွေမလိုဘဲ ပိုပေးနေရတာ ဆုံးရှုံးမှုကိုတွက်ရင် မနည်းလှဘူး။ တာဝန်ရှိသူတွေ အဖြေမြန်မြန်ရှာနိုင်ပါစေလို့သာ ဆုတောင်းနေမိတယ်။ အမှန်တော့ ကားကျပ်တာကို ကားကျပ်တာတစ်ခုတည်းကြည့်လို့မဖြစ်ဘဲ ရန်ကုန်တစ်မြို့လုံး အတိုင်းအတာနဲ့ လွှမ်းခြုံကြည့်ပြီး ကာလတို ကာလရှည်အဖြေတွေဖော်ထုတ်ရမှာဖြစ်တယ်။ ငွေကုန်လူပန်းတာတော့ အမှန်ပါ။ အနာသိနေပေမယ့် ဆေးမရှိသလိုဘဲ အိမ်နီးနားချင်းနိုင်ငံတွေမှာရခဲ့တဲ့သင်ခန်းစာတွေကို ယူဖို့လိုအပ်မယ်ထင်ပါရဲ့။ ဆွေးနွေးပွဲမှာ အဖွင့်အမှာစကားကို တာဝန်ရှိသူတွေပြောခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားဝန်ကြီး ဦးဇော်အေးအောင်၊ ဆရာမကြီး ဒေါ်သန်းနွယ်၊ မစ္စတာသောမတ်(စ်)သူတို့ ပြောပြီးတဲ့အခါ ကျွန်တော့်ကိုပြောခွင့်ပေးတယ်။ ဒီပွဲရဲ့ခေါင်းစဉ်က အမှန်တော့ အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ ပထမကတော့ ကျွန်တော် မကြာခဏ ဆောင်ပါးကတစ်ဆင့် မျှဝေတဲ့ လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းများ အတိုကောက်က စီအက်(စ်)အာ၊ ဒုတိယကတော့ ကုလသမဂ္ဂအဖွဲ့ အစည်းက ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့ နောက်ဆုံးကတော့ စီးပွားရေးနဲ့ လူ့အခွင့်အရေး ဒီအပိုင်းသုံးပိုင်းဟာ ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်တာမို့ အားလုံးလွှမ်းခြုံနိုင်အောင် ကျွန်တော်ပြောမယ့်အကြောင်းအရာကို စဉ်းစားပြီး ရွေးချယ်ခဲ့ရတယ်။ နောက်ဆုံးတော့ ဖွဲ့ပြီးပြီးနိုင်ငံတွေမှာ ဆောင်ရွက်ခဲ့တဲ့ အမျိုးသားလူပ်ရှားမှုစီမံချက်အကြောင်း ကျွန်တော် ရွေးချယ်ပြင်ဆင်ခဲ့ပါတယ်။ ပရိသတ်တွေအထဲမှာ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ငါးဦးလည်း ပါဝင်သလို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များလည်း ပါဝင်တယ်။

ကျွန်တော့်ရဲ့တင်ပြချက်မှာ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ပမာဏအနေနဲ့တင်ပြခဲ့တယ်။ လူ့အခွင့်အရေးလို့ပြောတဲ့ နေရာမှာ ဒီအခွင့်အရေးဟာ ပေးလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ နိုင်ငံတော်အစိုးရကပေးလို့ လူ့အခွင့်အရေးရတယ်လို့ စဉ်းစားရင် မှားယွင်းပါတယ်။ အမှန်တော့ လူ့အခွင့်အရေးဟာ လူသားတိုင်းရဲ့မွေးရာပါ ရပိုင်ခွင့်ဖြစ်တယ်။ ဘယ်သူမှ လာပေးလို့မရသလို ဘယ်သူကမှ လုယူလို့မရနိုင်ပါဘူး။ မွေးရာပါ အခွင့်အရေးဖြစ်တယ်။ လူရယ်လို့ ဖြစ်လာရင် လူ့အခွင့်အရေးဆိုတာ တစ်ပါတည်းပါရှိတာဖြစ်ကြောင်း တင်ပြခဲ့တယ်။ လူ့အခွင့်အရေးလို့ပြောတဲ့နေရာမှာလည်း အခွင့်အရေး (၅) ရပ်ရှိကြောင်း ပြောခဲ့တယ်။ လူ့အခွင့်အရေးလို့ပြောတာနဲ့ လူတွေက နိုင်ငံရေးနဲ့ပတ်သက်တဲ့ အခွင့်အရေးကို စဉ်းစားကြတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးဟာ အရေးကြီးပေမယ့် ကျန်တဲ့လူ့အခွင့်အရေး(၄)ရပ်ရှိကြောင်း ဖော်ပြခဲ့ပါတယ်။ ဒုတိယလူ့အခွင့်အရေးက လူတန်းစေ့မနေနိုင်တဲ့အခွင့်အရေးဖြစ်တယ်။ မြန်မာနိုင်ငံမှာ ဒီကိစ္စနဲ့ပတ်သက်လို့ ပြဿနာမရှိပေမယ့် အမေရိကန်ပြည်ထောင်စုနဲ့ တောင်အာဖရိကနိုင်ငံတွေမှာ အကြီးအကျယ်ပြဿနာဖြစ်ခဲ့တယ်။ အသားရောင်ခွဲခြားပြီး လူတန်းစေ့ မနေနိုင်ကြဘူး။ လူမည်းတွေ စားသောက်ဆိုင်မှာ ဝင်ခွင့်မရသလို ဘတ်(စ်)ကားစီးတဲ့နေရာမှာ လူဖြူတွေနဲ့အတူ ထိုင်စီးခွင့်မရဘဲ အနောက်မှာ စီးရတာ။ ဒီအကြောင်းကို ကျွန်တော် တလောက တီဗွီရုပ်ရှင်တစ်ခုမှာ မြင်လိုက်ရတယ်။ မကြာသေးမီက ပြီးစီးသွားတဲ့ဘရာဇီးနိုင်ငံ ရီယိုမြို့မှာ ကျင်းပတဲ့ ၂၀၁၆ ကမ္ဘာအိုလံပစ်အားကစားပွဲတော် ကျင်းပနေစဉ် ၁၉၃၆ ခုနှစ် ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပတဲ့ အိုလံပစ်ပွဲကို အခြေခံထားတဲ့ရုပ်ရှင် အာဏာရှင်ဟစ်တလာဟာ ငွေကုန်ကြေးကျခံပြီး ဒီပွဲကို ကျင်းပခဲ့တာ။ ကျင်းပတဲ့ ရည်ရွယ်ချက်တစ်ခုကတော့ လူဖြူတွေဟာ ကျွန်တဲ့သူတွေထက် အားကစားမှာ ထူးချွန်ကြောင်း ကမ္ဘာသိအောင်လုပ်ချင်တဲ့ဆန္ဒရှိခဲ့တယ်။ ဒါကြောင့်လည်း အားကစားပွဲကို ခမ်းခမ်းနားနားကျင်းပခဲ့တယ်။ ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ဗိုလ်လုပွဲမှာ ဂျာမနီနိုင်ငံသားနဲ့ အမေရိကန်နိုင်ငံသား လူမည်းအားကစားသမား ဂျက်စီအိုဝင်တို့ အကြိတ်အနယ် ပြိုင်ခဲ့တယ်။ ဂျက်စီအိုဝင်အနိုင်ရတာကိုမြင်ပြီး ဟစ်တလာဟာ ဒေါသထွက်ပြီး အားကစားရုံက ထွက်ခဲ့တယ်။ ဂျက်စီအိုဝင်ဟာ မီတာ ၁၀၀ ပြိုင်ပွဲမှာသာမက အလျားခုန်မှာလည်း ရွှေတံဆိပ်ရခဲ့တာ။ ဝမ်းနည်းစရာကောင်းတဲ့ကိစ္စက အခုလိုအောင်ပွဲခံခဲ့တဲ့ ဂျက်စီအိုဝင်အတွက် နယူးယောက်မြို့မှာရှိတဲ့ နာမည်ကြီးဟိုတယ်တစ်ခုမှာ ဂုဏ်ပြုပွဲကျင်းပခဲ့တယ်။ ဒီပွဲတက်ဖို့ ဂျက်စီအိုဝင်ဟိုတယ်ဝင်ပေါက်ကို သူ့ရဲ့ဇနီးနဲ့အတူရောက်တဲ့အခါ ဧည့်ခံပွဲဟာသူ့အတွက်လုပ်တာကို သိပေမယ့် လုံခြုံရေးတာဝန်ရှိသူက ဝင်ခွင့်မပြုဘဲ အနောက်ဘက်အပေါက်ကတစ်ဆင့် မီးဖိုဆောင်ဖြတ်ပြီး သူ့အတွက်လုပ်တဲ့ ဧည့်ခံပွဲကို တက်ခဲ့ရတယ်။ ဒါဟာလူတန်းစေ့ အခွင့်အရေးမရတာကို မြင်သာထင်သာအောင်ပြခဲ့တာဖြစ်တယ်။ ကျန်တဲ့ လူ့အခွင့်အရေးတွေကတော့ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ လူ့အခွင့်အရေးတွေဖြစ်ပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးလို့ပြောတဲ့အခါ အခွင့်အရေး(၅)ရပ်ကို ခြုံငုံပြီးပြောမှ ပြည့်စုံမှာဖြစ်တယ်။ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး အခွင့်အရေးနဲ့ တာဝန်ကို တွဲဖက်နားလည်ဖို့ လိုအပ်တယ်။ တချို့ကတော့ အခွင့်အရေးကိုသာတောင်းတတ်ကြပြီး ဒီအခွင့်အရေးနဲ့ တွဲပြီးပါလာတဲ့ တာဝန်ကိုတော့ မကျေကြဘူး။ လူ့အခွင့်အရေးရဖို့ တာဝန်ရှိသူတွေနဲ့ အခွင့်အရေးပိုင်ဆိုင်တဲ့သူဆိုပြီး ခွဲခြားနိုင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ တာဝန်ရှိသူကတော့ အစိုးရပဲဖြစ်တယ်။ အစိုးရဟာနိုင်ငံသားများရဲ့လူ့အခွင့်အရေးကိုခံစားခွင့်ရအောင် တာဝန်ယူဖို့လိုအပ်ပါတယ်။

လူ့အခွင့်အရေးလို့ပြောတာနဲ့ လူတွေက နိုင်ငံရေးနဲ့ပတ်သက်တဲ့ အခွင့်အရေးကို စဉ်းစားကြတယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ လူ့အခွင့်အရေးဟာ အရေးကြီးပေမယ့် ကျန်တဲ့ လူ့အခွင့်အရေး(၄)ရပ်ရှိကြောင်း ဖော်ပြခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လူမှုရေးတာဝန်ကျေတဲ့စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာရေးဟာ အတော်ခရီးရောက်နေတာတွေ့ရတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းက ဖော်ထုတ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ လူမှုရေးတာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ရေး သဘောတူညီချက်ကို အတည်ပြုထားတဲ့ အဖွဲ့ဝင် လုပ်ငန်းပေါင်း ၃၅၀ ကျော်ရှိတယ်။ ဒါကြောင့် အာဆီယံနိုင်ငံများအနက် မြန်မာပြည်ဟာ ပထမနေရာမှာ ရှိတယ်။ ဒီလူပ်ရှားမှုကို ကျွန်တော်ကိုယ်တိုင်ဦးဆောင်နေပါတယ်။ ၂၀၁၆ အကုန်မှာ လုပ်ငန်းပေါင်း ၁၀၀၀ ကျော်အောင် ကြိုးစားဖို့ ရည်ရွယ်ထားပါတယ်။ အခုလိုဆောင်ရွက်နိုင်ရင် မြန်မာဟာ ကမ္ဘာမှာနံပါတ်တစ်နေရာရမှာဖြစ်တယ်။ ဒဲ့ကြောင့် ဒီဆောင်းပါးကတစ်ဆင့် လုပ်ငန်းရှင်များကို ပန်ကြားချင်ပါတယ်။ ကျွန်တော့်ကို ဆက်သွယ်ပြီးဝင်ကြပါ။ အခုလို လူမှုရေးတာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းလှုပ်ရှားမှုမှာ ပါဝင်ကြဖို့တိုက်တွန်းပါရစေ။

ကျွန်တော့်တင်ပြချက်ကတော့ မြန်မာနိုင်ငံမှာ အမျိုးသားလှုပ်ရှားမှုစီမံချက်က အမြန်ဆုံးအကောင်အထည်ဖော်ဖို့ဖြစ်တယ်။ အာရှတိုက်မှာ ဒီလိုဆောင်ရွက်နိုင်တဲ့နိုင်ငံ မရှိသေးပါဘူး။ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ဆောင်ရွက်နိုင်ရင် အလွန်ကြီးမားတဲ့ အောင်မြင်မှုတစ်ရပ်ဖြစ်မှာပါ။ အခုလို စီမံချက်ရေးဆွဲရာမှာ အစိုးရလုပ်ငန်းရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းပညာရှင်များနဲ့ ပြည်သူ့အားလုံးပါဝင်ဖို့ လိုအပ်ပါတယ်။ ဒီစီမံချက်အရ စီးပွားရေးလုပ်ငန်းများမှာ လူ့အခွင့်အရေးကို ကာကွယ်လေးစားပြီး လိုအပ်တဲ့ဖြေရှင်းမှုတွေကို လုပ်ဆောင်ဖို့ဖြစ်တယ်။ နိုင်ငံရေးအခင်းအကျင်းအသစ်ဟာ ဒီလှုပ်ရှားမှုအတွက် အခွင့်အရေးတစ်ရပ်ဖြစ်တယ်။ ဒါကြောင့် စီမံချက်ကို ပိုင်းပြုစုဖို့ကျွန်တော်က တက်ရောက်လာသူတွေကို တိုက်တွန်းခဲ့တယ်။ စီမံချက်ကို ပြင်ဆင်ဖို့အချိန်ရော၊ ငွေရောယူရမှာဖြစ်တယ်။ ဒါပေမယ့် ဒါတွေအားလုံးဟာ ဆန္ဒအပေါ်မူတည်ပါတယ်။ လုပ်ချင်တဲ့စိတ်ရှိရင် အားလုံးဖြစ်ပါတယ်။ မလုပ်ချင်ရင်တော့ ဆင်ခြေအမျိုးမျိုးပေးပြီး မလုပ်ဘဲနေကြမှာဖြစ်တယ်။

ကျွန်တော်ပြောပြီးနောက် ဆွေးနွေးပွဲတက်ရောက်လာတဲ့ နိုင်ငံခြားသားပညာရှင်နှစ်ဦး တင်ပြဆွေးနွေးကြတယ်။ ကျွန်တော်က နေ့လယ်ပိုင်း စကားဝိုင်းအတွက် ဟိုတယ်ကို တစ်ခေါက်ပြန်လာခဲ့တယ်။ စကားဝိုင်းမှာ မစ္စတာသောမတ်စ်က သဘာဝတိလုပ်ပြီး ကျွန်တော်ရယ်၊ လုပ်ငန်းရှင် ဒေါက်တာစုလှဟန်၊ ပြင်သစ်ရေနံကုမ္ပဏီက အထွေထွေမန်နေဂျာနဲ့ မြန်မာနိုင်ငံအပေါ် သံယောဇဉ်အပြည့်နဲ့ အလုပ်တွေလုပ်နေတဲ့ မစ္စဖစ်ဂီဘိုမင်တို့ ပါဝင်ကြပါတယ်။ သဘာဝတိလမ်းကြောင်းပေးတဲ့အတိုင်း ရှုထောင့်အမျိုးမျိုးက ကိုယ့်သဘောကိုယ့်အမြင်တွေကို မျှဝေကြတယ်။ ပရိသတ်တွေကလည်း မေးခွန်းတွေထုတ်ခဲ့ကြတယ်။ စကားဝိုင်းက အတော်လေးမြိုင်ပါတယ်။ ပရိသတ်တွေရဲ့ မေးခွန်းတွေ ဆွေးနွေးချက်တွေဟာလည်း တန်ဖိုးရှိလှပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ သူများမလုပ်နိုင်တာကို ကိုယ်လုပ်နိုင်ရမယ်လို့ အမြဲစိတ်ရှိတယ်။ ဒီစီမံချက်ကို အခြားအာရှနိုင်ငံတွေ မလုပ်နိုင်လို့ မြန်မာနိုင်ငံမှာလည်း လုပ်လို့မဖြစ်ဘူးဆိုတာကို လက်မခံဘူး။ လုပ်နိုင်အောင် ကြိုးစားရမှာက ကျွန်တော်တို့အားလုံးရဲ့တာဝန်။ စောတယ်ဆိုတာ မရှိပါဘူး။ နောက်ကျတာကို မခံချင်တာမို့ ဒီလိုပြောတာမို့ မျက်စိမှိတ်ပြီး စိတ်လိုက်မာန်ပါလုပ်တာ မဟုတ်ပါဘူး။ ကျွန်တော်က ကိုယ့်လူမျိုးကိုယ်ယုံတယ်။ ကျွန်တော်တို့လူမျိုးဟာ မည့်ပါဘူး။ လုပ်စရာရှိတာကို ပြောပေးမယ့် လူသာရှိ၊ ဖြစ်အောင်လုပ်တဲ့လူမျိုးဖြစ်ပါတယ်။

ကျွန်တော်ကတော့ ၂၀၂၀ မတိုင်မီ ဒီစီမံချက်ကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ထားတယ်။ စိတ်တူကိုယ်တူရှိတဲ့သူတွေ စည်းရုံးပြီး ကြိုးစားမယ်။ အထူးသဖြင့် လူငယ်တွေကို စည်းရုံးလို့ရနိုင်တယ်။ လုပ်ငန်းရှင်တွေကို လက်တွဲခေါ်ရမှာ ဖြစ်တယ်။ ပြည်သူ့လူထုကိုယ်စားပြုကိုယ်စားလှယ်တွေကလည်း စိတ်ဝင်စားကြမှာအမှန်ပဲ။ လူ့အခွင့်အရေးကို မားမားမတ်မတ်ရပ်တည်ခဲ့တဲ့ နိုင်ငံရေးအင်အားစုတွေကို စုရုံးလို့ဖြစ်တယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ကတာဝန်ရှိသူတွေဟာလည်း နိုင်ငံရေးခေါင်းဆောင်မှုကို ခံတဲ့သူတွေသာဖြစ်တယ်။ ကျွန်တော်တို့ တစ်မျိုးသားလုံး ညီညီညွတ်ညွတ်နဲ့ကြိုးစားရင်မဖြစ်နိုင်တာ ဘာမှမရှိပါဘူး။ မဖြစ်သေးတာပဲရှိပါတယ်။ ။

မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်တော်ကလေး မြန်မာ့ဂုဏ်ရည် လမ်း အခန်း(၁၂) တိုက် ဂုဂ နေ ဒေါ်ကျင်ဝင်းမိသားစုက ဦးချစ်ငွေအား ရည်စူးဖူ၍ ဇီဝိတဒါနသံယာ့ဆေးရုံကြီး(ရန်ကုန်)သို့ သြဂုတ် ၃၀ ရက်က ကျောက်ကပ်သွေးသန့်စင်စက်အတွက် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့. ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းလွင် လက်ခံယူစဉ်
(မြန်မာ့အလင်း)

အန္တရာယ်ရှိအပေါက်ကြီးဖြစ်ပေါ်နေသည့် လမ်းပိုင်းအားဖြတ်၍ သံကူကွန်ကရစ်ရေကျော်တံတားငယ်တည်ဆောက်

ကျောက်ပန်းတောင်း စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက် သီတာရေစင်လမ်းထိပ်တွင် အချင်းဝက်တစ်ပေခွဲခန့်ရှိ၍ အနက်လေးပေခန့်ရှိ လမ်းပေါက်ကြီးတစ်ခု ဖြစ်ပေါ်နေသည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပေသည်။

အဆိုပါ အန္တရာယ်ရှိ လမ်းပေါက်ကြီးကြောင့် နေ့စဉ်မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သတိနှင့်သွားလာမောင်းနှင်နေကြရပြီး၊ အချိန်မရွေး ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့်အတွက် ရပ်ကွက်နေပြည်သူများမှ စိုးရိမ်ကြောင့် ကျေးမူများဖြစ်ပေါ်နေခဲ့ရာ ယခုအခါ အဆိုပါ လမ်းပေါက်တည်ရှိရာ လမ်းပိုင်းအားဖြတ်၍ အမာခံသံကူကွန်ကရစ် တံတားငယ်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ "ဒီလမ်းအတွက် တိုင်းဒေသကြီးအစိုးရကို ပြင်ဆင်စရိတ်တောင်းခံခဲ့ပါတယ်။ ပြင်မယ့်

အနေအထားကတော့ ကတ္တရာလမ်းတစ်ခုလုံးကို ဖြတ်ပြီးမှ အောက်ခုံအုတ်စီနဲ့ သံကူကွန်ကရစ်လုပ်မှာပါ။ အပေါ်ကမှ ကွန်ကရစ်နဲ့အမာခံစလစ်ပြားလောင်းပေးမှာပါ။ တံတားကတော့ လမ်းအကျယ် အတိုင်း ပေ ၂၀ နဲ့ အရှည်ခုနစ်ပေပေါ်။ အောက်ခုံအမြင့်ကတော့ သုံးပေနဲ့ ခြောက်လက်မပါ"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ - ၂(မြို့ပြ) ဒေါ်မြသက်နှင်းက ပြောသည်။

နေအောင် (ပြန်/ဆက်)

ငလျင်ဒဏ်သင့် ပုဂံဘုရားစေတီများ ပြန်လည်ပြုပြင်ရန် မကွေးမြို့သားများ စုပေါင်းလှူဒါန်းမည်

မကွေး စက်တင်ဘာ ၄

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်ဧရိယာ ဘုရားစေတီများထဲမှ တစ်ဆူ(သို့)နှစ်ဆူကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် မကွေးမြို့မဟာဝိသုတာရာမ (တောင်စာသင်တိုက်) ဦးစီးနာယကဆရာတော် ဦးသာသန ဦးဆောင်ကာ မကွေးမြို့နယ်အတွင်းမှ ပရဟိတအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ လှူဒါန်းထည့်ဝင်ငွေများ စုပေါင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့၏ အနောက်ဘက် ၁၂ မိုင်အကွာကို ဗဟိုပြု၍ ရစ်ချက်စကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု သြဂုတ် ၂၄ ရက်က လှုပ်ခတ်သွားမှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးပေါင်း ၁၈၇ ဆူ ပြိုကျပျက်စီးသွားခဲ့ပြီး နောက်ပိုင်း အဆိုပါစေတီများထဲမှ တစ်ဆူ သို့မဟုတ် နှစ်ဆူကို ပြုပြင်နိုင်ရန်အတွက် စုပေါင်း၅၂ဒသမ ၆ သိန်းကျော် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန ထုတ်ပြန်ကြေညာချက်ကို ရည်ညွှန်း၍ ပြုပြင်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပေးအပ်ခဲ့ကြောင်း ဦးသာသန ပြောကြားခဲ့ပြီး ယခုအခါ ပုဂံဒေသတွင် ရေကြီးရေလွှမ်းမှုကြောင့် ပြန်လည်ပြုပြင်ရန် ကန့်သတ်ထားသည့် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကျော်ကို ပြန်လည်ပြုပြင်ရန် ပေးပို့ခဲ့ကြောင်း ဦးသာသန ပြောကြားခဲ့ပြီး ယခုကဲ့သို့ ရေကြီးရေလွှမ်းမှုကြောင့် ပုဂံဒေသ ရေကြီးရေလွှမ်းခံနေရသည့် ပြည်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ကူညီပံ့ပိုးပေးနိုင်ကြောင်း ဦးသာသန ပြောကြားခဲ့ပြီး ယခုကဲ့သို့

ဆန်းဒါးလန်းကို ရောက်လာတဲ့ တိုက်စစ်မှူး အနီချီဘီ

ဒေးဗစ်မိုယက်စ်က ဆန်းဒါးလန်းအတွက် ဗစ်တာအနီချီဘီကို အလွတ်ပြောင်းရွှေ့မှုနဲ့ စာချုပ်လိုက်ပါတယ်။ မိုယက်စ်နဲ့ တိုက်စစ်မှူး အနီချီဘီတို့ဟာ အဲဗာတန်မှာ အလုပ်အတူလုပ်ခဲ့ကြပါတယ်။ ယခုအခါမှာတော့ ဆန်းဒါးလန်းနည်းပြဖြစ်ခဲ့တဲ့ မိုယက်စ်က အဲဗာတန်တိုက်စစ်မှူးဟောင်း အနီချီဘီကို ခေါ်ယူလိုက်ပါတယ်။

တိုက်စစ်မှူး အနီချီဘီဟာ ဝက်စ်ဘာရွန်းမှ သက်တမ်းကုန်ဆုံးပြီးနောက် ဆန်းဒါးလန်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပါတယ်။ ဆန်းဒါးလန်းက သုံးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။ သူဟာ ဝက်စ်ဘာရွန်းအတွက် ၅၅ ပွဲ ပါဝင်ကစားခဲ့ပြီး ခြောက်ဂိုး သွင်းယူခဲ့ပါတယ်။ မိုယက်စ်အနေနဲ့ နိုင်ဂျီးရီးယားတိုက်စစ်မှူး အနီချီဘီနဲ့ ပြန်ပေါင်းထုတ်ခြင်းဟာ အကောင်းဆုံးလို့ ဆိုပါတယ်။ အနီချီဘီဟာ ၂၀၀၆-၂၀၁၃ ရာသီအထိ အဲဗာတန်မှာ ကစားခဲ့ပြီး ၁၃၁ ပွဲမှာ ၁၈ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

ကစားဖော်တွေဆီက သင်ယူမယ်ဆိုတဲ့ အာဆင်နယ်ကွင်းလယ်ကစားသမားသစ်

ဆွစ်ဇာလန်ကွင်းလယ်ကစားသမား ဂရန်နှစ်ဇာကာက သူ့အနေနဲ့ ကစားဖော်တွေ ဖြစ်တဲ့ အိုဇေးလ်၊ ဆန်ချက်ဇ်နဲ့ ကာဇိုလာတို့နဲ့အတူ တွဲဖက်ကစားပြီး သင်ယူမှုတွေပြုလုပ်ဖို့ အသင့်ရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။

ကွင်းလယ်ကစားသမား ဇာကာဟာ အာဆင်နယ်က ပေါင် ၃၃ ဒသမ ၈ သန်းနဲ့ စာချုပ်ခဲ့တဲ့ ကစားသမားသစ်ဖြစ်ပါတယ်။ ဇာကာဟာ နောက်တန်းကစားသမား မူစတာဖီနဲ့ တိုက်စစ်မှူး လူးကတ်ပီယက်စ်တို့နဲ့အတူ အာဆယ်နယ်က တစ်ပြိုင်တည်း ခေါ်ယူခဲ့တာဖြစ်ပါတယ်။

သူတို့သုံးဦးကို ခေါ်ယူခဲ့ခြင်းဟာ ၂၀၀၄ ခုနှစ်က အာဆင်နယ်ဆွတ်ခူးခဲ့တဲ့ ပရီမီယာလီဂဖလားကို ပြန်လည်ရယူလိုမှုရဲ့ကြိုးပမ်းမှုဖြစ်တယ်လို့ ဆိုပါတယ်။ အသက် ၂၃ နှစ် အရွယ်ရှိတဲ့ ဇာကာအနေနဲ့ အာဆင်နယ်အသင်းရဲ့ လာမယ့်ပွဲတွေမှာ အစပွဲပါဝင်ကစားနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



နည်းပြ ဆမ်အလာဒိုက်နဲ့ အင်္ဂလန်တို့ရဲ့ ပွဲဦးထွက် ရလဒ်ကောင်းကို ဖော်ဆောင်နိုင်ပါ့မလား

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ဥရောပဇုန်ခြေစစ်ပွဲတွေကို စက်တင်ဘာ ၅ ရက်ညပိုင်းနဲ့ ၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဥရောပဇုန်နဲ့ အုပ်စု(D)၊ (E)နဲ့ အုပ်စု(F)မှာ ပါဝင်တဲ့ အသင်းတွေဆင်ဒွန်ကြမှာဖြစ်ပြီး နာမည်ကြီး အင်္ဂလန်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်ပါ့မလားဆိုတာလည်း ရင်မောစရာဖြစ်နေပါတယ်။

ဆလိုဗက်ကီးယားနှင့် အင်္ဂလန်

အုပ်စု(F)မှာ အင်္ဂလန်တို့ အကြိတ်အနယ်နွှဲရမယ့် ပွဲပါပဲ။ အင်္ဂလန်နည်းပြသစ် ဆမ်အလာဒိုက်နဲ့ ပွဲဦးထွက် အခင်းအကျင်းကို တွေ့မြင်ရမှာဖြစ်ပြီး သူရဲ့ဗျူဟာကဘယ်လောက်အထိ စွမ်းဆောင်မှုကောင်းမလဲ ကြည့်ရမှာပါ။ အင်္ဂလန်အသင်းရဲ့ နောက်ဆုံးခြောက်ပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ပေါ်တူဂီနဲ့ ဩစတြေးလျအသင်းတွေကိုနိုင်ပြီး ရုရှားနဲ့ ဆလိုဗက်ကီးယားကို သရေပွဲဖြစ်ကာ အိုက်စလန်တို့ သရေပွဲဖြစ်ထားပါတယ်။ ဆလိုဗက်ကီးယားတို့ကလည်း ဂျာမနီနဲ့ ရုရှားကို အနိုင်ကစားပြီး မြောက်အိုင်ယာလန်နဲ့ အင်္ဂလန်ကိုတော့ သရေပွဲဖြစ်ထားပါတယ်။ ဆလိုဗက်ကီးယားနဲ့ အင်္ဂလန်တို့ နောက်ဆုံးလေးပွဲတွေ့ဆုံခဲ့မှုကိုကြည့်ရင် ဆလိုဗက်ကီးယားတို့ နိုင်ပွဲမရှိခဲ့ပါဘူး။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းမွန်တဲ့ ဆလိုဗက်ကီးယားအသင်းကို အင်္ဂလန်တို့ အခုပွဲမှာ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

ဂျော်ဂျီယာနှင့် ဩစတြီးယား

အုပ်စု(D)မှာ နှစ်သင်းစလုံး ခြေစွမ်းကအားရစရာမရှိပါဘူး။ ဩစတြီးယားက ကမ္ဘာ့အဆင့်(၂၂)ဖြစ်ပြီး ဂျော်ဂျီယာက ကမ္ဘာ့အဆင့်(၁၀၈)ဖြစ်ပါတယ်။ ဩစတြီးယားရဲ့လက်ရှိခြေစွမ်းကိုကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ မော်လ်တာအသင်းကိုသာ နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အိုက်စလန်၊ ဟန်ဂေရီ၊ နယ်သာလန်အသင်းတွေကို ရှုံးထားပါတယ်။ ဂျော်ဂျီယာတို့ကလည်း နောက်ဆုံးငါးပွဲ ကစားခဲ့ရာမှာ စပိန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားခဲ့ပေမယ့် ရိုမေနီးယားနဲ့ ဆလိုဗက်ကီးယားအသင်းတွေကို ဆက်တိုက်ရှုံးကာ ကာဇက်စတန်နဲ့ အယ်လ်ဘေးနီးယားကို သရေပွဲဖြစ်ထားပါတယ်။ နှစ်သင်းစလုံး အားထုတ်မှုအပိုင်းကောင်းတာမို့ အခုပွဲမှာ သရေရလဒ်လည်း ထွက်ပေါ်သွားနိုင်ပါတယ်။

ကာဇက်စတန်နှင့် ပိုလန်

အုပ်စု(E)မှာ ပိုလန်က ကမ္ဘာ့အဆင့်(၁၆)ဖြစ်ပေမယ့် ကမ္ဘာ့အဆင့်(၉၆)ဖြစ်တဲ့ ကာဇက်စတန်တို့က လောလောဆယ်မှာ ခြေရည်တူကစားနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ကာဇက်စတန်တို့က အခုတလောနိုင်ပွဲတွေ ဆက်တိုက်ရရှိနေပြီး စွမ်းဆောင်မှုအားကောင်းနေပါတယ်။ ပိုလန်တို့ကလည်း ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ ယူကရိန်း၊ ဂျာမနီနဲ့ မြောက်အိုင်ယာလန်အသင်းတွေကို ရှုံးပွဲမရှိအောင် ကစားနိုင်တာတွေရှပါတယ်။ လက်ရှိအနေအထားမှာ ပိုလန်တို့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်ဖို့ရှိနေတာမို့ အဝေးကွင်းဆိုပေမယ့် ကပ်ပြီးအနိုင်ရမယ့် အနေအထားပါပဲ။

ဝေးလ်နှင့် မော်ဒိုဗာ

အုပ်စု(D)မှာ ဝေးလ်ရဲ့ကြိုးစားအားထုတ်မှုက အသိအမှတ်ပြုစရာပါ။ ကမ္ဘာ့အဆင့်(၁၁)ရှိတဲ့ ဝေးလ်ဟာ ပြီးခဲ့တဲ့ ယူရို၂၀၁၆ မှာ ပုံစံကောင်းပြသနိုင်ခဲ့တာမို့ အခုပွဲမှာ မော်ဒိုဗာတို့ သိပ်တော့မလွယ်ပါဘူး။ ဝေးလ်ရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ဘယ်လ်ဂျီယံ၊ မြောက်အိုင်ယာလန်နဲ့ ရုရှားအသင်းတွေကို နိုင်ပွဲရအောင် ကစားထားနိုင်ပြီး ပေါ်တူဂီနဲ့ အင်္ဂလန်ကိုတော့ ရှုံးထားပါတယ်။ မော်ဒိုဗာတို့ကတော့ နောက်ဆုံး ငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် အန်ဒိုရာအသင်းကိုပဲ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ထားပြီး ကျန်တဲ့ပွဲတွေရှုံးထားပါတယ်။ မော်လ်တာအသင်းကိုတော့ ဂိုးမရှိသရေပွဲရလဒ် ကစားထားလို့ အားရစရာတော့မရှိပါဘူး။ အသင်းလိုက်စုဖွဲ့မှု အားကောင်းတဲ့ ဝေးလ်တို့ ဒီပွဲမှာ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဒိန်းမတ်နှင့် အာမေးနီးယား

အုပ်စု(E)မှာ ပါဝင်တဲ့ အသင်းတွေဖြစ်ပြီး ဒိန်းမတ်က ကမ္ဘာ့အဆင့်(၄၄)ဖြစ်ပြီး အာမေးနီးယားက ကမ္ဘာ့ဆင့်(၁၀၂)ဖြစ်ပါတယ်။ ဒိန်းမတ်တို့က ကွင်းလယ်နဲ့ တိုက်စစ်အပိုင်းကောင်းမွန်ပြီး တိုက်စစ်မှူးတွေကို ဂိုးသွင်းစွမ်းရည်လည်း ထက်မြက်ပါတယ်။ အာမေးနီးယားတို့ကလည်း လျင်လျင်မြန်မြန်နဲ့ တိုက်စစ်ဖွင့်ကစားနိုင်ပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် ဒိန်းမတ်တို့က နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းနဲ့ ကစားအားအရ ဒိန်းမတ်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

ဆားဘီးယားနှင့် အိုင်ယာလန်

အုပ်စု(D)မှာ ဆားဘီးယားတို့က ခြေစွာတဲ့အသင်းဖြစ်ပါတယ်၊ လျင်မြန်မှု၊ အချိတ်အဆက်တိကျမှုနှင့်ကန်မှုတွေရှိတဲ့ အိုင်ယာလန်တို့ကလည်း ဝေါ်တာ၊ ရှိန်းလောင်း၊ ရော်ဘီကိန်းနဲ့ မာဗီတို့ရဲ့ တိုက်စစ်စွမ်းအားနဲ့ ဆားဘီးယားကို အခက်တွေ့အောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် ဆားဘီးယားရဲ့ လောလောဆယ်ခြေစွမ်းပိုင်းကို ကြည့်ရင် အစ္စရေး၊ ဆိုက်ပရပ်စ်၊ အက်စ်တိုးနီးယားအသင်းတွေကို နိုင်ပွဲရပြီး ရုရှားကို သရေကစားနိုင်ခဲ့တာမို့ ရှုံးပွဲမရှိပါဘူး။ အိုင်ယာလန်ကလည်း အီတလီလိုအသင်းကို အနိုင်ရအောင်ကစားနိုင်တဲ့ ခြေစွမ်းကလည်း အသိမှတ်ပြုစရာပါ။ လက်ရှိအနေအထားအရ ဆားဘီးယားရဲ့ အားထုတ်မှုကိုပဲ အားပေးရမှာဖြစ်ပါတယ်။

လစ်သူယေးနီးယားနှင့် ဆလိုဗေးနီးယား

အုပ်စု(F)မှာ ဆလိုဗေးနီးယားတို့က ကမ္ဘာ့အဆင့်(၅၉)ရှိပြီး လစ်သူယေးနီးယားတို့က ကမ္ဘာ့အဆင့်(၁၂၅)ရှိနေပါတယ်။ လောလောဆယ်မှာ နှစ်သင်းစလုံး ခြေစွမ်းက တူညီနေပြီး အားထုတ်မှုလည်း ကွာဟမှုမရှိခဲ့ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းတဲ့ ဆလိုဗေးနီးယားတို့ရဲ့ကြိုးစားမှုက ဒီပွဲမှာ ရလဒ်ကောင်းကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။

မိုးမြင့်လင်းလက်

သုံးပွဲပိတ်ပင်ခံရမယ့် တိုက်စစ်မှူး အဂူရိ

မန်းစီးတီးတိုက်စစ်မှူး အဂူရိကို ဝက်စ်ဟမ်းကစားသမား ဝင်စတွန်ရိုင်ဒ်ကို တံတောင်နဲ့ တွက်ခဲ့တဲ့အတွက် သုံးပွဲပိတ်ပင်ခံရမှာဖြစ်ပြီး မန်စီးတီးရဲ့ ဒါဘီပွဲနဲ့ ပွဲချော်မှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းနဲ့ မန်စီးတီးတို့ ပြီးခဲ့တဲ့အပတ် ကစားတဲ့ပွဲမှာ အဂူရိက နောက်တန်းကစားသမား ဝင်စတန်ရိုင်ဒ်ကို ကြမ်းတမ်းစွာကစားခဲ့ကြောင်း အခိုင်အမာတွေ့ရှိခဲ့တဲ့အတွက် အက်ဖ်အေက သုံးပွဲပိတ်ပင်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ အာဂျင်တီးနားကစားသမား အဂူရိဟာ ဒီပွဲပိတ်ပင်မှုကြောင့် ပရီမီယာလီဂ်မှာ ဘုန်းမောက်၊ ဆွမ်ဆီးတို့ ပွဲတွေလွဲချော်မှာဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ နည်းပြ ဂွာဒီယိုလာလက်ထက် အရန်ခုံမှာ သုံးပွဲဆက်တိုက် ထိုင်ခဲ့ရတဲ့ ယာယာတိုရေးဟာလည်း ချန်ပီယံလီဂ်ခြေစစ်ပွဲမှာ ပါဝင်ကစားခွင့်ရမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ အဂူရိကတော့ ဒါဘီ၊ ဆွမ်ဆီးနဲ့ ဘုန်းမောက်တို့ပွဲတွေ လွဲချော်မှာ ဖြစ်ပါတယ်။ သို့သော်လည်း မန်စီးတီးအသင်းတာဝန်ရှိသူတွေကတော့ ဒီပိတ်ပင်အရေးယူမှုအပေါ် မကျေနပ်မှုတွေရှိနေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ မသန်စွမ်းသူများအား ခြေတုပြုလုပ်ပေးရန် ၂၀၀ ကျော် တပ်ဆင်လှူဒါန်း

မကွေး စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအတွက် ခြေတုများနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို လူမှုဝန်ထမ်းဦးစီးဌာန၊ ရှေ့မင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် Latter Day Saint Charities(LDSC)တို့ ပူးပေါင်း၍ မကွေးမြို့တော်ခန်းမ၌ စက်တင်ဘာ ၁ ရက်က ကျင်းပခဲ့ပြီး မသန်စွမ်းသူများအတွက် ခြေတု ၂၀၀ ကျော်ကို တပ်ဆင်လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

မသန်စွမ်းသူများအား ခြေတုများ တပ်ဆင်ပေးရန်အတွက် ရှေ့မင်းသားဖောင်ဒေးရှင်း(မြန်မာ)အနေဖြင့် မကွေးမြို့တွင်နှစ်လကြာ အခြေစိုက်၍ ခြေတုများ ပြုလုပ်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခြေတုများ တပ်ဆင်ပေးရာတွင် မကွေးတိုင်းဒေသကြီးအပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ်မှ ခြေထောက် ဒူးအောက်ပြတ်သူများအတွက် ခြေတု ၁၈၆ ချောင်းနှင့် ဒူးအထက်ပြတ်သူများအတွက် ခြေတု ၁၀ ချောင်းတို့ လှူဒါန်းနိုင်ခဲ့ကြောင်း ရှေ့မင်းသားဖောင်ဒေးရှင်း တာဝန်ခံတစ်ဦးထံမှ သိရသည်။

ခြေတုများ ပြုလုပ်ပေးရာတွင် ဒူးအောက် ခြေတုတစ်ချောင်းလျှင် ကျပ်နှစ်သိန်းကျော် ကုန်ကျပြီး ဒူးအထက် ခြေတုတစ်ချောင်းလျှင် ကျပ် ၁၅ သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခြေထောက်ချိုတဲ့သူများအား ခြေတုများ အခမဲ့ ပြုလုပ်လှူဒါန်းရန် ရည်ရွယ်ခဲ့သော်လည်း မြန်မာနိုင်ငံရှိ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတင်းကြား၍ လာရောက်ပြသခဲ့သူများကိုလည်း လှူဒါန်းပေးနိုင်ခဲ့ကြောင်း ရှေ့မင်းသားဖောင်ဒေးရှင်း (မြန်မာ) တာဝန်ခံ ဦးတင့်ဝေလတ်၏ ပြောကြားချက်အရ သိရသည်။

ခြေထောက်မသန်စွမ်းသူများအား ခြေတုပြုလုပ်တပ်ဆင်ရေးတွင် ရှေ့မင်းသားဖောင်ဒေးရှင်းနှင့်အတူ ပူးပေါင်းပါဝင်ခဲ့သည့် Latter Day Saint Charities မှ တာဝန်ခံ Mrs. Linda Error က ရှေ့မင်းသားဖောင်ဒေးရှင်းနှင့် အတူတွဲပြီး အလုပ်လုပ်လာသည်မှာ ရှစ်နှစ်ရှိပြီဖြစ်ပြီး အစစအရာရာ အားလုံးအောင်မြင်ချောမွေ့အောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ယခု မကွေးတိုင်းဒေသကြီးအတွင်းမှ ခြေအင်္ဂါချိုတဲ့သူများကို ကူညီနိုင်ခဲ့သဖြင့် ဝမ်းသာပီတိဖြစ်မိကြောင်း၊ ခြေအင်္ဂါချိုတဲ့သူများကို ကူညီထောက်ပံ့ရာတွင် တခြားကူညီထောက်ပံ့မှုများ ပေးခြင်းနှင့် ခြေတုတပ်ဆင်ထောက်ပံ့ပေးခြင်းမှာ လုံးဝကွာခြားပါကြောင်း၊ ယခုဆိုရင် မြန်မာအစိုးရရော ကမ္ဘာကပါ မသန်စွမ်းသူများအား ထောက်ပံ့ရေးကို အသိအမှတ်ပြုနေပြီဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

သန်းနိုင်ဦး(ဇဲ)

အလယ်တန်းအဆင့် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

ခန္ဓီး စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင် ပညာရေးဌာနက ကြီးမှူး၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အခြေခံပညာအလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ဘာသာရပ်ဆိုင်ရာ ခရိုင်အဆင့် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ခန္ဓီးအထက်ကျောင်း ကျန်စစ်သားခန်းမ၌ စက်တင်ဘာ ၃ ရက်က စတင်ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးအောင်ကျော်မြင့်က ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်များဖြစ်သည့် ဆရာ ဆရာမများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်၊ ကျောင်းသား ကျောင်းသူများအား ဘာသာရပ်များကို ထိရောက်စွာ သင်ကြားနိုင်စေရန်၊ ဆရာ ဆရာမများ ကိုယ်တိုင် တီထွင်ဖန်တီးမှုများဖြင့် သင်ကြားရန်၊ ဘာသာရပ်များကို ဆရာနှင့် ကျောင်းသား လက်တွေ့သင်ကြားမှု စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးရန်၊ သင်ကြားသည့် သင်ခန်းစာများ၏ ရည်ရွယ်ချက်များကို အကဲဖြတ်နိုင်စေရန်၊ ဆရာနှင့် ကျောင်းသားများ ရင်းနှီးခင်မင်စွာဖြင့် အပြန်အလှန် ဆက်ဆံရေးကောင်းမွန်စေရန် စသည့် ရည်ရွယ်ချက် (၆) ရပ်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

စန်းလွင်ဦး

ပျိုးစေ့ထုတ်စံပြစိုက်ကွက်သို့ ဓာတ်မြေသြဇာအိတ်များ ပေးအပ်ပြီး စုပေါင်း မြေသြဇာကြဲပက်

ပုလဲ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာမှ မိုးစပါး ပျိုးစေ့ထုတ်စံပြစိုက်ကွက် စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်သည့် တောင်သူလယ်သမားများအား ယူရီးယား ဓာတ်မြေသြဇာအိတ်များ ပေးအပ်ပွဲနှင့် မြေသြဇာများ စနစ်တကျ အချိန်ကိုက် အချိုးကျထည့်သွင်းအသုံးပြုနိုင်ရေးအတွက် သရုပ်ပြစုပေါင်းမြေသြဇာကြဲပက်ပွဲကို အဆိုပါကျေးရွာရှိ တောင်သူ ဦးသန်းလှိုင်၏ ကွင်းအမှတ်(၉၀၃) မိုးစပါး ဧရာမင်းပျိုးစေ့ထုတ်စိုက်ဧက ၈ ဒသမ ၅ ဧကတွင် စက်တင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။

ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက "မျိုးစေ့ထုတ်စိုက်ကွက် စိုက်ပျိုးခြင်းအားဖြင့် ဒေသအတွင်း လာမယ့်မိုးစပါးရာသီမှာ လိုအပ်တဲ့မျိုးစေ့များ အလုံအလောက် ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးလို့ထွက်ရှိလာမယ့် မျိုးစေ့များ ရဲ့အရည်အသွေး အဆင့်အတန်း ပြည့်မီရေး၊ မျိုးကွဲပယ်ခြင်းလုပ်ငန်း၊ မြေသြဇာများ စနစ်တကျ အချိန်ကိုက်၊ အချိုးကျထည့်သွင်းနိုင်စေရေးနဲ့ ရိတ်သိမ်းချေလေ့ သိုလှောင်တဲ့အခါမှာ စနစ်တကျ ဆောင်ရွက်တတ်စေရေး၊ မျိုးစေ့ထုတ်လုပ်သူများ သမဝါယမအသင်းအဖွဲ့ပုံစံနဲ့ ညီညီညွတ်ညွတ် စုပေါင်းလုပ်ကိုင်တတ်စေရေး ရည်ရွယ်ပြီး မြေသြဇာကြဲပက်ခြင်း သရုပ်ပြပွဲကို ပြုလုပ်ပေးတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် မျိုးစေ့ထုတ်စံပြကွက် လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာအိတ် ၄၀ ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပေးအပ်ခဲ့သည်။ သရုပ်ပြပွဲသို့ ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ စိတ်ပါဝင်စားသည့်တောင်သူများ တက်ရောက်လေ့လာခဲ့သည်။ ပုလဲမြို့နယ်တွင် မိုးစပါးဧရာမင်း မျိုးစေ့ထုတ်စိုက်ကွက် စုစုပေါင်း ၃၈၀ ဧကရှိကာ မျိုးစေ့ထုတ် စံပြစိုက်ကွက်မှာ ဧက ၄၀ ရှိကြောင်း သိရသည်။

မင်းခန့်စိုး(ဧရယျာမြေ)

မူကြိုကျောင်းအတွက် သင်ထောက်ကူခန်းမသစ် ဖွင့်ပွဲကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၄

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ကျိုင်းငမ်းမူလတန်းကြိုကျောင်း၌ ကလေးများ၏ ဉာဏ်ရည်မြင့်မားရေးနှင့် ပညာရည်မြင့်မားရေးကို အထောက်အကူပြုမည့် သင်ထောက်ကူခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အပ်နှင်းပွဲကို စက်တင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

အဆောက်အအုံသစ်ကို အလှူရှင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်အား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက ကျောင်းအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းကိုပေးအပ်ခဲ့သည်။ ထို့နောက် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် (၃/၃၀၀) စစ်ဆေးရုံ နယ်လှည့်ဆေးကုသရေးအဖွဲ့များက မူကြိုကျောင်းမှ ကလေးများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ငါးသယံဇာတထိန်းသိမ်းရေးအတွက် ဘူးသီးတောင်၌ ငါးမျိုးစိုက်ထည့်

ဘူးသီးတောင် စက်တင်ဘာ ၄

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးပြန်းတီးမှုမှကာကွယ်ရေးနှင့် ဒေသတွင်းငါးစားသုံးမှုဖွံ့ဖြိုးရေးအတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှု ခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ဘူးသီးတောင်ရေချိုချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို သြဂုတ် ၃၀ ရက် နံနက်က ဘူးသီးတောင်မြို့နယ် ရွှေပြည်တန် အမြန် ရေယာဉ်ဆိပ်ကမ်း၌ ကျင်းပခဲ့သည်။

ထို့နောက် မျိုးငါးထုပ်များပေးအပ်ရာတွင် ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာညွန့်ဝေက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒေါ်စိုးစိုးစံသို့ လည်းကောင်း၊ မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက မြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းလှိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းကျော်သို့လည်းကောင်း၊ ဘူးသီးတောင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးဆန်းဝင်းက မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး အောင်ထွန်းလှနှင့် သတင်းတပ်ဖွဲ့ ရဲအုပ် ဗိုလ်သိန်း သို့လည်းကောင်း ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဘူးသီးတောင်ရေချိုချောင်း သဘာဝရေပြင်သို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၊ ယိုးဒယား ငါးခုံးမကောင်ရေ ၁၀၀၀၀၊ တီလာပီးယားသားပေါက်ကောင်ရေ ၅၀၀၀၊ စုစုပေါင်း ရေချိုငါးသားပေါက်ကောင်ရေ ၂၅၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးဖွင့်နိုင်၍ ကျောင်းသား ကျောင်းသူများ ပညာရေး အဆင်ပြေ

တောင်သာ စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မင်းတည်းကျေးရွာအုပ်စု နယ်သာယာကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းကို ယခုပညာသင်နှစ်တွင် အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိသဖြင့် ဒေသတွင်းမှ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအတွက် ယခင်နှစ်များကထက်ပိုရှိ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နယ်သာယာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ကာ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သဖြင့် အလယ်တန်းအဆင့် တက်ရောက်သင်ကြားရမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အခြားကျေးရွာများရှိ ကျောင်းများသို့ သွားရောက်ရန်မလိုဘဲ မိမိတို့ကျေးရွာမှာပင် အလယ်တန်းပညာများ သင်ကြားနိုင်မည်ဖြစ်၍ ကျေးရွာနေ ကျောင်းသားများနှင့် မိဘများအတွက် များစွာအဆင်ပြေကြောင်း ဒေသခံများပြည်သူများက ပြောသည်။

ယခုပညာသင်နှစ်မှစ၍ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဖြစ် သင်ကြားနေပြီဖြစ်သော်လည်း အလယ်တန်းကျောင်း (ခွဲ)ဖွင့်ပွဲကို စက်တင်ဘာ ၃ ရက်တွင်မှ ကျင်းပခဲ့ပြီး ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ ကျေးရွာရာအိမ်မှူး ဦးထွန်းဝေနှင့် မြို့နယ်ပညာရေးမှူး ဦးသန်းညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးသန်းညိုက ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဇွန်ပန်းရုံအနီး၊ နွံထဲ၌ လှည်းဘီးကျွံနေသည် ကူ၍ တွန်းပေးကြပါနှင့် ကလေးတို့ရဲ့ ဆိုက်ဘာဝေါလ် "CYBER WORLD"

ကြည်လရောင်စဉ်

တစ်နေ့က သမီးလေးဆီ ဖုန်းဆက်ပါတယ်။ "သမီးလေး နေကောင်းရဲ့လား"။ "ဘာလုပ်နေလဲ သမီးလေး" ဟု မေးသော အခါ သမီးက "မီးမီးသတင်းတွေ ဖတ်ကြည့်နေတယ် မေမေ" စာရေးသူက "ဘာသတင်းတွေလဲ" ဟု မေးတော့ သမီးက "ဒီလိုပါပဲ မေမေ" ဟု မရေမရာ ဖြေပါသည်။ စာရေးသူလည်း "အေး ကောင်းပါတယ်။ ဒါပေမယ့် သမီးလေး Cyber bullying ကိုတော့ သတိထားပါ" လို့ပြောတော့ သမီးလေးက "Cyber bullying"ဆိုတာဘာလဲမေမေဟု မေးပါသည်။ အခုသားတို့၊ သမီးတို့ခေတ်မှာ မီဒီယာမျိုးစုံ Internet နှင့်တကွ iphone, ipad, Smartphone, Computer, Laptop, Android phone, iwatch, Television, Radio စသဖြင့် စုံနေအောင် တိုးတက်လာသည်။

အထူးသဖြင့် အင်တာနက်မှတစ်ဆင့် ဝင်ရောက် ဆက်သွယ်နိုင်သော facebook, twitter, snap chat, games, video, cyber group match များအပြင် ယခုနောက်ဆုံးပေါ် 'ပိုကီမွန်' Pokemon ခေါ် ကစားနည်းများ။

စာရေးသူအပါအဝင် မိဘများ မနည်းလိုက်မီအောင်၊ နားလည်အောင် ကြိုးစားနေရသေးသော မီဒီယာများနှင့် "Cyber bullying" ဆိုက်ဘာဝေါလ်။

ယခုခေတ် ကမ္ဘာကြီးကို 'Global Village' ကို တိုက်ရိုက် မြန်မာလိုအခေါ် ကမ္ဘာ့ရွာကြီးလို့ ဆိုရမည်လား။ ကမ္ဘာ ကြီးသည် သက်ဆိုင်ရာနေစကြဝဠာထဲတွင် တော်တော်သေးတယ်ဆိုတာ ပိုမိုထင်ရှားလာသည်။

လူကြီး၊ လူငယ်၊ ကလေးငယ်များပါ အဆိုပါ မီဒီယာများမှ တစ်ဆင့် မိမိတို့ လုပ်ငန်းခွင်အတွင်း၊ အပြင်၊ လူမှုဆက်ဆံရေးအလိုင်းအဝိုင်း၊ အဖွဲ့အစည်းများအတွင်း၊ သူငယ်ချင်းမိတ်ဆွေများ အချင်းချင်း၊ အလွန်လျင်မြန်စွာ ဆက်သွယ်လာနိုင်သည်မှာ အံ့မခန်း ဝမ်းမြောက်စရာပင်။

လွန်ခဲ့သော ၁၆ နှစ်ခန့်က စာရေးသူ အလုပ်ကအပြန် သုံးနှစ်ခန့်အရွယ် စာရေးသူ၏ သမီးလေးက သူ့ခေါင်းမှာ ပတ်လေးစည်းထားပြီး ဇည့်ခန်းထဲ တံမြက်စည်းလှည်းနေသည်ကို တွေ့သည်။ သမီးလေးကို စောင့်ရှောက်ပေးသော သူ့အဒေါ်က "မီးမီး လုပ်ချင်တယ်" ဆို၍ ခွင့်ပြုထားသည်ဟု ဆိုသည်။ သမီးသည် Snow White ခေါ် 'မနှင်းဖြူ လေး' ကလေးရုပ်ရှင်ကားကို သိပ်ကြိုက်သည်။ သမီးလေး စနိုးဖြူက် ကလေးကို သဘောကျပြီး အတုယူဟန်ရသည်။

စာရေးသူတို့ မူလတန်းကျောင်းသားဘဝကတော့ ပထမတန်းဖတ်စာအုပ်ထဲပါသော "ဇွန်ပန်းရုံအနီး၊ နွံထဲ၌၊ လှည်းဘီးကျွံနေသည်၊ ကူ၍ တွန်းပေးကြပါ" ဆိုသည့် စာပိုဒ်လည်း အော်ဆို၊ အရုပ်ထဲတွင်ပါသည့် ခါးတောင်းကျိုက်၍ လှည်းကို ကူတွန်းနေသော သူများကိုအတုယူပြီး အခက်အခဲဖြစ်နေသူကို ကူညီရမည်ဟု သိခဲ့သည်။

ရေဒီယိုမှ အသံလွှင့်သော ပုံပြင်လက်ဆောင်၊ ဇာတ်လမ်းပမာ၊ ရုပ်ရှင်၊ ဇာတ်သဘင်ကြည့်ရှုနားထောင်ခြင်း၊ ကျောင်းစာကြည့်တိုက်များနှင့် အိမ်တွင် ရှိသော သတင်းစာ၊ ဂျာနယ်၊ ရွှေသွေး၊ တေဇ၊ မဂ္ဂဇင်းများ ဖတ်ကြသည်။

ယခုခေတ် ကလေးများအားလုံး မနက်အိပ်ရာထသည်မှစ၍ ညအိပ်ချိန်အထိ ကျောင်း၊ ကျူရှင်စသည်တို့နှင့် အချိန်ကုန်ပြီး ကလေးတို့ ဗဟုသုတရဖို့ စာဖတ်ချိန်မရှိသလောက်ရှား။

မိဘများကလည်း ခေတ်နှင့်အညီ မိမိတို့သားသမီးများ သူများအောက် မကျ၊ မျက်နှာမငယ်ရအောင်၊ ကျူရှင်ပို့၊ ကျောင်းပို့ မအားသည့်ကြားမှ လုပ်ရသည်။

စာရေးသူအပါအဝင် မိဘအတော်များများတို့သည် ငါတို့တစ်ခုခုမှားနေပြီ ဆိုတာ သိလျက်နှင့်ပင် စာမေးပွဲအမှတ်ကောင်းကောင်းရဖို့၊ လိုင်းကောင်းကောင်းရဖို့ဆိုသော မျှော်လင့်ချက်ဖြင့် ဘီးချော်အရှိန်တက်ကာ အရှိန်သတ်ရ တော်တော်ခက်နေပြီလို့ မြင်မိသည်။

ကလေးတွေ စာဖတ်မည်၊ ကြိုးစားမည်ဆိုလျှင် လိုချင်တာ အကုန်ဝယ်ပေးသည်။ သူတို့ စိတ်ကျနေမာရေး၊ ဗဟုသုတတိုးတက်ရေး၊ ကိုယ်အင်္ဂါစိတ်ဓာတ်ကြံ့ခိုင်မှု တိုးတက်ရေးများကို ပြုစုပျိုးထောင်ရာတွင် စာရေးသူတို့ သတိထားစရာများရှိလာပြီ။

အလိုလိုက်ရင်းနှင့် အဆိုပါ မီဒီယာ၊ ပစ္စည်းများပါလာသည်။ ထို့အပြင် ယခု ခေတ်ကာလ ကလေးလူငယ်များ အဖေ၊ အမေစုံစုံလင်လင်နှင့် တစ်အိမ်တည်းတွင် ပြည့်စုံစွာ နေထိုင်စားသောက်ခွင့်ရလျှင် ထိုကလေးငယ်တို့ အလွန်ကံကောင်းသည်ဟု ဆိုရမည်။ နေ့စဉ်နှင့်အမျှ ကြီးမြင့်လာသော လူနေမှုစရိတ်ကို ကာမိစေရန် မိဘနှစ်ပါးစလုံး တစ်နယ်တစ်ကျေး၊ နိုင်ငံရပ်ခြားသွားနေရ၍ အဘိုးအဘွားတို့နှင့် နေရ၏။ တစ်အိမ်တည်းနေပြန်လည်း နေဝင်မိုးချုပ်ပင်ပန်းစွာ ရှာဖွေလုပ်ကိုင်ရ၍ မိမိတို့အိမ်ရောက်တော့ အိပ်ပျော်နေသော သားတို့၊ သမီးတို့၏ နဖူးကို ဖွဖွနမ်းပြီး မိမိကိုယ်တိုင် အိပ်ရာဝင်၊ မိုးလင်းထ၊ အလုပ်သွားရသည့်မိဘများ။

အချုပ်အားဖြင့် စာရေးသူအပါအဝင် မိဘများသည် မိမိတို့သားသမီးများအပေါ်ထားသော အချစ်အား၊ မေတ္တာတရားကို အရုပ်အမျိုးမျိုး၊ အဝတ်အစားအပါအဝင် အဆိုပါမီဒီယာပစ္စည်းများနှင့် အစားထိုးမှန်းမသိ အစားထိုးနေလေပြီ။ ဒီတော့ ကလေးလူငယ်တို့၏ ဘဝသည် "Cyber World" "ဆိုက်ဘာကမ္ဘာ" ဖြစ်လာသည်။ မိမိတို့ သားသမီးများ Cyber World ထဲတွင် ဘယ်အတိုင်းအတာထိ ဝင်ရောက်နေပြီ၊ ဘယ်လိုအန္တရာယ်တွေ ရှိလာနိုင်သည်ကို သတိထားဖို့ အထူးလိုအပ်လာပြီ။ အွန်လိုင်းများအပေါ်မှ မိမိတို့ကလေးများ မည်မျှအနိုင်ကျင့်ခံ နေရသည်၊ မည်သို့မည်ပုံ Cyber bullying အလုပ်ခံနေသည်ကို နားလည်သင့်သည်။

မိမိတို့ကလေးများ အဆမတန် အဖိုးကြီးပစ္စည်းများ နှစ်သက်ဝယ်ခြမ်းလာခြင်းသည်လည်း အန္တရာယ်များမှ တစ်ခုဖြစ်သည်။ ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်း၊ လောင်းကစားခြင်း၊ လိင်မှုဆိုင်ရာစော်ကား အလွဲသုံးစားမှုပြုခြင်း၊ လွဲမှားသော အတွေးအခေါ်၊ တစ်ပါးသူထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့် သတင်းအချက်အလက်များကို အွန်လိုင်းများပေါ်မှာ ပြုလုပ်လာခြင်းကြောင့် လူငယ် လူရွယ်များ၊ မိဘများ ဆိုးရွားစွာထိခိုက်နစ်နာမှုများ ရှိလာသည်။

ဒါကြောင့်မို့ ကလေးလူငယ်များ၏ Online safety အွန်လိုင်းလုံခြုံမှုသည် တစ်အိမ်ချင်း၊ တစ်မြို့ချင်း၊ တစ်နိုင်ငံလုံးနှင့်တကွ အပြည်ပြည်ဆိုင်ရာအရေးတစ်ခုဖြစ်လာသည်။

ကလေးတို့ ဗီဒီယိုဂိမ်းများကို စွဲလမ်းစွာ ဆော့ကစားခြင်း၊ မဆော့ရမနေနိုင် ဖြစ်လာခြင်း၊ အချိန်ကြာရှည်စွာ ဂိမ်းဆော့ခြင်းမှတစ်ဆင့် အဝလွန်ခြင်း၊ ခေါင်းကိုက်၊ မျက်စိထိခိုက်ခြင်း၊ အိပ်ရေးပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ အကြမ်းဖက်မှုမျိုးကို ကြောက်ရွံ့ရမှန်းမသိ အကျွမ်းဝင်လာခြင်း၊ ငွေကုန်ကြေးကျများခြင်းများ တွေ့ရသည်။

အချို့ ဆယ်ကျော်သက်ရွယ် မိန်းကလေးများ၊ မိမိတို့၏ ဓာတ်ပုံများကို Online, facebook များပေါ် မဖွယ်မရာ ဖြန့်ဝေခြင်းခံခဲ့ရ၍ မိမိကိုယ်ကို သတ်သေသည်အထိ အဖြစ်ဆိုးခဲ့ရသည်။ အသက်မသေဘဲ ဆေးကုသမှုခံရသူများမှာလည်း ဆေးကုသမှုအပြီး ခန္ဓာကိုယ်ကျန်းမာလာသော်လည်း အကျိုးဆက်အဖြစ် စိတ်ဖိစီးမှုခံစားလာရသဖြင့် ထိုသမီးလေးကို ကြည့်ရှုစောင့်ရှောက်ရသော ဆရာဝန်များအပါအဝင် မိဘ ဆွေမျိုးများ ခမျာ မည်ရွေ့မည်မျှ အပူမီးတောက်၍ ကိုင်တွယ် ဖြေရှင်းကုသရန် ခက်ခဲသည်ကို ကြံဖူးသူတိုင်း နားလည်ပါလိမ့်မည်။

ယနေ့ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းလုံးတွင် ဖေ့စ်ဘွတ် (facebook) သုံးစွဲသူ သန်းပေါင်း ၁၄၀ ရှိပါသည်။ ဂျပန်နိုင်ငံတွင် အထက်တန်း ကျောင်းသူ ကျောင်းသား ၈၃ ရာခိုင်နှုန်းတို့သည် မိုဘိုင်းဖုန်း (mobile phone) များ ကိုင်ဆောင်ကြသည်။ ထိုမှတစ်ဆင့် ဂျပန်မိန်းကလေးနှစ်ဦးလျှင် တစ်ဦး၊ ဂျပန်ယောကျ်ားလေး လေးဦးတွင် တစ်ဦးတို့သည် အင်တာနက် dating post များမှတစ်ဆင့် တွေ့ဆုံဆက်သွယ်လာပြီး၊ အပြင်တွင်လူချင်းဆုံတွေ့လာသည်။

လွန်ခဲ့သော လေးနှစ်ခန့်က လျင်မြန်စွာ တိုးတက်လာသော အင်တာနက်များနှင့်အတူ "ကလေးလူငယ်များ လိင်ဆက်ဆံမှုဖြင့် ဝင်ငွေရှာခြင်း" (child Prostitution) မှာ ငါးဆခန့် မြင့်တက်လာသည်။ Mobile Phone သုံးစွဲ၍ အခြားရာဇဝတ်မှုကျူးလွန်လာခြင်းများ အဆပေါင်းများစွာ မြင့်တက်လာခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် ကလေးဆယ်ယောက်လျှင် လေးယောက် မှာ အွန်လိုင်းများပေါ်မှာ အနိုင်ကျင့်ခံရခြင်း (Cyber bullying) ကို ယနေ့ ရင်ဆိုင်နေရသည်။

ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ ကလေးငယ်တို့ ဦးနှောက်ဖွံ့ဖြိုးမှု၏ ၈၀ ရာခိုင်နှုန်း ကျော်ကျော်သည် သူတို့အသက် ငါးနှစ်မတိုင်ခင်တွင် ဖြစ်ပေါ်ပါသည်။ တယ်လီဗီးရှင်းအပါအဝင် အားလုံးသော ဖုန်း၊ ipad စသည်တို့မှ လျှပ်တစ်ပြက်စုံလင်စွာ လျင်မြန်စွာ ပြောင်းလဲနေသော အလင်းရောင်၊ ရုပ်ပုံလှှာများသည် ဦးနှောက်နှင့်အာရုံကြော အချက်ပေး ထိန်းချုပ်မှုစနစ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေပါသည်။ ထို့အပြင် အာရုံစူးစိုက်မှု၊ ခွဲခြား၊ ဝေဖန်ပိုင်းခြားနိုင်မှုကိုပါ ထိခိုက်စေပါသည်။

အခြားအရေးတကြီး နားလည်ရန် တစ်ချက်မှာ လက်ကိုင်ဖုန်း (mobile phone) များမှ ထုတ်လွှတ်သော မိုက်ကရိုဝေ့ဖ် (micro waves)၊ ဝိုင်ယာလက်စ်၊ ဥပမာ- ဘလူးတုသ် (blue tooth)၊ ဝိုင်ဖိုင် (Wifi) စသည်တို့မှ ထုတ်လွှတ်သော ရေဒီယိုလှိုင်းများသည် အာရုံကြောဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ (အထူးသဖြင့် ဆယ်နှစ်အောက်) ကလေးငယ်များတွင် ထိခိုက်စေပါသည်။

စာရေးသူတို့ ဆေးပညာလောကတွင် ဆေးဝါးတစ်ခုမထုတ်လုပ်၊ မသုံးစွဲမီ အဆိုပါဆေးဝါးသည် လူတို့အတွက် မည်ရွေ့မည်မျှ အသုံးတည့်မှု၊ ဘေးထွက်အန္တရာယ်ရှိမှုတို့ကို နှစ်ပေါင်းများစွာ စမ်းသပ်၊ စစ်ဆေးသုတေသနပြုလုပ်ပြီး ထိုဆေးဝါးကို အသုံးပြုရန် သင့်တော်လုံခြုံသည်ဆိုမှ ထုတ်လုပ်အသုံးပြုရပါသည်။

ယနေ့ကလေးလူငယ်များ သုံးစွဲနေသော ဝိုင်ဖိုင်ကို မည်ရွေ့မည်မျှ လုံခြုံမှု စမ်းသပ်ထားခြင်းရှိ၊ မရှိ ရာနှုန်းပြည့် မသိသေးပါ။ အချို့သော စမ်းသပ်ချက်များအရ ဝိုင်ဖိုင်သည် ခန္ဓာကိုယ်ခုခံအားနှင့် အာရုံကြောထိခိုက်စေသည်ဟု ဆိုပါသည်။

သို့ဖြစ်၍ မိဘများ၊ ဆရာ ဆရာမများအနေနှင့် မိမိတို့ ကလေးလူငယ်များ၏ မိုဘိုင်းဖုန်း၊ အင်တာနက် မီဒီယာအသုံးပြုမှုများကို အသက်အရွယ်အားဖြင့် လည်းကောင်း၊ အချိန်အတိုင်းအတာအားဖြင့်လည်းကောင်း၊ ကလေးတို့ လိုက်လျောညီထွေစွာ သုံးတတ်ရန် အနီးကပ် ကြီးကြပ် ကန့်သတ်ရမည်။

အထူးသဖြင့် ဆယ်ကျော်သက်များ၊ ပုံမှန်အားဖြင့် ၁၃ နှစ်အရွယ်များကိုမူ မိဘတို့က အကြောင်းအကျိုးနားလည်အောင် ပွင့်လင်းစွာ ရှင်းပြဆွေးနွေးပြီး လမ်းညွှန်ထိန်းသိမ်းရန်လိုပါသည်။

ကလေး၊ လူငယ်၊ လူရွယ်များအနေဖြင့် မိမိတို့၏ အွန်လိုင်းလုံခြုံမှု (Online Safety) အဆင့်ကို အမြင့်ဆုံးထားရမည်။ အွန်လိုင်းပေါ်မှ သူငယ်ချင်းမိတ်ဆွေများကို လေးစားစွာ ဆက်ဆံခြင်း၊ မိမိတို့၏ ဓာတ်ပုံ၊ ဗီဒီယိုများကို အွန်လိုင်းမတင်မီ သေသေချာချာ စစ်ဆေးခြင်း၊ မိမိသိသော သူငယ်ချင်းများကိုသာ အွန်လိုင်းပေါ်တွင် လက်ခံခြင်း၊ မိမိအား အွန်လိုင်းပေါ်တွင် အနိုင်ကျင့် ဖိအားပေးသူ (bullying) လုပ်သူများအား ဘလော့ခ် (Block) လုပ်ခြင်း၊ မည်သို့ ဘလော့ခ်လုပ်ရမည်ကို တတ်ကျွမ်းအောင် လေ့လာထားခြင်း၊ အချို့သော လူကြီး၊ မိဘ၊ ဆရာသမားတို့နှင့် ပြဿတိုင်ပင်သင့်သော အချက်အလက်များကို ဆော့ဖ် (Save) လုပ်ပြီး အကြံဉာဏ်ရယူခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများသို့ တိုင်ကြားခြင်းများကို လုပ်ဆောင်ရမည်ကို နားလည်စေချင်ပါသည်။

လူကြီးမိဘ၊ ဆရာသမားများအနေနှင့် ကလေးလူငယ်များသည် ကလေးများ အင်တာနက်၊ မိုဘိုင်းဖုန်းများ သုံးစွဲပြီးသောအခါ စိတ်ထိခိုက်၊ ကြောက်ရွံ့လာခြင်း၊ စိတ်အားငယ်ခြင်း၊ ၎င်းတို့၏ အွန်လိုင်းအတွေ့အကြုံများ မပြောပြလိုခြင်း၊ မီဒီယာများကို မသုံးစွဲလိုတော့ခြင်း (သို့မဟုတ်) ပို၍အသုံးများလာခြင်း၊ များပြားလှသော ဖုန်းနံပါတ်များ၊ အီးမေးလ်လိပ်စာများ ထားရှိလာခြင်း၊ ကျောင်းမကြာခဏာပျက်ခြင်း၊ သူငယ်ချင်းများကို ရှောင်ကြဉ်လာခြင်း၊ သွားရိုးသွားစဉ်ပွဲလမ်း၊ အလေ့အကျင့်များမှ ရှောင်ကြဉ်လာခြင်း စသည့်အွန်လိုင်းညှင်းပန်းနှိပ်စက်မှု (Cyber bullying) လက္ခဏာများကို သတိထားရပါမည်။

သားတို့၊ သမီးတို့ရေ အဖေတို့၊ အမေတို့ဟာ ကလေးတို့ကို အတိုင်းမရှိ ချစ်ခင်မြတ်နိုး တန်ဖိုးထားတာကို နားလည်စေချင်ပါသည်။

ကလေးတို့ နေ့စဉ်သုံးစွဲနေတဲ့ မိုဘိုင်းဖုန်း၊ ipad, iwatch, android, laptop စတဲ့ ပစ္စည်းများအားလုံးနဲ့တကွ သုံးစွဲခစရိတ်တွေဟာ တန်ဖိုးကြီးမားပါသည်။

ဒီနေရာမှာ အဖေတို့၊ အမေတို့ နည်းအမျိုးမျိုးရှာဖွေထားတဲ့ ဝင်ငွေ ဥပမာ- အဖေအလုပ်နားချိန်မှာ သောက်မယ့် လက်ဖက်ရည်တစ်ခွက်ဖိုး မသောက်ဘဲစုထားတဲ့ငွေ၊ အားလပ်ချိန်မှာ အနားမယူနိုင်ဘဲ ဆိုက်ကားနင်း၊ တက္ကစီမောင်းပြီး ရလာတဲ့ငွေ၊ အမေ ဈေးရောင်းပြီး ပိုတဲ့ငွေကို မိမိအတွက် လုံချည်အသစ်တစ်ထည်မဝယ်ရက်ဘဲ ငါ့သားလေး ဖုန်းကိုင်ပါစေဆိုပြီး ဝယ်ပေးတာတွေ၊ ကလေးတို့အတွက် အမေ ပင်ပင်ပန်းပန်း ရှာထားရတဲ့ငွေ၊ အဖေတို့ အိုးပစ်၊ အိမ်ပစ် မိသားစုထားခဲ့ပြီး အဝေးသွား၊ ပျော်စရာနဲ့ဝေး၊ အသက်များတောင် မနှမြော ရှာထားရတဲ့ငွေ၊ သမီးကို သားကို ဖုန်းဝယ်ပေးချင်လို့ ယူနီဖောင်းအသစ်တစ်စုံ၊ တိုက်ပုံတစ်ထည် အသစ်မဝယ်နိုင်ဘဲ စုထားတဲ့ ငွေလေးတွေနဲ့ မငြိုမငြင်ဝယ်ထားပေးတာပါ။

ဒါ့ကြောင့် သားတို့၊ သမီးတို့ကလည်း ဒီပစ္စည်းလေးတွေကို တန်ဖိုးထားပြီး မိမိတို့အတတ်ပညာ၊ အသိပညာ၊ တိုးတက်ဖို့၊ စာပေပညာ၊ နည်းပညာလေ့လာသင်ကြားဖို့၊ ပင်ပန်းနွမ်းနယ်တဲ့အခါ အကျိုးရှိစွာ အနားယူဖို့၊ မိတ်ဆွေသူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် လျင်မြန်စွာ ဆက်သွယ်ဖို့၊ ကလေးတို့ရဲ့ အန္တရာယ်ကို ကာကွယ်ဖို့နဲ့၊ ဘေးဒုက္ခကျရောက်နေတဲ့သူတွေကို ကယ်တင်ကူညီဖို့၊ အများပြည်သူ အကျိုးရှိမည့် သတင်း၊ အချက်အလက်များကို နည်းလမ်းမှန်စွာ၊ လျင်မြန်စွာ ဖြန့်ဝေဖို့စသည့်နေရာများမှာ ထိရောက်စွာ သုံးစေချင်ပါသည်။

သားတို့၊ သမီးတို့ ဒီမီဒီယာပစ္စည်းပေါင်းစုံကို ဒီနေ့ခေတ်မှာ မသုံးမဖြစ် သုံးရပါမည်။ ကျွမ်းကျင်၊ ပိုင်နိုင်၊ လိမ္မာစွာ သုံးတတ်အောင်လည်း လေ့လာထားရပါမည်။ မိမိတို့ကို အန္တရာယ်မရှိအောင် သုံးစွဲတတ်ရပါမည်။

ဥပမာ- လျှပ်စစ်ဓာတ်ဆိုတာ ဓာတ်လိုက်တတ်ပါသည်။ ဒါပေမယ့် ဓာတ်မလိုက်အောင် နည်းစနစ်တကျ ကာကွယ်ပြီး နေ့စဉ်အသုံးပြုနေတာ သားတို့ ၊ သမီးတို့ အသိပါနော်။

သားတို့၊ သမီးတို့အားလုံး မီဒီယာများစွာနှင့် ဟောဒီ့ဆိုက်ဘာဝေါလ် (Cyber World) ကြီးများ ခေတ်မီနည်းပညာ၊ ပစ္စည်း၊ အချက်အလက်များကို မိမိတို့ တစ်ဦးချင်းမှသည် လူဘောင် တစ်ခုလုံး လုံခြုံတိုးတက်အောင် တီထွင် သုံးစွဲတတ်သော၊ အောင်မြင်သော လူငယ် လူရွယ်များဖြစ်လာနိုင်ကြပါစေ။ ။

ရွှေ့လျားမော်တော်ယာဉ်ဖြင့် မှုခင်းပိုင်းဆိုင်ရာ အသိပညာပေး

အုတ်တွင်း စက်တင်ဘာ ၃ - ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်သို့ တာဝန်ခံ ဒုရဲမှူး သောင်းစိုးပါဝင်သောအဖွဲ့နှင့် အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်းနှင့် အဖွဲ့တို့ပူးပေါင်း၍ သြဂုတ် ၂၈ ရက်က မှုခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။ ယင်းသို့ဟောပြောရာ အုတ်တွင်းမြို့နယ် ညောင်ခြေထောက်မြို့အမှတ်(၂)ရပ်ကွက်တွင် မွန်းလွဲ ၂ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် ကျွဲပွဲမြို့ ကျင်းကြီးရပ်ကွက် ကားဂိတ်လမ်းဆုံ၌ လည်းကောင်း၊ ညနေ ၄နာရီခွဲတွင် အုတ်တွင်းမြို့ ပဲခူးလမ်းရပ်ကွက် ကားဂိတ်လမ်းဆုံ၌ လည်းကောင်း မှုခင်းအသိပညာပေးပြခန်း မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းဆိုင်ရာကိစ္စရပ်များကို ဓာတ်ပုံ ၊ ပိုစတာများဖြင့် အသိပညာပေးဟောပြောပွဲများဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ဖြူး-မြင့်ဦး**

စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ချေးငွေများထုတ်ချေး

တပ်ကုန်း စက်တင်ဘာ ၄

နိုင်ငံတော်၏စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲအခမ်းအနားကို တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သြဂုတ် ၃၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းစိုက်ပျိုးမွေးမြူရေး သမဝါယမဖွဲ့စည်းမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းထွန်းက သြဂုတ်လဒုတိယပတ်တွင် နွယ်ရစ်ကျေးရွာ၌ စတင်ဖွဲ့စည်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေတွင် စုပေါင်းစိုက်ပျိုး မွေးမြူရေးသမအသင်းကို နွယ်ရစ်ကျေးရွာတစ်ရွာတည်း၌ ပထမဦးဆုံး စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက သမဦးစီးဌာန၏ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်ခုနစ်ရပ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

စုပေါင်းစိုက်ပျိုးမွေးမြူရေး သမအသင်းက ကျေးရွာရှိ တောင်သူများ အရင်းအနှီးရရှိရေး၊ စီးပွားရေးအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် လယ်တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးပြီး ပြန်ဆပ်ကာလမှာ လေးလခွဲသတ်မှတ်ထားကြောင်း၊ မွေးမြူရေးကဏ္ဍတွင် နွားတစ်ကောင်လျှင် တစ်သိန်း၊ ဝက်တစ်ကောင်လျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးပြီး ပြန်ဆပ်ကာလမှာ ၁၀ လဖြစ်ကာအတိုးနှုန်းမှာ တစ်ကျပ်ခွဲဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒုတိယဦးစီးမှူးဦးဝင်းဦးက "လယ်ယာစိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှုကြောင့် ပိုမိုထွက်ရှိနိုင်ပါတယ်။ ကောင်းမွန်တဲ့ စိုက်နည်းစနစ်တွေ ပြောင်းလဲစိုက်ပျိုးပါက သီးနှံအရည်အသွေးကောင်းမွန်တဲ့အပြင် စျေးနှုန်းလည်းကောင်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေအတွက် အကျိုးရှိတဲ့ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးတွေကို စျေးနှုန်းချိုသာစွာနဲ့ရရှိအောင် ကုမ္ပဏီ၊ စက်ရုံတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ စိုက်နည်းစနစ်တွေကို ပညာပေးတာ၊ ပိုးသတ်ဆေးတွေ စနစ်တကျသုံးစွဲနိုင်ရေး၊ ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ဆောင်ရွက်ပေးခြင်းနဲ့ သီးနှံတွေစျေးကောင်း ရရှိရေးအတွက် စျေးကွက်ရရှိရေး အစီအမံတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သက်တံ့ရောင် သမဝါယမအသင်းဥက္ကဋ္ဌကို ယ်စားနေပြည်တော် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက ပံ့ပိုးချေးငွေများကို ပေးအပ်ရာ နွယ်ရစ်ကျေးရွာသမအသင်းဥက္ကဋ္ဌက လက်ခံရယူသည်။

နွယ်ရစ်ကျေးရွာ၌ ယခင်စိုက်ပျိုးရေးလုပ်ကိုင်သူ အသင်းသား ၁၅၅ ဦးအတွက် ချေးငွေကျပ် ၁၂၈ ဒသမ ၆၅ သိန်းပေးခဲ့ပြီး ယခုတွင် စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၅ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၂၇၀ အတွက် ချေးငွေကျပ် သိန်း ၄၂၃ ဒသမ ၃၀ စုစုပေါင်း စုဆောင်းငွေ အပါအဝင် ငွေကျပ်သိန်း ၆၄၅ ဒသမ ၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သတင်း-ကျော်သူဝင်း
ဓာတ်ပုံ-သက်ထက်

စက်တင်ဘာ ၂ ရက်က ပဲခူးမြို့နယ် အထက ထုံးကြီးကျောင်းနှင့် အင်းတကော်တပ်နယ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦး ဦးဆောင်၍ မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသမှုကို ကျောင်းသား ကျောင်းသူများနှင့် တပ်မိသားစုများ ကြည့်ရှုနေကြစဉ်။ သန့်စင်(ပဲခူး)

ထန်းတောင်သူများထန်းလျက်အရ နည်းပါးလာသော်လည်း စျေးကောင်းရောင်းရ

ညောင်ဦး စက်တင်ဘာ ၄

ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးတွင်ပါဝင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထန်းတက်လုပ်ငန်းတို့သည် မိရိုးဖလာလုပ်ငန်းအဖြစ် ကျေးလက်တောရွာနေပြည်သူများ လုပ်ကိုင်နေကြသည်။

ထိုသို့ လုပ်ကိုင်ကြရာတွင် ယခုနှစ် ထန်းလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သည့် ထန်းတောင်သူများ ထန်းလျက်အရနည်းသော်လည်း ထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ရောင်းချရသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

" ကျွန်တော်တို့ ဒီနှစ်ထန်းလိုးရာ သီတုန်းကလည်း ထန်းလျက်ကိုတစ်နေ့ ပိဿာ ၂၀ မှ ၂၅ ပိဿာ အထိရခဲ့ပါတယ်။ တချို့ထန်းလိုးသန်သူတွေဆိုရင် ပိဿာ ၃၀ အထိရကြတယ်။ ဒီနေ့အထိ ကျွန်တော်တို့ကတော့ ၁၀ ပိဿာအောက် မလျော့ဘဲရပါသေးတယ်။ ဒီအချိန်ဟာ ထန်းလိုးရာသီ နောက်ပိုင်းရောက်လာပါပြီ။ ထန်းရာသီနောက်ပိုင်း ရောက်ပေမယ့် ဇော်ဂျီထန်းလျက်ဆိုလျှင် တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းရပါတယ်။ ဇော်ဂျီ ထန်းလျက်ဆိုတာ ဝယ်သူက ထန်းရည်ချိုထဲကို ဆေးတစ်မျိုးခတ်စေပါတယ်။ ဒီထန်းလျက်က ဆေးနဲ့ဆိုတော့ နီညိုရဲရောင်ပေါ်လာပြီး ဇော်ဂျီရောင်ပေါက်နေလို့ ဇော်ဂျီထန်းလျက်လို့ခေါ်ပါတယ်။ ဇော်ဂျီစျေးကောင်းတော့ ထန်းသမားတွေ အဆင်ပြေနေတုန်းပါပဲ"ဟု ရွာသားအေးရွာမှ ထန်းလျက်လုပ်ငန်း လုပ်ကိုင်သူက ပြောသည်။

"ကျွန်တော်တို့ကတော့ ထန်းလျက် အဖြူလုပ်တာပါ။ ထန်းလျက်အဖြူက ငွေကျပ် ၁၄၀၀ ရောင်းရပါတယ် ။ ထန်းလျက်ဖြူအောင် ချွတ်ဆေးတစ်မျိုးခတ်ရပါတယ်။ ထန်းရည်ချိုထဲကို ချွတ်ဆေးထည့်၊ ကျိုလိုက်ရင် ထန်းလျက်ဖြူဖြူ ဖွေးဖွေးလေးတွေ ရပါတယ်။ ဓာတုဆေးကြောင့် အရောင်ဖြူလာတာပါ။ ထန်းလျက်အဖြူလုပ်တဲ့ ဆေးရည်ကြောရည်ကိုတော့ အိမ်ကန္ဒားတွေတိုက်ရင် နွားဝတယ်။ အိမ်မွေးတဲ့ ဝက်ကိုတိုက်ရင် ဝက်ဝစေတယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့ ထန်းလျက်အဖြူကိုပဲ လုပ်တာပါ"ဟုကံသာယာယာရွာနေ ထန်းလျက်လုပ်သားတစ်ဦးက ပြောသည်။

ကျော်ဌေး(ညောင်ဦး)

သတင်းတိုများ

တာမွေ

တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ ၂ ရက်က မြို့နယ်စီမံကိန်းဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းမှူး ဒေါ်မိမိတင်က စီမံကိန်းရေးဆွဲရေးလုပ်ငန်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းရှင်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် အဆိုပြုစီမံကိန်းများ ရေးဆွဲတင်ပြခြင်းလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

လှလှ(မြန်/ဆက်)

ပန်းတောင်း

ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ရေတိုက်စားမှုကြောင့် ဧရာဝတီမြစ်ကမ်းပါး ပြိုကျမှုဖြစ်ပွားခဲ့၍ စက်တင်ဘာ ၁ ရက်က လူနေအိမ်အချို့နှင့် မိသားစုဝင်များ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း သိရသည်။

အဆိုပါကျေးရွာမှ မြစ်ကမ်းဘေးရှိ လူနေအိမ် ၁၉ လုံးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး နေအိမ်များနှင့်လူများ တစ်စုံတစ်ရာထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် ပြောင်းရွှေ့နေအိမ် ၁၉ လုံးမှ မိသားစုဝင် စုစုပေါင်း ၆၈ ဦးမှာ အဆိုပါကျေးရွာရှိ ဘေးကင်းလွတ်သည့် ၄င်းတို့ဆွေမျိုးများ၏နေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ၎င်းတို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းကူညီထောက်ပံ့ပေးကြောင်း သိရသည်။

မျိုးကျော်ကြီး(မြန်/ဆက်)

ဗာပွန်

ကရင်ပြည်နယ် ဗာပွန်မြို့နယ် အနောက်ဘက်ကမ်းကျေးရွာရှိ ဦးစိန်ဝင်းညွန့်၏ လယ်မြေခြောက်ဧက၊ မဲသလွတ်ကျေးရွာအုပ်စုရှိ ဦးရွှေလှ၏ လယ်မြေငါးဧက၊ ဝှေဆန်ကျေးရွာအုပ်စုရှိ ဦးထွန်းလွင်၏ လယ်ယာမြေခုနစ်ဧကတို့တွင် ဖြတ်ပိုးများ ကျရောက်လျက်ရှိသောကြောင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စက်တင်ဘာ ၂ ရက်ကို သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းလှရွှေနှင့် အဖွဲ့က တောင်သူများနှင့်တွေ့ဆုံကာ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များကို လက်တွေ့ပြသပြီး ပိုးသတ်ဆေးများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သိန်းစိုးမြင့် (မြန်/ဆက်)

တမူး

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကဘော်ခန်းမ၌ ဒုတိယရက် ၁၀၀ စီမံချက်မှုခင်းကျဆင်းရေး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင့်ဝေနှင့်တာဝန်ရှိသူများက လူမှောင်ခိုပြုလုပ်မှုများ၊ လူကုန်ကူးမှုများနှင့် ပြစ်မှုပြစ်ဒဏ် ဆိုင်ရာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဘေးထွက်ဆိုးကျိုးများနှင့် သက်ဆိုင်သည့် သိကောင်းစရာများကို ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(တမူး)

မိတ္ထီလာ

မိတ္ထီလာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲထွင့်က ပေးအပ်ပြီး သင်တန်းတွင် ထူးချွန်သူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်ဆန်းတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ချမ်းသာ (မိတ္ထီလာ)

တောင်ငူ

မြန်မာ့မီးရထား တောင်ငူဘူတာညီလာခံ၌ စက်တင်ဘာ ၃ ရက်က တရားခံဖမ်းဆီးနည်း(ရက်တို) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ကျင်းပရာ ဒုတိယရဲမှူး ချစ်ကိုကိုနှင့် အ ထူးတန်းရုံပိုင်ကြီး ဦးဇော်ထွန်းတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းမှူး ရထားရဲတပ်ဖွဲ့အမှတ်(၁၀) တပ်ခွဲ တောင်ငူမှ ဒုရဲအုပ်မျိုးမြင့်တိုးနှင့် သင်တန်းဆရာများအဖြစ် ဒုတိယတပ်ကြပ်ဝင်းအောင်နှင့် ရဲတပ်သားမြင့်ဦးတို့မှ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက်က မြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများရှိ အမှိုက်များစွန့်ပစ်ရာတွင် အဆင်ပြေနိုင်ရေးအတွက် အမှိုက်ထည့်ရန် ပီနံအိတ်များ ပေးဝေဌာခြင်း၊ အမှိုက်ကားဖြင့် အမှိုက်များ သိမ်းဆည်းခြင်းတို့ကို ကျောင်းအလိုက် သီးသန့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်ကလေး(သရက်)

ကြက်လည်လိမ်ရောဂါအတွက် I_2 မျက်စဉ်းခတ်ဆေးအကြောင်းဆွေးနွေး

ပူတာအို စက်တင်ဘာ ၄

ကချင်ပြည်နယ် ပူတာအိုခရိုင် မြိုနယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ပျားလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ဒေသတွင်းဖြစ်ပွားလေ့ရှိသော ကြက်လည်လိမ်ရောဂါကျရောက်မှု ကင်းဝေးစေရန်နှင့် ပျားမွေးမြူခြင်းဖြင့် ဝင်ငွေတိုးလာစေရန် ရည်ရွယ်၍ I_2 မျက်စဉ်းဆေးခတ်ခြင်းကို ပိုင်ရှင်ကိုယ်တိုင်ခတ်ခြင်းနှင့်အသိပညာ ပေးဆွေးနွေးခြင်းကို စက်တင်ဘာ ၂ ရက်က ပူတာအိုမြိုနယ် မာမူးလဲ့ကျေးရွာအုပ်စု ပါခီးကျေးရွာအုပ်ချုပ် ရေးမှူးနေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းမြင့်က I_2 မျက်စဉ်းခတ်ဆေးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျေးရွာပြည်သူများအား I_2 မျက်စဉ်းခတ်ဆေးကို တစ်ဦးချင်းလက်တွေ့ခတ်ခြင်းအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများက လေ့ကျင့်သင်ကြားပေးခဲ့သည်။

ထိုနောက် မြိုနယ်ပျားလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ပြေစိုးက သစ်ခေါင်းပျားမွေးမြူရေးနှင့် ပတ်သက်၍အသေးစိတ်အသိပညာပေးဆွေးနွေးခဲ့ကြသည်။

အဆိုပါ I_2 မျက်စဉ်းခတ်ဆေးသည် အသက် ၁၀ ရက်သားနှင့်အထက်ရှိသော ကြက်များအား စတင် တစ်စက်ခတ်ပြီး နောက် ၁၄ ရက်အကြာတွင် တစ်ကြိမ် ထပ်မံခတ်ရန်နှင့် လေးလကြာတိုင်း ဆက်လက်ခတ်သွားရန် လိုအပ်ကြောင်း သိရသည်။ **(ခရိုင် မြန်/ဆက်)**

သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်

ရန်ကုန် စက်တင်ဘာ ၄

သြဂုတ် ၁၈ ရက်က လှိုင်မြိုနယ်အတွင်းရှိ သက်တော် (၇၅)နှစ် ဝါတော်(၅၅)ဝါနှင့်အထက် သက်တော်ရှည် ဆရာတော်ကြီးများ ပူဇော်ပွဲအခမ်းအနားကို ဇွဲစုံကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဧ ဘဒ္ဒန္တစမ္ဘီယအား အမှူးထား၍ တော်ဝင်ကုမ္ပဏီမိသားစုနှင့် စေတနာရှင်များ၊ လှိုင်မြိုနယ် သာသနနုဂ္ဂအသင်းတို့မှ လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

မန္တလေး စက်တင်ဘာ ၄

မန္တလေး ချမ်းမြသာစည်မြိုနယ် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြိုနယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်၊ ရပ်ကွက်စာကြည့်တိုက်၊ ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်စာစောင်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြိုနယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းမြသာစည်မြိုနယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဝေက စာအုပ်စာစောင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း ပြောကြားသည်။ မြိုနယ်ပညာရေးမှူး ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **ခင်ခင်ဝင်း(ပညာရေး)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

ကြော်ငြာချက်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခုနှစ် ဘုရားပွဲခေတ်ကာလအတွင်း သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၆-၉-၂၀၁၆ ရက် ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၇-၉-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပွဲတော်ကာလတွင် သိမ်းဆည်းထားသည့် ရွှေရိုက်များ

(က) ရွှေလှောင်စက္ကူ (၁ $\frac{1}{2}$ တင်းအိတ်)	၁၃၂ အိတ်
(ခ) သုတ်ဖတ်	၃၃၉ လုံး
(ဂ) ကန်မြေ (မြေခွံအိတ် $\frac{1}{2}$ အိတ်)	၂၂ ပိုင်း
(ဃ) မြောင်းမြ(မြေခွံအိတ် $\frac{1}{2}$ အိတ်)	၆ ပိုင်း

ကျောက်လုံးတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူသည့်လုပ်ငန်းမှရရှိသည့် ရွှေရိုက်များ

(က) ရွှေလှောင်စက္ကူ (၁ $\frac{1}{2}$ တင်းအိတ်)	၁၈ ပိုင်း
(ခ) သုတ်ဖတ် (ပလတ်စတစ်ကြွပ်ကြွပ်အိတ်)	၁၈ ထုပ်
(ဂ) ရွှေမှန်ရောရာသစ်စေးသရိုးဖတ်	၁ ပိသာခန့်
(ဃ) ရွှေပန်းချီအဝတ်၊ ပုဆိုး(မြေခွံအိတ်)	၁ ထုပ်

ကျိုက်ထီးရိုးစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့

တေဇ(၂၁)၏ (၂၂)နှစ်မြောက် နှစ်ပတ်လည်အလှူ
ဖိတ်ကြားခြင်း

တေဇ(၂၁)၏(၂၂)နှစ်မြောက် နှစ်ပတ်လည်နေ့အလှူ မိသားစု ညစာစားပွဲနှင့် ဂေါက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မိသားစုများနှင့်အတူ တကွ ကြွရောက်နိုင်ပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်-

(၁) **နေ့ရက်** - ၁၀-၉-၂၀၁၆ရက်(စနေနေ့)
အချိန် - နံနက် ၇း၀၀နာရီ
နေရာ - တပ်မတော်ဂေါက်ကွင်း

(၂) **နေ့ရက်** - ၁၁-၉-၂၀၁၆ရက်(တနင်္ဂနေနေ့)
အချိန် - နံနက် ၈း၃၀နာရီ
နေရာ - ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မရမ်းကုန်း၊ ရန်ကုန်မြို့
အချိန် - ညနေ ၆း၀၀နာရီ
နေရာ - M3 Food Center ဗဟန်းအားကစားဝင်းအတွင်း (တော်လှန်ရေးပန်းခြံရှေ့)

တေဇ(၂၁)သာရေး/နာရေးကော်မတီ

ရွေးချယ်တင်မြှောက်ပွဲအတွက်
အသင်းသားများနှစ်စဉ်ကြေးပေးသွင်းရမည့်ရက်
ထပ်မံတိုးမြှင့်သတ်မှတ်ခြင်း

၂၀၁၆ခုနှစ် စက်တင်ဘာ ၁၇ရက်တွင် ကျင်းပမည်ဖြစ်သော ကုန်သည်စက်မှုအသင်းချုပ်၏ ရွေးချယ်တင်မြှောက်ပွဲတွင် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရန် အဆိုပြုလျှောက်ထားသူများနှင့် ဆန္ဒမဲပေးမည့် အသင်းသားများ အချိန်မီသက်တမ်းတိုးနိုင်ရန် နှစ်စဉ်ကြေးနောက်ဆုံးထား ပေးသွင်းရမည့်ရက်ကို ၉-၉-၂၀၁၆ရက်(သောကြာနေ့)အထိ ထပ်မံတိုးမြှင့်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်پို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ဝ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ဝ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀ဝ+အရည်အချင်းလစာ ၄၀၀ဝ+ M.H.R.A ၁၀၀၀ဝ=၁၈၄၀၀ဝ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

	အဆင့်အတန်း	**အခြေခံ လစာ**	**အရည်အချင်း လစာ**	**M.H.R.A**	**ပေါင်း**
(က)	တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၁၇၀၀၀ဝ	၆၀၀ဝ	၁၀၀၀ဝ	၁၈၆၀၀ဝ
(ခ)	တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း)	၁၇၀၀၀ဝ	၈၀၀ဝ	၁၀၀၀ဝ	၁၈၈၀၀ဝ
(ဂ)	ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ)	၂၀၀၀၀ဝ	၈၀၀ဝ	၁၀၀၀ဝ	၂၁၈၀၀ဝ
(ဃ)	အရာခံဗိုလ် (စာရေး/ကွန်ပျူတာ)	၂၁၅၀၀ဝ	၈၀၀ဝ	၁၀၀၀ဝ	၂၃၃၀၀ဝ

